ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ (12-3-2014) (၇၇၇၂)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ

ထားဝယ် မတ် ၁၁

ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် မြိတ်မြို့တွင် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးဌေးအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် မြိတ်မြို့မှ ထားဝယ်မြို့သို့ရောက်ရှိသည်။

ထို့နောက် ထားဝယ်မြို့တော်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိမိတို့သည် ထားဝယ်ဒေသအပါအဝင် တနင်္သာရီတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ဒေသခံပြည်သူလူထု၏ လိုအပ်ချက်များကိုသိရှိပြီး ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒေသခံများ၏ လိုအပ်ချက်များအားချက်ချင်းဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအား ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သုံးနှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို ဒေသခံပြည်သူလူထုအနေဖြင့် သိရှိပြီးဖြစ်ပါကြောင်း၊ ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများ၏ အမျိုးမျိုးသော ဆန္ဒသဘောထားများကိုလည်း ကြားသိလိုပါကြောင်း၊ နိုင်ငံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေးစိတ်ဝင်စားသူတိုင်း နိုင်ငံရေးကို လွတ်လပ်စွာဆောင်ရွက်နိုင်ပါကြောင်း၊ စီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲမှုတွင် ဗဟိုချုပ်ကိုင်မှုစနစ်မှ ပွင့်လင်းမြင်သာမှုရှိသည့် ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိပြီး အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❏

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးမြို့တော်ဝန်ရေကစားမဏ္ဍပ်ကို ဤသို့ ကြိုတင်ပြင်ဆင်ဆောက်လုပ်နေစဉ်။

မန္တလေးမဟာသင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်

မန္တလေး မတ် ၁၁

မြန်မာလူမျိုးများ၏ ၁၂ လရာသီပွဲတော်များအနက်မှ လူငယ်များသာမက လူလတ်ပိုင်း၊ လူကြီးပိုင်းများကပါ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြသည့် ပွဲတော်ကြီးသည် မဟာအတာသင်္ကြန် သို့မဟုတ် ရေပက်ရာသီပွဲတော်ကြီးပင်တည်း။ ဤမဟာအတာသင်္ကြန်ပွဲတော်ကြီးကို မြန်မာတစ်နိုင်ငံလုံး ဆင်းရဲချမ်းသာ လူမျိုးမရွေး ဘာသာမရွေး၊ အဆင့်အတန်း မခွဲခြားဘဲ ပါဝင်ရေပက်ကစားကြသော ပွဲတော်ကြီးလည်း ဖြစ်ပေသည်။ ယခုအခါ ဤပွဲတော်ကြီးကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရန် ရေပက်မဏ္ဍပ်များ အပြိုင်အဆိုင်ကြိုတင်ပြင်ဆင်နေကြပြီဖြစ်သည်။ ၁၃၇၅ ခုနှစ် မန္တလေးမဟာသင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရေပက်မဏ္ဍပ်များ တည်ဆောက်မည်ဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်လမ်းများဖြစ်သော ကျုံးတောင်ဘက် ၂၆ ဘီလမ်း၊ ကျုံးအရှေ့ဘက်(၆၆)လမ်းနှင့် ကျုံးအနောက်ဘက် လမ်း(၈၀)နှင့် မန္တလေးမြို့ ကန်တော်ကြီး အပါအဝင် မန္တလေးမြို့တွင်း အလှပြမဏ္ဍပ်များ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ မန္တလေးမဟာသင်္ကြန်ပွဲတော်ကြီးကို ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များပါ လာရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

ကြေးမုံစာတည်းရှုထောင့် ၁၂-၃-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

သံသရာခရီးသွား

လူသားအားလုံးသည် လောကသံသရာတွင် ကျင်လည်ကျက်စား၊ သွားလာလှုပ်ရှားနေသူများဖြစ်ပါ၏။ ထိုသို့ သွားလာလှုပ်ရှားရင်းဖြင့်ပင် မိမိဘဝကောင်းကျိုး၊ မိမိလောက ကောင်းကျိုးများကို ပြုကြပါသည်။ သို့သော် လူတို့သည် သာမန်ပုထုဇဉ်သာဖြစ်၍ သံသရာခရီးသွားနေစဉ် လုပ်မှားကိုင်မှား၊ ပြောမှားဆိုမှားပြုမိတတ်ကြသည်မှာ အလေ့အထလို ဖြစ်နေသလို အမှားသံသရာသို့ ရောက်သွားတတ်ကြပုံကိုလည်း အထူးသတိပြုကြရမည်ဖြစ်သည်။

လုပ်မှားကိုင်မှား၊ ပြောမှားဆိုမှား ပြုမူမိခြင်းသည် ယခုဘဝတွင်သာမက နောင်သံသရာတွင်ပါ ကြီးစွာပူပန်ရတတ်သည်ကို တရားတော်တွင် ဆိုထားရာ ရှေးကလူအများ အထူးစောင့်ထိန်းကြသည်ကို တွေ့ရပါ၏။ မျက်မှောက်ကာလတွင် ယင်းအမှုကိစ္စများကို အလွယ်တကူ ကျူးလွန်တတ်လာသည်ကို တွေ့ရှိနေရာ သံသရာအတွက် စိတ်အေးရစေရန် ကာယကံမှု၊ ဝစီကံမှုများကို သတိထားဆင်ခြင် စောင့်ထိန်းကြရန် တိုက်တွန်းအပ်ပါသည်။

ကျွန်ုပ်တို့သည် အန္ဓပုထုဇဉ်များသာဖြစ်၍ အမှားလုပ်မိတတ်ပါသည်။ အမှားမပြုမိအောင် ထိုမှတစ်ဆင့်တက်၍ ကလျာဏပုထုဇဉ်များဖြစ်အောင် ကြိုးပမ်းအားထုတ်သင့်ပါသည်။ အလုပ်မှား လုပ်မိခဲ့။ တစ်ဦးနှင့်တစ်ဦး ထိခိုက်နစ်နာအောင် လုပ်မိခဲ့သော အကျိုးဆက်သည် သူတစ်ဦးတစ်ယောက်သာ ထိခိုက်နစ်နာ အကျိုးပျက်စီးစေသည်မဟုတ်ပါ။ နစ်နာအောင်ပြုသူသည်လည်း တူသောအကျိုးပေးကို အနေးနှင့်အမြန် မလွဲဧကန်ခံစားရသည်ဟု ကျမ်းဂန်ဇာတ်တော်များတွင် အထင်အရှားပြဆိုထားပါသည်။

အထူးသဖြင့် ဘာသာတရားတွင် အမှားလုပ်မိခဲ့ပါက ကြီးစွာသော ဆင်းရဲဒုက္ခသို့ ရောက်တတ်လေသည်။ သာဓကအားဖြင့် မြတ်စွာဘုရားရှင် လက်ထက် ဗိမ္ဗိသာရမင်းကြီး ခြေဖဝါးကို ဓားခွဲခံရသောဖြစ်စဉ်သည် တစ်ခါသောဘဝက ဘုရားကျောင်း ပန်းတင်ခုံတွင် မရိုမသေ ပေ့ါပေ့ါဆဆ ဖိနပ်စီးမိသဖြင့် ထိုကဲ့သို့ ခံရခြင်းဖြစ်သည်။ ကဿပဘုရားလက်ထက် ဘုရားလောင်း ပုဏ္ဏားလုလင်ဘဝတွင် ပညာမာနအမှားတစ်ခုကို ပြုမိခဲ့သောကြောင့် ယခု ဂေါတမဘုရားလက်ထက်တွင် ဘုရားဖြစ်ရန် ဒုက္ကရစရိယပြင်းထန်သော အကျင့်ကို ခြောက်နှစ်တိုင် ကျင့်ခဲ့ရလေသည်။

အမှားပြုမိသည်ဆိုရာတွင် ဘုရားရဟန္တာပုဂ္ဂိုလ်မြတ်တို့သာမက တစ်စုံတစ်ဦးကိုလည်း ထိခိုက်နစ်နာအောင် မပြုမူသင့်ပေ။ မိမိတို့ ယခုဘဝတွင် အပျော်အပျက်ဖြစ်စေ၊ ပေ့ါပေ့ါဆဆဖြစ်စေ၊ တမင်ကြံရွယ်၍ဖြစ်စေ တစ်ပါးသူအား ထိခိုက်နစ်နာအောင် မပြုမူမိဖို့လိုအပ်ပေသည်။ အထူးသဖြင့် မြင့်မြတ်သော ပုဂ္ဂိုလ်များ၊ ဘုရား၊ ရဟန္တာ၊ ပုဂ္ဂိုလ်မြတ်တို့ကို မစော်ကားမိဖို့ အထူးဂရုပြုကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ဘာသာတရားအားနည်း၍ဖြစ်စေ၊ ကိုယ်ကျင့်တရား ခေါင်းပါး၍ ဖြစ်စေ၊ ဒေါသ၊ မာန၊ လောဘတရားတို့အား ကြီး၍ဖြစ်စေ၊ အပျော်အပျက် ပေ့ါပေ့ါတန်တန်ပြုမူတတ်၍ဖြစ်စေ ထိုကဲ့သို့သော အမှားမျိုးကို ကျူးလွန်တတ်သည်ကိုတွေ့မြင်နေရပါသည်။ ဘုရားရဟန္တာတို့ကို ပြုမူကျူးလွန်ခြင်းထက် လူလူချင်း အလွယ်တကူစော်ကားမော်ကားပြုမူတတ်ကြလေသည်။

မြင့်မြတ်သော ပုဂ္ဂိုလ်တို့ကို စော်ကားမော်ကားပြုမူခြင်းသည် အပြစ်အရာတွင် ကြီးမားတတ်သလို အခြားသက်ရှိတို့အပေါ်တွင် ကျူးလွန်ကြံစည်မိပါက အပြစ်သည် အချည်းအနှီးမဖြစ်ဘဲ သူ့နေရာနှင့်သူ အထိုက်အလျောက် အပြစ်ဖြစ်တတ်ပါသည်။ ယနေ့ခံစားနေရသော မိမိတို့၏ ဒုက္ခသုက္ခနှင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းအပေါင်းတို့သည် မိမိတို့ ပြုမူခဲ့သော အကုသိုလ်ကံ၏ အကျိုးပေးများသာဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မနေမနား ရှည်လျားသည့် သံသရာခရီးကို သွားနေကြသူများဖြစ်ပါသည်။ သံသရာခရီးသည် လူတို့အတွက် ရှည်လျားသည်ဟု ထင်မြင်နိုင်သော်လည်း တိုတောင်းလှပါသည်။ ထိုတိုတောင်းလှသည့် လူ့ဘဝကာလအတွင်း တစ်ဦးနှင့်တစ်ဦးအပေါ်ဖြစ်စေ၊ မြင့်မြတ်သူတို့အပေါ်တွင်ဖြစ်စေ သတိလက်လွတ် မပြုမူမိရန် အရေးကြီးပါသည်။

မျက်မှောက်ကာလမှာ လောဘ၊ ဒေါသ၊ မောဟများ အားကြီးလှပါသည်။ အပျော်အပျက်၊ အမူမဲ့အမှတ်မဲ့များလည်း ပိုကဲလှပါသည်။ တစ်ဦးနှင့်တစ်ဦးလည်း လက်စားချေရန် ထက်သန်လှပါသည်။ ထိုအခါ ပြောမှားဆိုမှား၊ လုပ်မှားကိုင်မှားများ အလွယ်တကူ ပြုမူမိတတ်ပါသည်။ ယင်းသည် မိမိ၏ သံသရာခရီးအတွက် လွန်စွာကြောက်မက်ဖွယ်ကောင်းလှပါသည်။

ထို့ကြောင့် မည်သည့်ဘဝ၊ မည်သည့်အဆင့်အတန်းတွင်မဆို အလွယ်တကူ ကျူးလွန်မိတတ်သော သံသရာခရီးသွားများ၏ ပြောမှားဆိုမှား၊ လုပ်မှားကိုင်မှားများကို သတိတရားလက်ကိုင်ထား၍ ဆင်ခြင်စောင့်ထိန်းကြပြီး သံသရာခရီးတစ်လျှောက်၌ သံသရာလျှော့ကြီးမှောက်မသွားအောင် အားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

သရေခေတ္တရာရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအကြောင်းအသိပညာပေး

နေပြည်တော် မတ် ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် မတ် ၈ ရက် နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)မှ ဝန်ထမ်းများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပြည်ဌာနစု)မှဝန်ထမ်းများ၊ သရေခေတ္တရာလုပ်ငန်းအဖွဲ့မှ ဝန်ထမ်းများကိုရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)သင်တန်းခန်းမ၌တွေ့ဆုံပြီး သရေခေတ္တရာမြို့ဟောင်း ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများသည် မိမိတို့စွမ်းအားတစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းထက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏အင်အားများ ရယူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ ဆရာ ဆရာမများ အနေဖြင့် ယူနက်စကိုအဖွဲ့ဝင်နိုင်ငံများ၏ ရှေးဟောင်းသုတေသနဆိုင်ရာပညာရပ်များကို အမြဲမပြတ်လေ့လာနေရန်လိုကြောင်း၊ သို့မှသာ မိမိတို့၏သင်တန်းသားများကို ယဉ်ကျေးမှုအကြောင်းနှင့် ရှေးဟောင်းပညာရပ်များအကြောင်း နက်နက်နဲနဲတွေးခေါ်ယူဆသုံးသပ်နိုင်သည်အထိ သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ တူးဖော်ခြင်း၊ သုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်း၊ ခေတ်ကာလခွဲခြားသတ်မှတ်ခြင်းစသည့် ဘာသာရပ်များကို ရက်တို/ရက်ရှည်စသဖြင့် သင်တန်းကာလပေါ်မူတည်ပြီး သင်ကြားပို့ချပေးရန်လိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအကြောင်း စိတ်ပါဝင်စားကြသည့် ပြည်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ပညာရေးကောလိပ်(ပြည်)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(ပြည်)မှ သင်တန်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ကျေးရွာများမှ ပြည်သူများ၊ သရေခေတ္တရာအမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့်ပြတိုက်မှ တာဝန်ရှိသူများကို သရေခေတ္တရာရှေးဟောင်းသုတေသနပြတိုက်၊ သရေခေတ္တရာမြို့ရိုး ရဟန္တာဂူနှင့် ရဟန္တာကန် ဘောဘောကြီးဘုရား၊ လုလင်ကျော်မြို့ဝင်ပေါက်တို့အား မော်တော်ယာဉ်များဖြင့် လှည့်လည်ပြသပြီး မြန်မာနိုင်ငံအတွင်း ရှေးဟောင်းဒေသ ၄၆ ခုကို ဇုန်များသတ်မှတ်ပြီး ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း၊ အဆိုပါဒေသများအနက် သရေခေတ္တရာမြို့ဟောင်းအပါအဝင် ဟန်လင်းမြို့ဟောင်းနှင့် ဗိဿနိုးမြို့ဟောင်းတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြပြီးဖြစ်ကြောင်း၊ ယူနက်စကိုမှလည်း ကျွမ်းကျင်ပညာရှင်များကို မြို့ဟောင်းများသို့စေလွှတ်ကာ စိစစ်ခဲ့ပြီးဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်၊ မဖြစ်ကို ၂၀၁၄ ခုနှစ် ဇွန်လအတွင်း ကာတာနိုင်ငံ၌ကျင်းပမည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံတွင် အဆုံးအဖြတ်ပေးမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ပါက ဒေသခံများအနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့အမွေအနှစ်သည် မိမိတို့ဒေသဖြစ်သည့်အတွက် ဂုဏ်ယူဝင့်ကြွားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသကို ကမ္ဘာကသိရှိပြီး ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ကြမည်ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိလာမည်ဖြစ်ကြောင်း၊ သရေခေတ္တရာမြို့ဟောင်းတွင် ယူနက်စကိုက သတ်မှတ်သည့် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များနှင့်ကိုက်ညီသော အဆောက်အအုံများစွာ ရှိပါကြောင်း၊ ရှေးမြန်မာလူမျိုးများ၏ ဗိသုကာပညာနှင့် ပန်းဆယ်မျိုးအတတ်ပညာများတတ်ကျွမ်းမှုမှာ အံ့မခန်းပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းထိန်းသိမ်းရေးအတွက် နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့် ပြတိုက်၌ကျင်းပသည့် ပျူအမွေအနှစ်ဓာတ်ပုံပြပွဲကို အားပေးကြည့်ရှုပြီး ဓာတ်ပုံပညာရှင်များကို ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၁၁

ရန်ကုန်	ရွှေဈေး	၆၈၁၇၀၀	-	၆၈၂၇၀၀
မန္တလေး	ရွှေဈေး	၆၈၁၅၀၀	-	၆၈၂၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၇၆. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၅၃. ၈
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၉. ၀၀
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၀. ၁၂၄
(င)	မလေးရှား	တစ်ရင်းဂစ်	=	၂၉၇. ၄၃
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆. ၀၂၉
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၄၄. ၉၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၁. ၅၀၆
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	=	၈၈၁. ၅၈
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၆၉. ၄၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

မအီမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်ရှိ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှဟန်နှင့်အတူ မတ် ၁၀ ရက် နံနက်ပိုင်းတွင် မအီမြို့နယ်ခွဲ လမူးမော်ကျေးရွာ၌ ကျေးရွာ ရပ်မိ ရပ်ဖများနှင့်တွေ့ဆုံ၍ သောက်သုံးရေနှင့်လျှပ်စစ်မီးရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များနှင့် နည်းပညာများလည်း ဖြန့်ဖြူးရေး၊ တစ်ဦးချင်းဝင်ငွေရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ အရင်းမပျောက်မတည်ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်များ ထူထောင်ရေးတို့ကို ပြောကြားသည်။

ထို့နောက် လမူးမော်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၀ ရွာ၏ လိုအပ်ချက်များဖြစ်သည့် စာသင်ကျောင်းများအတွက် စာသင်ခုံများ၊ ဆရာ ဆရာမစားပွဲခုံများ၊ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိနိုင်ရေး၊ လျှပ်စစ်တာမံများ ပြုလုပ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကောက်ရိုးတမံကျေးရွာနှင့် မအီမြို့နယ်ခွဲကို လည်းကောင်း၊ ရမ်းဗြဲမြို့နယ် စစ်ပြားကျေးရွာကို လည်းကောင်း ရောက်ရှိပြီး ဒေသလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရမ်းဗြဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ကန်တော့ပြင်ကျေးရွာနှင့် အောင်လှပြင်ကျေးရွာများ၌ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံ၍ ကန်တော့ပြင်ကျေးရွာ မြေသားသောက်ရေကန်တူးဖော်နိုင်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ ရမ်းဗြဲမြို့နယ် အောင်လှပြင်ကျေးရွာအုပ်စုနှင့် မာန်အောင်မြို့နယ် တံတိုင်းကျေးရွာအုပ်စု၊ အုန်းခင်းကျေးရွာအုပ်စု၊ ငပုန်ကုန်းကျေးရွာအုပ်စု၊ ပန်ဖဲ၊ တင်တဲ၊ သစ်ပုံ၊ တောထူ၊ သာယာကုန်း၊ မင်းဆိပ်ပြင်၊ ဘူးရေမျက်၊ မျှော်တော်ဦး၊ ကျီးညို၊ သင်ဝ၊ စအုန်းမော်၊ စမုံတဲနှင့် မောင်းမကန်ကျေးရွာအုပ်စုများအတွင်းရှိ ဒေသဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ရမ်းဗြဲမြို့နယ် ဗောဓိကျေးရွာ၊ ကုန်ဘောင်၊ ဖုန်းဆိုးပြင်၊ ဆယ်ခုံ၊ ခွဆုံ၊ ရွာကြီး၊ ဇင်ချောင်း၊ ကလန်းတဲ၊ စနဲ၊ မင်းရပ်၊ ကင်းမြောက်နှင့် သံချောင်းကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများအတွက် ပညာရေး၊ ကျန်းမာရေးနှင့်သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် သစ်သားတံတား ဖောက်လုပ်နိုင်ရေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓနုတိုင်းရင်းသားများ နေပြည်တော်စံပြစိုက်ကွင်းများ ကြည့်ရှုလေ့လာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၁၁

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (ရွာငံ၊ နောင်ချို၊ ပင်းတယ၊ တောင်ကြီး) မြို့နယ်များမှ ဓနုတိုင်းရင်းသားများသည် ယနေ့နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာအနီးရှိ တောင်သူပညာပေး စံပြစိုက်ကွင်းများသို့ လာရောက်လေ့လာရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နေပြည်တော်၌ စက်မှုလယ်ယာစနစ် စီးပွားဖြစ်စိုက်ကွင်းများ ထူထောင်စိုက်ပျိုးနေမှုများနှင့် ဂျပန်၊ ကိုရီးယား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံများသို့ ဆန်စပါးနှင့် ဈေးကွက်ဝင်ဟင်းသီးဟင်းရွက် သစ်သီးဝလံအမယ်စုံကို စီးပွားဖြစ် တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ဂျပန်မူရင်းမျိုး ကန်စွန်းစိုက်ခင်းများနှင့် ပိန်းစိုက်ခင်းများ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များကို အအေးခန်းစနစ်ဖြင့် ထိန်းသိမ်းသိုလှောင်ထားမှု၊ နွားခြံ၊ ပိန်းနှင့် ဂျုံးမြစ်ရောနှောစိုက်ခင်း၊ ကညွတ်စိုက်ကွင်းများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ကန်စွန်းဥ၊ ပိန်းဥ၊ ဂျုံးမြစ်များ ထိန်းသိမ်းသိုလှောင်ရန် အအေးခန်းတည်ဆောက်နေမှု၊ ခေတ်မီလယ်ယာသုံး ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များနှင့် ဘက်စုံသုံးလက်တွန်းထွန်စက်များကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ဧက ၄၄၀ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့ဝင်များသည် စပါးများမျိုးသန့်မျိုးပွားစိုက်ခင်းမှ ရိတ်သိမ်းပြီးစီးမှုနှင့် စပါးပျိုးခင်းရွှေ့ပြောင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဥတ္တရသီရိမြို့ စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စိုက်ခင်းရှိ သဘော်စိုက်ခင်း၊ နာနတ်စိုက်ခင်း၊ ခရမ်းသီးစိုက်ခင်း၊ ဖရဲသီးစိုက်ခင်း၊ သခွားမွှေးစိုက်ခင်း၊ ကညွတ်စိုက်ခင်း၊ ဖရုံစိုက်ခင်း၊ ကြံစိုက်ခင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာသံအမတ်ကြီး ဦးဝင်းလှိုင် သံအမတ်ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

နေပြည်တော် မတ် ၁၂

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝင်းလှိုင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် မတ် ၆ ရက်တွင် ဟနွိုင်းမြို့၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရွန်တန်စန်း ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်း သံအမတ်ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

နေပြည်တော် မတ် ၁၂

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် မတ် ၅ ရက်တွင် လန်ဒန်မြို့၌ နေသဟာယနိုင်ငံတို့၏ နာယက၊ ယူနိုက်တက်ကင်းဒမ်း၊ မြောက်အိုင်ယာလန်နှင့် ၎င်းစိုးပိုင်သည့် အခြားနယ်ပယ်များအရှင် ဒုတိယမြောက် အယ်လဇဘက်ဘုရင်မထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက် ထုတ်ပြန်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E&P) သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် AD-7 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV RAMFORM EXPLORER ဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ မတ် ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

သို့ရာတွင် အဆိုပါလုပ်ကွက် AD-7 တွင် တိုင်းတာရေးရေယာဉ်၏ တိုင်းတာရေးပစ္စည်းကိရိယာချွတ်ယွင်းမှုကြောင့် တိုင်းတာရေးလုပ်ငန်းများ နှောင့်နှေးခဲ့ပြီး အချိန်မီပြီးစီးနိုင်ခြင်း မရှိသည့်အပြင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းပမာဏ တိုးချဲ့ဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၅၉ ဒသမ ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၁ မိနစ် ၄၆ ဒသမ ၉၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ် ၃၆ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၅ မိနစ် ၂၀ ဒသမ ၂၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၂ မိနစ် ၀၄ ဒသမ ၉၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၆ မိနစ် ၅၀ ဒသမ ၃၁ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၈ မိနစ် ၃၇ ဒသမ ၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၂ မိနစ် ၁၅ ဒသမ ၄၂ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၃ မိနစ် ၁၅ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၈ မိနစ် ၂၀ ဒသမ ၃၃ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၀၇ ဒသမ ၄၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၆ မိနစ် ၂၉ ဒသမ ၉၆ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၅၀ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၃ မိနစ် ၂၂ ဒသမ ၅၁ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၅၂ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၅ မိနစ် ၃၂ ဒသမ ၀၅ စက္ကန့်အတွင်းတွင် တိုင်းတာရေးရေယာဉ် MV RAMFORM EXPLORER ဖြင့် ၂၀၁၄ခုနှစ် မတ် ၁၀ ရက်မှ မတ် ၂၄ ရက်အထိ သက်တမ်းတိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင် 3D Marine Seismic Acquisition Survey တိုးချဲ့တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV RAMFORM EXPLORER ဖြင့်သက်တမ်းတိုးမြှင့်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

UNIQUE STAR TRAVELS & TOURS
Apr 8,12 (5,000,000)
Apr 6 (8,000,000)
Apr 9,11 (4,200,000)
Apr 11 (4,000,000)
Apr 11,12 (3,100,000)
Apr 12,13 (3,500,000)
Apr 12 (2,200,000)
Apr 12 (2,500,000)
Apr 12 (1,600,000)
Apr 12 (1,700,000)
Apr 13 (1,800,000)
Apr 13 (1,800,000)
Apr 13 (1,650,000)
Every Sat (350,000)
Every Sat (250,000)
Dream World, Safari World, Grand Palace, Koh Larn island, Noang Nooch Garden, Alcazar Show, Tiger Zoo, Baiyoke Sky Dinner
Apr 8,9,10,11,12,13,19 (250,000)

ဒုတိယမြောက် နျူကလီးယားစက်ရုံ တည်ဆောက်ရေး အီရန်နှင့်ရုရှား ဆွေးနွေးပွဲကျင်းပမည်

မော်စကို မတ် ၁၁

အီရန်နိုင်ငံ၌ ဒုတိယမြောက် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် ရုရှား အဏုမြူစွမ်းအင်အေဂျင်စီမှ အထက်တန်းတာဝန်ရှိသူတစ်ဦးသည် မြို့တော်တီဟီရန်သို့ မတ် ၁၁ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယားဓာတ်အားစက်ရုံကို ရုရှားနိုင်ငံကပင် တည်ဆောက်ပေးခဲ့သည်။ အီရန်နိုင်ငံ၏ ပင်လယ်ကွေ့ဒေသရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဘူရှီးမြို့၌ အဆိုပါစက်ရုံတည်ရှိပြီး လွန်ခဲ့သည့် စက်တင်ဘာလတွင် ယင်းစက်ရုံကို အီရန်အင်ဂျင်နီယာများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဘူရှီးမြို့၌ ဒုတိယမြောက် နျူကလီးယားဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန်ရှိကြောင်း မြို့တော်မော်စကို၌ အီရန်နိုင်ငံ သံအမတ်ကြီးက လွန်ခဲ့သည့်လတွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက နျူကလီးယားစက်ရုံတည်ဆောက်ပေးခြင်းဖြင့် အပြန်အလှန်အားဖြင့် အီရန်နိုင်ငံထံမှ ရေနံရရှိမည်ဖြစ်ပြီး ယင်းသဘောတူညီချက်နှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများက နှစ်သက်လိုလားကြခြင်းမရှိပေ။ အီရန်နိုင်ငံ၏ ရေနံလုပ်ငန်းကဏ္ဍကို အနောက်အုပ်စုက စီးပွားရေးဒဏ်ခတ်မှုပြုလုပ်ရာတွင် နောက်ဆက်တွဲ အရှုပ်အထွေးများ ဖြစ်ပေါ်လာနိုင်မည်ဟုဆိုသည်။

ရုရှားအဏုမြူစွမ်းအင်အေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် နီကိုလိုင်စပါကီးသည် တီဟီရန်သို့ မတ် ၁၁ ရက်တွင်ရောက်ရှိလာမည်ဖြစ်ပြီး နျူကလီးယားစက်ရုံသစ် တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သည်။ **ပီတီအိုင်။**

အီရန်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

နိုင်ငံတော်အလံ ပြောင်းလဲလိုခြင်း ရှိ၊ မရှိ နယူးဇီလန်၌ ဆန္ဒခံယူပွဲ ပြုလုပ်ဖွယ်

ဝယ်လင်တန် မတ် ၁၁

နိုင်ငံတော်အလံအား ပြောင်းလဲလိုခြင်း ရှိ၊ မရှိ သဘောထားဆန္ဒတောင်းခံမည့် လူထုဆန္ဒခံယူပွဲတစ်ရပ်ကို လာမည့်သုံးနှစ်အတွင်း ပြုလုပ်ဖွယ်ရှိကြောင်း နယူးဇီလန် ဝန်ကြီးချုပ်ဂျွန်ကီးက မတ် ၁၁ ရက်တွင် ပြောကြားသည်။

နိုင်ငံတော်အလံပြောင်းလဲရေး အဆိုပြုချက်ကို ပါလီမန်အမတ်များက စဉ်းစားသုံးသပ်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကီးက ပြောကြားသည်။

စက်တင်ဘာလ၌ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် လက်ရှိအစိုးရအဖွဲ့ ပြန်လည်ရွေးချယ်ခံရခြင်း အပေါ်မူတည်ကာ အစိုးရက ယင်းအဆိုပြုချက်ကို ပါလီမန်သို့ တင်သွင်းမည်ဖြစ်သည်။

နိုင်ငံတော်အလံ ဒီဇိုင်းပုံစံပြောင်းလဲရန် ပြည်သူများက မဲပေးဆုံးဖြတ်နိုင်ကြောင်း ဝယ်လင်တန်မြို့ရှိ ဝိတိုရိယ တက္ကသိုလ်၌ မိန့်ခွန်းပြောကြားရာတွင် ဝန်ကြီးချုပ်ကီးက ဖော်ပြသည်။

နယူးဇီလန်နိုင်ငံ၏ လက်ရှိနိုင်ငံတော်အလံမှာ ယူနီယံဂျက်အမှတ်သင်္ကေတပါဝင်နေပြီး ကိုလိုနီနယ်မြေအဖြစ် ကာလရှည် ရှုမြင်ခံခဲ့ရသဖြင့် အလံတော်ပြောင်းလဲရန် လိုအပ်မည်ဖြစ်သည်။ စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးသော နယူးဇီလန်နိုင်ငံ၌ ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ လာမည့်ပါလီမန် သက်တမ်းအတွင်း လူထုဆန္ဒခံယူပွဲ ကျင်းပရန် မျှော်မှန်းသည်။ **ပီတီအိုင်။**

အပေါ်ဝဲဘက်ထောင့်စွန်း၌ ယူနီယံဂျက်သင်္ကေတ ပါဝင်ပြီး ကြယ်လေးလုံးခြံရံထားသော နယူးဇီလန် နိုင်ငံတော်အလံကို တွေ့ရစဉ်။

ဘင်္ဂလားဒေ့ရှ်တွင် ရထားနှင့်မီနီဘတ်စ်တိုက်မိ လူလေးဦးသေဆုံး ၁၂ ဦးကျော်ဒဏ်ရာရ

ဒါကာ မတ် ၁၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း ဆိပ်ကမ်းမြို့ စစ်တကောင်း၌ မီးရထားတစ်စင်းနှင့် မီနီဘတ်စ်တစ်စီး တိုက်မိရာ လူလေးဦးထက်မနည်းသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာအရှေ့တောင်ဘက် ၂၄၂ ကီလိုမီတာကွာဝေးသော စစ်တကောင်းမြို့၌ မတ် ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်က အဆိုပါမတော်တဆမှုဖြစ်ပွားကြောင်း၊ ဖြစ်စဉ်တွင် လူ ၁၂ ဦးကျော်ဒဏ်ရာများရရှိသွားကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

မီနီဘတ်စ်ကားပေါ်တွင် လိုက်ပါလာသူအများစုမှာ အထည်ချုပ်စက်ရုံ အလုပ်သမားများဖြစ်ပြီး နံနက်ခင်း အလုပ်ချိန်ဝင်ရောက်ရန် သွားရောက်ကြသူများဖြစ်သည်။

အဆိုပါ မီးရထားမှာ မြို့တော်ဒါကာသို့ ဦးတည်ခုတ်မောင်းလာခြင်းဖြစ်ပြီး အစောင့်မရှိသော ကား၊ ရထားလမ်းဆုံရှိ ရထားလမ်းကူးတွင် မီနီဘတ်စ်နှင့် ဝင်တိုက်မိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ။**

အီရန်သည် သူတော်ကောင်းအဖြစ် ဟန်ဆောင်နေသည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟု ဝေဖန်

တဲလ်အဗစ် မတ် ၁၁

နိုင်ငံတကာလူ့အဖွဲ့အစည်းအနေဖြင့် အီရန်နိုင်ငံအား သူတော်ကောင်းနိုင်ငံအဖြစ် ရှုမြင်နေကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ရာဟုက စွပ်စွဲပြောကြားလိုက်ကြောင်း မတ် ၁၀ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံလုပ် ဒုံးလက်နက်များအား ဂါဇာကမ်းမြောင်ရှိ စစ်သွေးကြွများထံ အီရန်နိုင်ငံက ပေးပို့ခဲ့မှုကို အစ္စရေးစစ်ဘက်က ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းအပေါ် ရည်ညွှန်းကာ အစ္စရေးဝန်ကြီးချုပ်က ဝေဖန်ပြောကြားခြင်း ဖြစ်သည်။ လွန်ခဲ့သည့်ရက်သတ္တပတ်က ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲ ကက်သရင်းအက်ရှ်တန်က တီဟီရန်မြို့သို့သွားရောက်ကာ အီရန်ခေါင်းဆောင်များနှင့် ရင်းနှီးနွေးထွေးစွာ ဆက်ဆံခဲ့မှုအား အစ္စရေးဝန်ကြီးချုပ်က ဝေဖန်ရှုတ်ချလိုက်သည်။

ဆီးရီးယားလုပ်ဒုံးကျည်များအား သင်္ဘောဖြင့် တင်ပို့မှုတွင် ပါဝင်ပတ်သက်သည်ဟူသော စွပ်စွဲချက်ကို အီရန်နိုင်ငံက ယုတ္တိမတန်သော လိမ်ညာမှုအဖြစ် ပြောကြားကာ ပယ်ချခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ဖြစ်သည့် ဟားမားစ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ယင်းစွပ်စွဲချက်မှာ ဆင်ခြင်တုံတရားမရှိသော ဟာသတစ်ခုဖြစ်ကြောင်း ဆိုခဲ့သည်။

အစ္စရေးရေတပ်က ပနားမားအလံလွှင့်ထူထားသော ကလော့စ်အမည်ရှိ ကုန်တင်ရေယာဉ်တစ်စင်းကို ဆူဒန်နိုင်ငံ ကမ်းလွန် ပင်လယ်နီရေပြင်အတွင်း လွန်ခဲ့သည့်ဗုဒ္ဓဟူးနေ့တွင် ဖမ်းဆီးမိခဲ့ပြီး ရေယာဉ်ပေါ်၌ သယ်ဆောင်လာသည့် အမ်-၃၀၂အမျိုးအစား တာတိုပစ်ဒုံးကျည်များ ဒါဇင်နှင့်ချီ၍ သိမ်းမိခဲ့သည်။ ယင်းဒုံးကျည်များသည် ကီလိုမီတာ ၁၅၀မှ ၂၀၀(၉၃မိုင်မှ ၁၂၄မိုင်)ခရီးတာအကွာအဝေးသို့ ပစ်လွှတ်နိုင်သည်ဟုဆိုသည်။ **ဘီဘီစီ။**

တာတိုပစ်ဒုံးကျည်များ တင်ဆောင်လာသော ကုန်တင်ရေယာဉ်ကို အစ္စရေးရေတပ်က ဖမ်းဆီးထားစဉ်။

ဒါဖာဒေသ၌ အကြမ်းဖက်မှုများကြောင့် တိုက်ခိုက်မှုအသစ်များ ဖြစ်ပွားနိုင်

ကုလသမဂ္ဂ မတ် ၁၁

ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများ တစ်ရှိန်ထိုးမြင့်တက်လာခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းအတွင်း လူဦးရေ ၅၀၀၀၀ ခန့်မှာ ၎င်းတို့နေအိမ်များမှ ပြောင်းရွှေ့ထွက်ခွာခဲ့ရကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားသည်။

ယင်းသို့ အကြမ်းဖက်မှုများ ဖြစ်ပွားရာဒေသသို့ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များနှင့် အကူအညီပေးရေး အေဂျင်စီများအား ဝင်ရောက်ရေးကို ဟန့်တားထားကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးအဖွဲ့ အကြီးအကဲ နာဗီပီလေးက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ၏ အများစုသည် ယင်းဒေသရှိ ပြိုင်ဘက်အာရပ်မျိုးနွယ်စုများအကြားတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်များ၌ ဆူဒန်အစိုးရတပ်ဖွဲ့နှင့် သူပုန်အဖွဲ့များလည်း ပါဝင်ပတ်သက်ကြောင်း သတင်းတွင် ဖော်ပြသည်။ ဆူဒန်နိုင်ငံ ဒါဖာဒေသပဋိပက္ခသည် သူပုန်များ လက်နက်ကိုင်စွဲချိန် ၂၀၀၃ ခုနှစ်ကတည်းကပင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဒါဖာဒေသပဋိပက္ခကြောင့် ဒေသခံပြည်သူ နှစ်သန်းခန့်မှာ ၎င်းတို့၏အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

ဒါဖာဒေသရှိ လူမည်းအာဖရိကတိုင်းရင်းသားများ အပေါ် မျိုးတုံးသတ်ဖြတ်မှုစွဲချက်များဖြင့် ဆူဒန်သမ္မတ အိုမာအယ်လ်ဘာရှားအား နိုင်ငံတကာ ရာဇဝတ်ပြစ်မှုဆိုင်ရာခုံရုံးက ဖမ်းဝရမ်း ထုတ်ပြန်ထားခဲ့ပြီးဖြစ်သည်။ ဆူဒန်သမ္မတ ဘာရှားကမူ ယင်းစွဲချက်အား ငြင်းဆိုခဲ့သည်။ **ဘီဘီစီ။**

ပြည်တွင်းရေးရာ

✻ ရခိုင်ပြည်နယ်မှ

လူမှုရေးသိပ္ပံ သုတေသနလုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focus Group Discussion)၊ တစ်ဦးချင်းစီအား အသေးစိတ်မေးမြန်းခြင်း (In-depth Interview)နှင့် ကွင်းဆင်းလေ့လာမှုပြုလုပ်ခြင်း (Field Observation) လုပ်ငန်းစဉ်များကို စနစ်တကျ ပြုလုပ်ခဲ့ကြောင်း၊ ဘက်လိုက်မှုကင်းကင်းဖြင့် ထင်သာမြင်သာရှိအောင် ဆောင်ရွက်ခဲ့ကြောင်း"ဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁၀)ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန၌ ကျင်းပသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ယခု အစီရင်ခံစာသည် မည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) မည်သည့်အဖွဲ့အစည်းကိုမှ အပြစ်တင်ရန် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံအတွင်း သဟဇာတဖြစ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန်အလို့ငှာ ရေးသားပြုစုထားခြင်းဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့တွင် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ပြီး အစီရင်ခံစာပြုစုရန်အတွက် လိုအပ်သည့် မှုခင်းဆေးပညာနှင့် တရားဥပဒေဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ (Forensics Experts)၊ သုတေသနအထောက်အကူပြုအဖွဲ့များနှင့် ဒေသန္တရဘာသာဗေဒ ကျွမ်းကျင်သူများ၏ အကူအညီများဖြင့် မြေပြင်သတင်းအချက်အလက်များကို ဘက်လိုက်မှုကင်းကင်း သမာသမတ်ကျကျ ကောက်ယူနိုင်ရေးအတွက် ကြိုးစားခဲ့ကြကြောင်း၊ အဆိုပါကောက်ယူရရှိသည့် သတင်းအချက်အလက်များကို စိတ်ခံစားမှုအရ ရှေ့တန်းမတင်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ပြီး ဝေဖန်ဆန်းစစ်ခဲ့ကြောင်း"ဖြင့် ၎င်းက ဆက်လက်ပြောကြားသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန် (နိုင်ငံတကာဥပဒေပညာရှင်)က "ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည်ဆိုပါက တောင်းဆိုမှုတစ်ခုခုပြုလုပ်မည်ဖြစ်ကြောင်း၊ သေဆုံးသည်ဟု ဆုံးဖြတ်ချက်ချရန်မှာလည်း သေဆုံးသည့် အထောက်အထားမတွေ့ရသည့်အတွက် ယနေ့အထိ ပျောက်ဆုံးသည်ဟုသာ မှတ်ချက်ချလိုကြောင်း၊ ထို့ပြင် ဒေသခံတစ်ဦးက မိသားစုဝင်တစ်ဦး သေဆုံးခဲ့သည်ဟု ပြောဆိုခဲ့သည့်ဖြစ်စဉ်တွင် ထိုသူမှာ မောင်တောရဲစခန်းတွင် ထိန်းသိမ်းခံထားရခြင်းဖြစ်ပြီး သေဆုံးခြင်းမဟုတ်ကြောင်း၊ ဒုချီးရားတန်း အနောက်ကျေးရွာ မီးလောင်မှုတွင် ပထမမီးလောင်သော နေအိမ်နှင့် ဒုတိယမီးလောင်သော နေအိမ်တို့သည် အကွာအဝေးအားဖြင့် ကိုက် ၂၀၀ ခန့် ကွာဝေးသဖြင့် နိုင်ငံရေးရည်ရွယ်ချက်တစ်ရပ်ဖြင့် တိုက်ခိုက်လိုသည့် အဖွဲ့အစည်းတစ်ခု၏ ရှို့မီးသာ ဖြစ်နိုင်ခြေရှိကြောင်း၊ မီးလောင်ချိန်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေး တာဝန်ရှိသူများက သွားရောက်ကူညီငြိမ်းသတ်ပေးသည်ကိုလည်း ဓာတ်ပုံမှတ်တမ်းများအရ သိရှိခဲ့ရပါကြောင်း၊ ပစ္စည်းပျောက်ဆုံးမှုများနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာခဲ့ရာတွင် မြေပြင်အခြေအနေ၊ လူမှုစီးပွားရေးအခြေအနေများအရ ဖြစ်နိုင်ခြေနည်းပါးကြောင်း၊ အစားအစာနှင့် မီးဖိုချောင်သုံးပစ္စည်းများသာ ခိုးယူခံရနိုင်သည်ဟု လေ့လာသုံးသပ်ရကြောင်း" ပြောကြားသည်။

ကော်မရှင်အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်က "၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကို အကောင်အထည်ဖော်ပေးခြင်းဖြင့် ရသင့်ရထိုက်သည့် နိုင်ငံသားအခွင့်အရေးများ ရလာပြီး အစိုးရအပေါ် ယုံကြည်မှုတိုးပွားလာမည်ဖြစ်သဖြင့် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရန်၊ ရခိုင်ပြည်နယ် မြို့နယ်များအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ထိရောက်မြန်ဆန်ရေးအတွက် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများကို စိတ်ဓာတ်မြှင့်တင်မှုပေးခြင်း၊ အနာဂတ်အလားအလာအတွက် ရာထူးတိုးခြင်း၊ လစာကောင်းကောင်းပေးခြင်းတို့ အပါအဝင် ဝန်ထမ်းများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့ ပြုလုပ်ရန် မီဒီယာများ လွှမ်းမိုးချုပ်ကိုင်လာမှုကို တုံ့ပြန်နိုင်ရန် တန်ပြန်မီဒီယာများအား အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ရန်၊ လုံခြုံရေးတပ်ဖွဲ့များအကြား သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိစေရန် ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန် အစိုးရနှင့် INGOs အဖွဲ့အစည်းများအကြား ပိုမိုပူးပေါင်းမှု ရှိလာစေရေးအတွက် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန် မောင်တောမြို့နယ်အတွင်း နှစ်ဖက်လူ့အဖွဲ့အစည်းအကြားအတူယှဉ်တွဲ၍ အုပ်ချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရန် ခက်ခဲသဖြင့် ကျေးရွာအုပ်စုများအား မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တိုက်ရိုက်အုပ်ချုပ်သည့် အုပ်ချုပ်ရေးပုံစံသစ်တစ်ရပ် ချမှတ်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများမှ သတင်းထောက်များက ယခုကော်မရှင်၏ တင်ပြချက်များသည် လုံလောက်သည့် ကျေနပ်မှုမရှိခဲ့လျှင် နောက်ထပ်စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခု ထပ်မံဖွဲ့စည်းပါက ပူးပေါင်းဆောင်ရွက်သွားရန် ရှိ၊ မရှိ၊ မီးလောင်မှုဖြစ်စဉ်တွင် နောက်ကွယ်က ပါဝင်သည့် အဖွဲ့အစည်းကို သိ မသိ၊ နောက်ထပ် ပဋိပက္ခများ ဖြစ်ပေါ်နိုင်မည့် အခြေအနေ ရှိ၊ မရှိ၊ ပရိဘောဂပစ္စည်းများ ပျက်စီးမှု ဟုတ်၊ မဟုတ်၊ ရွာသားများ ပျောက်ဆုံးမှုကိစ္စအပေါ် ထင်မြင်သုံးသပ်ချက်၊ RSO အဖွဲ့ပါဝင်ပတ်သက်မှု ရှိ၊ မရှိ၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေအရ နိုင်ငံသားဖြစ်ခွင့်အခြေအနေ၊ ကော်မရှင်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုချီးရားတန်းကျေးရွာနှင့် ဒုချီးရားတန်း (အနောက်)ကျေးရွာတို့တွင် ဖြစ်ပွားခဲ့သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန်အတွက် နိုင်ငံတော်သမ္မတက နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၄ ဖြင့် ဒေါက်တာသာလှရွှေ ဦးစီးသည့် အဖွဲ့ဝင် ၁၀ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ယနေ့ သတင်းစာရှင်းလင်းပွဲတွင် အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အခင်းဖြစ်ပွားရာ ဒေသများသို့ ကွင်းဆင်းသွားရောက်ခဲ့ပြီး လေ့လာစုံစမ်းစစ်ဆေးခဲ့မှု၊ လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်အကြံပြုချက်များ ပါဝင်သည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အထက်ပါအကြောင်းအရာများ ပါဝင်သည့် အသေးစိတ်အစီရင်ခံစာတစ်စောင်ကိုလည်း ကော်မရှင်က ရေးသားပြုစုပြီးဖြစ်၍ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံသို့ ပေးပို့တင်ပြခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ ရှင်းလင်းဖြေကြားစဉ်။

စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန် ရှင်းလင်းဖြေကြားစဉ်။

Media Group **သတင်းဌာနမှ မေးမြန်းစဉ်။**



နိုင်ငံခြားသတင်းဌာနမှ မေးမြန်းစဉ်။

အမျိုးသားညီညွတ်ရေးပါတီမှ မေးမြန်းစဉ်။

မြန်မာတိုင်းမ်ဂျာနယ်မှ မေးမြန်းစဉ်။

တပေါင်းလနှင့် မဟာဗုဒ္ဓဝင်

ဒေါက်တာ မောင်ဖြေ

"တပေါင်းသာခေါင်လများနောင်"ဆိုစကားနှင့်အညီ မြန်မာဆယ့်နှစ်လတွင် တပေါင်းလသည် နောက်ဆုံးလဖြစ်သည့် သဲပုံစေတီကိုးကွယ်သည့် အလေ့အထကို ရှေးမြန်မာကြီးတို့သည် နှစ်နှစ်သက်သက်ရှိခဲ့သည့် သဲပုံစေတီပွဲတော်မှာ ဗုဒ္ဓဘာသာမှ ဆင်းသက်လာသော မြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာစတင်ထွန်းကားလာချိန်ကပင် ရှိခဲ့သော ပွဲတော်ဟုယူဆရ၏။ သဲပုံစေတီပွဲတော်သည် ပုဂံခေတ်(သို့) ပုဂံခေတ်မတိုင်မီကပင် ရှိခဲ့သောပွဲတော်ဟုဆိုနိုင်၏။ အနော်ရထာမင်းစောသည် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲခုံတွင် စွယ်တော်မြတ်ကိုဌာပနာ၍ စေတီတော်ကြီးတစ်ဆူတည်ထားခဲ့၏။ ယင်းစေတီတော်ကြီးမှာ သဲခုံပေါ်တွင် တည်ထားသဖြင့် ရွှေစည်းခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာ ယခုတိုင် အထင်အရှား တည်ရှိနေ၏။

တပေါင်းလ

တပေါင်းလသည် မြန်မာဆယ့်နှစ်လတွင် ဒွါဒသမမြောက်လဖြစ်၏။ ဤလရာသီတွင် နက္ခတ် ၁၂ လုံး စုပေါင်းထွက်ခြင်းကြောင့် တပေါင်းလဟု ခေါ်သည်ဟူ၏။ ထိုလတွင် ရက်ပေါင်း ၃၀ ရှိ၏။ နာရီအားဖြင့် နေ့ ၃၆ နာရီဖြစ်၏။ ညဥ့် ၂၄ နာရီရှိ၏။ နေ့တာရှည်၏။ ညတာတိုသောလဖြစ်၏။ ထိုလတွင် ဖဂ္ဂုဏ(ခ) ဥတ္တရာဘရဂုဏ္ဏိနက္ခတ်နှင့် စန်းယှဉ်ကြ၏။ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်နှင့် နေမင်းတို့ယှဉ်ကြ၏။ ဆံကျင်တာရာထွန်းပ၏။ ရာသီရုပ်မှာ ငါးနှစ်ကောင်ရေကူးနေပုံဖြစ်၏။

တပေါင်းလကို ပုဂံခေတ် ထိုကျောက်စာတို့၌ "တပေါင်"ဟု ရေးထိုးခဲ့ကြ၏။ အင်းဝခေတ်၌ ဝိသဇ္ဇနီ ရေးထိုးပေါ်ပေါက်လာပြီဖြစ်၍ ယခုခေတ်ရေးသကဲ့သို့ "တပေါင်း"လဟုပင် ရေးခဲ့ကြ၏။

တပေါင်းလအဓိပ္ပာယ်

တပေါင်းဟူသောအမည်သည် တပို့တွဲလကဲ့သို့ပင် ထန်းပင်ကိုအကြောင်းပြုကာ ပေါ်လာသည်ဟူ၏။ ဤရာသီတွင် ထန်းရည်များကို ပေါင်းစပ်ကျိုချက်ကြ၍ "ထန်းပေါင်း"ဟု ခေါ်ဆိုရာမှ "တပေါင်း"သို့ ရွေ့လျားလာခဲ့သည်ဆို၏။ ဝေါဟာရ"လီနတ္ထဒီပနီကျမ်း"တွင် နှစ်မျိုးပြဆိုထားသည်။ ပထမအဓိပ္ပာယ်မှာ အမရကောသ အဘိဓာန်ကျမ်းတွင် တပဿျားပူပန်ခြင်းကောင်းသော တပေါင်းလဟု ပရိယာယ်ရှိ၏။ ကာလရှည်လျားသောကြောင့် သက္ကတဘာသာ တပဿျားပုဒ်မှပျက်၍ မြန်မာဘာသာတပေါင်းလဖြစ်သည်ဟူသော အယူအဆကို ရှေးဦးစွာ တင်ပြ၏။ ထိုတပေါင်းလကိုပင် "တပံအာတပံ ဩဂစ္ဆန္တော ဂစ္ဆတီတိတပေါင်း"ဟူ၍ ရှေးဆရာမြတ်တို့ ဝိဂြိုဟ်ကြံကြ၏။ တပံအာတပံ နွေဥတုရာသီသို့ ဩဂစ္ဆန္တော သက်လျက် ဂစ္ဆတီ သွားတတ်၏။ ဣတိတသ္မာ ထို့ကြောင့် တပေါင်း တပေါင်းလမည်၏။ အမရကောသလာ "တပဿျား . . . "ဟူသော တပေါင်းလပရိယာယ်ပါဠိနှင့် ဆီဆိုင်သင့်လျော်၏။ နေ့ပူ ညချမ်းဆိုရိုးနှင့် ညီညွတ်သည်ဟု ဒုတိယအယူအဆတစ်မျိုးအဖြစ် တင်ပြထား၏။

ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမားဘွဲ့၌ နွေဦးကာလတပေါင်းလတွင် ထန်းတက်၍ ထန်းရည်သိမ်းဆည်းပြီးလျှင် ထန်းလျက်ချက်သည်ကိုဖွဲ့ဆိုထားသည်။ ဤသည်ကိုထောက်လျှင်ထန်းချက်သောလဟုဆိုလျှင် ယုတ္တိတန်သည်ဟု မှတ်ယူရန်ရှိ၏။

သရဖီပန်းနှင့် ဥဩငှက်

ရွက်သစ်လောင်း၍ ရွက်ဟောင်းမြေခသော တပေါင်းလတွင် သရဖီတို့ပွင့်ကြ၏။ သရဖီပင်သည် ပုန်းညက်ပင်နှင့် မျိုးတူဖြစ်၏။ ပူအိုက်သော ရာသီဥတုရှိသည့်ဒေသများတွင် ပေါက်ရှင်၏။ တနင်္သာရီတိုင်းအမြဲစိမ်းသောတောများတွင် အများအပြားပေါက်ရောက်လေ့ရှိ၏။

"ရွှေဥဩတွန်သံသာ၊ နွေဦးပေါက်တော့မှာ"ဟုဆို၏။ နွေဦးကာလ၌ ဥဩငှက်ကလေးများ၏ အသံကိုကြားကြရ၏။ ဥဩငှက်သည် မြန်မာနိုင်ငံအနှံ့တွင် နေထိုင်ကြ၏။

ဥဩငှက်သည် အသိုက်ဆောက်လေ့မရှိ၊ ဥဩနှင့် ကျီးတို့သည် ဥချိန်တူသည့်ကျီးများ၏ အသိုက်ထဲ၌သာဝင်၍ ဥတတ်ကြ၏။ ဥဩသည် အခါရာသီအလိုက်ပြောင်းရွှေ့တတ်၏။ နွေနှောင်းကာလတွင် မြန်မာနိုင်ငံမှ ထွက်ခွာသွားကြတော့၏။

သဲပုံစေတီတော်

ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလက ဒေဝလမည်သော ရသေ့တစ်ပါးရှိခဲ့ဖူး၏။ ထိုရသေ့သည် ဟိမဝန္တာတောင်တွင် နတ်တို့ဖန်ဆင်းပေးသော ကျောင်းသင်္ခမ်း၌နေထိုင်၏။ ထိုရသေ့တွင် အလုပ်အကျွေးတပည့်ပေါင်း ထောင်သောင်းမကရှိ၏။

အခါတစ်ပါးတွင် ရသေ့ဆရာကြီးဒေဝလသည် ကျောင်းသင်္ခမ်းမှထွက်ပြီး သဲများကိုစေတီပြုကာ ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်လျက်ရှိသည်။ သဲပုံစေတီ၌ မြတ်စွာဘုရားတို့၏ဂုဏ်တော်များကို အာရုံနိမိတ်ယူပြီး ကြည်လင်သန့်စင်သည့် စိတ်ဓာတ်ကိုဖြစ်စေပြီးလျှင် ကျောင်းသင်္ခမ်းသို့ပြန်လာခဲ့၏။ တပည့်အပေါင်းသည် ဆရာရသေ့ကြီး၏ ထူးခြားသောအခြင်းအရာကို မြင်တွေ့၏။ သဲပုံစေတီတည်၍ ရှိခိုးပူဇော်သောအကြောင်းကို မေးမြန်းကြ၏။

"ငါ့ရှင်တို့---- ရှေးဟောင်းဗေဒင်ကျမ်းများ၌ အခြံအရံများစွာရှိသော သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင်ကိုညွှန်ပြထားသည် မဟုတ်လော။ ထိုဘုရားရှင်ကိုရည်မှန်း၍ သဲပုံစေတီကို ငါရှိခိုးပူဇော်၏"ဟု ပြောကြား၏။

တပည့်အပေါင်းတို့သည် ဆရာရသေ့ကြီးနှင့်အတူ ကျင့်ကြံအားထုတ်ကြကာ ဘုရားရှင်ကို ယုံကြည်လေးစားသောစိတ်ထားဖြင့် သဲပုံစေတီအား အကြိမ်ကြိမ်ပူဇော်ကြ၏။

ထို့ပြင် ထေရာအပဒါန်၌ ပြဆိုထားသည်မှာ ပုလိနထူပိယမထေရ်အလောင်းနာရဒရှင်ရသေ့သည် ယမကတောင်အနီး ကျောင်းသင်္ခမ်း၌ တရားအားထုတ်နေစဉ် အမရိကမည်သောမြစ်သို့ ချဉ်းကပ်၍ သဲပုံစေတီကိုတည်သည်။ သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ ရည်စူးကာရှိခိုး၏။ ဤအကျိုးဆက်ကြောင့် ကွယ်လွန်သောအခါ ဗြဟ္မာပြည်သို့ရောက်လျက် ဘဝအဆက်ဆက်၌ နတ်ဘုံနတ်နန်း၌ သိကြားမင်းအဖြစ်အကြိမ်ကြိမ်၊ လူ့ပြည်၌ စကြဝတေးမင်းအဖြစ် အကြိမ်ကြိမ် နတ်စည်းစိမ်၊ လူ့စည်းစိမ်တို့ကို ခံစားရသည်ဟုဖော်ပြထားသည်။

တပေါင်းလနှင့် မဟာဗုဒ္ဓဝင်

တပေါင်းလတွင် တောင်သူလယ်သမားတို့သည် ကောက်ပဲသီးနှံတို့ကို လယ်ယာမှထုတ်နုတ်သိမ်းဆည်းပြီးကြပြီဖြစ်၍ ခရီးသွားများလွယ်ကူစွာသွားလာနိုင်ကြ၏။ မဟာပထဝီဤမြေကြီးသည်လည်း စိုပြည်စိမ်းလန်းသောမြက်တို့ဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ပတ်ဝန်းကျင်တောအုပ်အပေါင်းတို့လည်း ရွက်ဟောင်းကိုစွန့်ပစ်၍ ရွက်သစ်လဲလှယ်ကာတင့်တယ်စွာ သီးကြပွင့်ကြလေ၏။

မပူလွန်းမအေးလွန်း လမ်းတိုင်းလမ်းတိုင်း သွား၍ကောင်းသောအချိန်အခါဖြစ်ခဲ့ပြီ။ ဤလရာသီတွင် ဗုဒ္ဓသည် ဆွေတော်မျိုးတော်များအား ချီးမြှောက်ကြွရောက်ရန် အချိန်တန်ခဲ့လေပြီဟု ကြံစည်ဆင်ခြင်တော်မူသည့် တပေါင်းလ ဖြစ်သည်။

မဟာဗုဒ္ဓဝင်ဇာတ်တော်ကြီးတွင် သက္ကတိုင်း ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဓနမင်းကြီး၏ သားတော်သိဒ္ဓတ္ထကုမာရသည် လောကသမုတိနတ်၊ ဥပပတ္တိနတ်တို့ထက် အလွန်တရာမြင့်မြတ်တော်မူလှသော ဝိသုဒ္ဓိနတ်ဖြစ်သည်။ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်ခြင်းအထူးကို ခံတော်မူထိုက်သည့် ဗုဒ္ဓမြတ်စွာဘုရားသခင်ဖြစ်ပေ၏။

မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓမြတ်ဘုရားသခင်ကို ဝေဠုဝန်ဥယျာဉ်တော်တွင် ကျောင်းဆောက်၍ ကိုးကွယ်တော်မူလျက်ရှိသည်။ ထိုကျောင်းကြီး၌ပင် သတ္တဝါဝေနေယျတို့ကို တရားရေအေးအမြိုက်ဆေးတိုက်ကျွေးနေသည်ကိုသိရှိသော သားဘုရားကို ရှုမြင်တွေ့လိုစိတ်ဖြစ်နေသည်။

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် မိဂဒါဝုန်တောဝယ် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဖြစ်သော ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူပြီဟု ကြားသိရသော သုဒ္ဓေါဓနမင်းကြီးသည် သားတော်ဗုဒ္ဓကို ရှုမြင်လိုရုံ သက်သက်မျှသာမဟုတ်တော့ဘဲ သားတော်ဗုဒ္ဓ၏ တရားဒေသနာတော်ကိုပါ ကြားနာလိုသော ဆန္ဒကပြင်းပြသည်းထန် မခံမရပ်နိုင်အောင် ရှိလာသည်။

သို့ဖြစ်၍ "ချစ်သား၊ ကာဠုဒါယီသင့်အား ငါ့သားတော်၏ ဖွားဖက်တော်ဖြစ်သည်နှင့်အညီ ငါ၏ သားတော်နှင့်တစ်ပြေးတည်းထား၍ မြှောက်စားချစ်ခင်ခဲ့ပါသည်။ သင်နှင့် ကစားဖော်ကစားဖက်ဖြစ်သော သခင်၏အရှင်သခင်ဖြစ်သော ကျေးဇူးရှင်ဖခင်ကို ကြင်နာထောက်ထားသောအားဖြင့် သားဘုရား၏ မျက်နှာတော်ကို ဖူးမြော်ကာ တရားတော်များနာယူလိုပါ၍ ပင့်ဆောင်ပေးပါလေ"ဟု စေလွှတ်တော်မူသည်။

ခမည်းတော် သုဒ္ဓေါဓနမင်းကြီး၏ ဆန္ဒစကားကြောင့် ကာဠုဒါယီသည် မိန်ရာသီတပေါင်းလ၏ ရာသီဥတုသာယာပုံ၊ သစ်ပင်ပန်းမန်များသီးပွင့်ကြပုံ၊ တောတိရစ္ဆာန်များ မြူတူးပျော်ပါးနေကြပုံစသည်တို့ကို တန်ဆာဆင်ကာ လင်္ကာဖွဲ့နွဲ့၍ မြတ်ဘုရားရှင်အားပင့်လျှောက်သည်။ ကာဠုဒါယီမထေရ်မြတ်၏ လျှောက်ထားချက်ဖြင့် ဗုဒ္ဓမြတ်ဘုရားသည် ကပိလဝတ်ပြည်သို့ မဟာသက္ကရာဇ် ၁၀၃ ခု တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ကြွတော်မူလေသည်။

ဗုဒ္ဓမြတ်ဘုရားရှင်သည် တပေါင်းလကျမှ ကပိလဝတ်ပြည့်သို့ကြွလိုစိတ်ဖြစ်ပေါ်လေသည်။ တစ်တောဝင် တစ်တောထွက် တစ်တောင်တက် တစ်တောင်ဆင်းဖြင့် ကြွချီတော်မူလာစဉ် ပင်ပန်းပူလောင်ခြင်းကို တန်ခိုးတော်ဖြင့် အေးမြခြင်းပြုတော်မမူဘဲ သစ်ပင်ရိပ်ဖြင့် ချွေးသိပ်နားတော်မူပါသည်။

နောက်ပါရဟန်းတို့က သစ်ပင်ရိပ်ကြီး၏ အေးမြကြောင်းကို နှစ်သက်ကြသည်။ ချီးမွမ်းကြသည်။ သာယာကြည်နူးကြပါသည်။ မြတ်ဘုရားကမူကား သစ်ပင်၏အရိပ်အာဝါသထက် ဆွေမျိုးဉာတကာတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် ဆရာသမားတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မင်းကောင်းမင်းမြတ်တို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မြတ်စွာဘုရားတို့၏ အရိပ်အာဝါသသည် နိဗ္ဗာန်ရောက်သည်အထိ အလွန်ချမ်းသာ၊ အလွန်အေးမြလှပါပေ၏ ဟူ၍ ဟောကြားကာ နိဗ္ဗာန်ချမ်းသာသို့တိုင်အောင် အေးမြစေသည့်အရိပ်ကို ဖော်ညွှန်းသည့် လတပေါင်းဖြစ်ပါ၏။

ဗုဒ္ဓမြတ်ဘုရားရှင်သည် မွေးရပ်မြေကပိလဝတ်ပြည်မှ ထွက်ခွာခဲ့သည်မှာ ခုနစ်နှစ်ကြာခဲ့ပြီ။ မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်နေ့မှာ နေပြည်တော်ဇာတိဌာနေ ကပိလဝတ်သို့ ရောက်ပါသည်။ ကြာမြင့်စွာခွဲခွာခဲ့သည့် သားတော်ကို ခမည်းတော်မင်းကြီးနှင့်တကွ ကျွေးမိခင်မိထွေးတော် ဂေါတမီနှင့် သာကီဝင်မင်းမျိုးအပေါင်းသည် တခမ်းတနား တဖွဲ့တနွဲ့ ကြိုဆိုကြလေသတည်း။

"လေခမြေသက်၊ စျာန်ဝိတက်သို့ သစ်ရွက်ယော်ယီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတဝက်၊ မြတဝက်နှင့်ဖက်၍ ဆေးစုံခြယ်သောပုံသို့ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသာ"ဟူ၍ ရောင်စုံပန်းချီကားကြီးသဖွယ် ရွက်ဟောင်းတို့ကြွေရွက်သစ်တို့နုဝေလျက်၊ အသစ်အသစ်တို့ဖြစ်ကာ ကြည်နူးဖွယ်ကောင်းသည့် အခါသမယတွင် ဗုဒ္ဓမြတ်ဘုရားရှင်၏ ကပ္ပိလဝတ်နေပြည်တော်သို့ ကြွရောက်၍ မိဘကျေးဇူးဆပ်သည့် တပေါင်းလပင်ဖြစ်လေတော့၏။ ။

> "မြတ်ဘုရားကမူကား သစ်ပင်၏အရိပ်အာဝါသထက် ဆွေမျိုးဉာတကာတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် ဆရာသမားတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မင်းကောင်းမင်းမြတ်တို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မြတ်စွာဘုရားတို့၏ အရိပ်အာဝါသသည် နိဗ္ဗာန်ရောက်သည်အထိ အလွန်ချမ်းသာ၊ အလွန်အေးမြလှပါပေ၏ ဟူ၍ ဟောကြားကာ နိဗ္ဗာန်ချမ်းသာသို့တိုင်အောင် အေးမြစေသည့်အရိပ်ကို ဖော်ညွှန်းသည့် လတပေါင်းဖြစ်"

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းများ လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြု

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်(၉)ခုဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် **ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရာတွင် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ချက်အဆိုများ တင်သွင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဆိုတင်သွင်းရာ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။

အတည်ပြုခဲ့သည့်ဥပဒေကြမ်းတွင် ပုဒ်မ ၁ (ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်၊ ပုဒ်မ ၂ (ခ) ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော ဝင်ငွေရလမ်းမဖော်ပြနိုင်သည့်ဝင်ငွေဆိုသည့်စကားရပ်အစား စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်၊ ပုဒ်မ ၅(က) ဤဥပဒေသည် အောက်ပါ ဝင်ငွေအမျိုးအစားတို့နှင့် မသက်ဆိုင်စေရ (၁)ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်းတစ်ခုခုကရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက် သက်သက်အသုံးပြုသော ဝင်ငွေ၊ (၂) ပင်စင်မှပြောင်းလဲ၍ရသောဝင်ငွေ၊ (၃) သေဆုံး၍ သို့မဟုတ် ဒဏ်ရာရ၍ရရှိသည့်လျော်ကြေး၊ (၄) အာမခံပေါ်လစီအတွက် ထုတ်ပေး၍ ရရှိငွေ၊ (၅)အဖန်တလဲလဲမဟုတ်ဘဲ

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။

တစ်ခါတစ်ရံ ရရှိသည့်ငွေ သို့သော် အောက်ပါတို့မပါဝင်စေရ (ကက) ပုဒ်မ ၁၃ အရ အခြေပစ္စည်းမှမြတ်စွန်းငွေ၊ (ခခ)လုပ်ငန်းတစ်ရပ်ရပ်မှ ရရှိသည့်ဝင်ငွေ၊ (၆) ပုဂ္ဂိုလ်စုတစ်ခုခုမှ ဝင်ငွေခွန်ပေးဆောင်ပြီး ရရှိသည့်အမြတ်ဝေစု၊ ပုဒ်မ ၆ (ခ) လစာမှဝင်ငွေ၊ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှဝင်ငွေ၊ ပစ္စည်းမှဝင်ငွေ၊ စီးပွားရေးလုပ်ငန်းမှဝင်ငွေနှင့် အခြားရလမ်းမှ ဝင်ငွေဖြစ်လျှင် ဝင်ငွေကိုစုပေါင်းပြီး စုစုပေါင်း ဝင်ငွေအပေါ်တွင် အခွန်စည်းကြပ်ရမည်၊ ကျန်ခေါင်းစဉ်များမှ ဝင်ငွေဖြစ်လျှင် ဝင်ငွေခေါင်းစဉ် တစ်ခုချင်းအလိုက် ခွဲခြားပြီး အခွန်ကိုသီးခြားစီစည်းကြပ်ရမည်ဟူသည့် အပိုဒ်များပါဝင်ကြောင်း သိရသည်။

ထို့နောက် **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရာတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့်လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ချက်အဆိုများ တင်သွင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဆိုတင်သွင်းရာ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။

အဆိုပါအတည်ပြုခဲ့သည့်ဥပဒေကြမ်းတွင် ပုဒ်မ ၄ မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဇယား၌ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်၊ (က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ (ခ)ကုန်စည်တင်သွင်းခြင်း၊ (ဂ)ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ (ဃ) ဝန်ဆောင်မှု ဆောင်ရွက်ခြင်း၊ ပုဒ်မ ၁၉ ပုဒ်မခွဲ(ခ) အခွန်ထမ်းသည် မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့်ကိုမဆို မကျေနပ်လျှင် စည်းမျဉ်းများနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။ အခွန်ထမ်းသည် မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့်ဖြစ်ပါက အခွန်တောင်းခံလွှာ သို့မဟုတ် မိမိမကျေနပ်သော အမိန့်ရရှိသည့်နေမှ ရက်ပေါင်း(၃၀) အတွင်း အယူခံလွှာတင်သွင်းရမည်။ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးက ချမှတ်သည့်အမိန့်ကို မကျေနပ်လျှင် အယူခံ အခွန်ထမ်း သို့မဟုတ် မြို့နယ် အခွန်ဦးစီးဌာနမှူးသည် ယင်းမကျေနပ်သော အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း အယူခံလွှာကိုတင်သွင်းရမည်။ ကာလစည်းကမ်းသတ်တွက်ချက်ရာတွင် အောက်ပါကာလများကို နုတ်ပယ်ရမည်။ (၁) အယူခံဝင်လိုသည့် အမိန့် မိတ္တူကူးရန် လိုအပ်သောကာလ၊ (၂)အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့်တောင်းခံရယူသည့်ကာလ ဟူသည့် အပိုဒ်များပါဝင်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားလိုက်ပြီး အစည်းအဝေး(၂၃)ရက်မြောက်နေ့ကို မတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မတ် ၉ ရက်က တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လွင်က တိုက်ကြီးမြို့နယ်အတွင်းရှိ ရပ်မိရပ်ဖ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုအခြေအနေ၊ မှုခင်းဖော်ထုတ်ရေး ဆောင်ရွက်နေမှုများ၊ မှုခင်းကျဆင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (ကြေးမုံ)

❖ ပြည်တွင်းပြည်ပမှ

ဟိုင်းဝေးခရီးအထိပါ ပို့ဆောင်ပေးမယ်။ ဒီအသင်းထဲမှာပါတဲ့အသင်းသားတွေဟာ သက်ဆိုင်ရာအဖွဲ့အစည်းတွေက အခါအားလျော်စွာ ပေးအပ်လာတဲ့ လေဆိပ်လုံခြုံရေးကိစ္စတွေမှာလည်းကျွန်တော်တို့ တစ်ဖက်တစ်လမ်းကကူညီမယ်။ နောက်ပြီးခရီးသည်တွေကို ဝန်ဆောင်မှုပေးတဲ့အခါမှာလည်း စည်းကမ်းတကျနဲ့ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲ့ ဂုဏ်ကို မြှင့်တင်ရာရောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်လေးပါ”ဟု အသင်းဥက္ကဋ္ဌ ဖြစ်သူဦးစိုးမြင့်က ပြောသည်။

ယာဉ်မောင်းများ ခန့်ထားရာမှာလည်း ယာဉ်မောင်းများသည် သတ်မှတ်ထားသော ယာဉ်မောင်းလိုင်စင်များရှိ/မရှိ၊ ယာဉ်မောင်းကျွမ်းကျင်မှုရှိ/မရှိအမှုဆောင်အဖွဲ့က စိစစ်ရွေးချယ်ပြီးမှ ခန့်အပ်ထားပြီး ယာဉ်မောင်းများအား အရက်သေစာသောက်စားပြီးမှ ဂိတ်ဆွဲခွင့် မပြုခြင်း၊ အသင်း၏ ဂုဏ်သိက္ခာကျဆင်းစေသော ပြောဆိုမှုများ မပြုလုပ်ရခြင်း၊ အသင်းက သတ်မှတ်ထားသော သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့်သာ အလျှည့်ကျ ခရီးသည်တင်ဆောင်ရခြင်း၊ခရီးသည်အပေါ် စိတ်အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများကို လုံးဝမပြုလုပ်ရခြင်းအပြင် လေဆိပ်လုံခြုံရေးအနေဖြင့် မိမိတင်ဆောင်လာသည့် ခရီးသည်များသည် ဥပဒေနှင့် မလွတ်ကင်းသည့် အပြုအမူများ၊ ပစ္စည်းများ တွေ့ရှိရပါက ဂိတ်ကြီးကြပ်ရေးမှူးနှင့် လေဆိပ်လုံခြုံရေးတာဝန်မှူးထံ အသိပေးအကြောင်းကြားရမည်ဖြစ်သည်။ ခရီးသည်များအား ကူညီစောင့်ရှောက်ပေးရမည့်အပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ အခါအားလျော်စွာ ထုတ်ပြန်ထားသော စည်းကမ်းများကိုလည်း လိုက်နာရမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ရွှေလွန်းပျံမော်တော်ယာဉ်များ စီးနင်းရာမှ ခရီးသည်များ၏ မေ့ကျန်ရစ်ခဲ့သော ပစ္စည်းများကိုလည်း ယာဉ်မောင်းများက ဆက်သွယ်အကြောင်းကြားကာ ပြန်လည် ပေးအပ်မည်ဖြစ်သည့်အတွက် ခရီးသည်များ စိတ်ချယုံကြည်စွာ စီးနင်းနိုင်ကြမည်ဖြစ်သည်။

နိုင်ငံခြားသား ခရီးသည်များနှင့် ပြည်တွင်း ခရီးသည်များအတွက် အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် အတွက် ရွှေလွန်းပျံမော်တော်ယာဉ်အသင်းမှ လေဆိပ်တွင် ဂိတ်ကောင်တာနှစ်ခုဖွင့်လှစ်ထားရှိပြီး မော်တော်ယာဉ် ငှားစီးမည့် ခရီးသည်များသည် ခရီးစဉ်အလိုက် သတ်မှတ်ထားသော ဈေးနှုန်းအတိုင်း ဘောက်ချာဖွင့်ရမည်ဖြစ်ပြီး ဂိတ်မှူးများက တန်းစီဇယားအတိုင်း မောင်းနှင်ရမည့် အငှားယာဉ်ရှိရာသို့ ခရီးသည်ကို ပို့ဆောင်ပေးမည်ဖြစ်သည်။ ရွှေလွန်းပျံ မော်တော်ယာဉ်အသင်း၏ ရွှေ့လုပ်ငန်းစဉ်များအနေဖြင့် နောက်ပိုင်းတွင် အောင်မင်္ဂလာ အဝေးပြေးဝင်းအတွင်းရှိ ခရီးဝေးထွက်ခွာမည့် မော်တော်ယာဉ်ဂိတ်များနှင့် ချိတ်ဆက်၍ ခရီးသည်များအတွက် ကားလက်မှတ်များကိုလည်းစီစဉ်ပေးသွားမည့်အပြင် အသက်အာမခံ ထားရှိပေးသွားမည့် အစီအစဉ်များလည်း ရှိကြောင်းသိရသည်။

သို့ပါ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းဆိုက်ရောက်သို့ ပြည်တွင်းလေကြောင်းလိုင်းများ၏ ခရီးစဉ်အသီးသီးမှ ရောက်ရှိလာကြသော ခရီးသွားမိဘပြည်သူများကို လိုရာခရီးသို့ အဆင်ပြေချောမွေ့စွာ ပို့ဆောင်ပေးနေသည့် ရွှေလွန်းပျံ မော်တော်ယာဉ်များ ပြေးဆွဲပေးနေကြောင်းကို ရေးသားလိုက်ရပါသည်။

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကျင်းပ

စစ်တွေ မတ် ၁၁

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကို မတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၇)ခုမေးမြန်း ဖြေကြားခြင်း၊ ၁-၄-၂၀၁၃ ရက်နေ့မှ ၂၈-၂-၂၀၁၄ ရက်နေ့ထိ ရခိုင်ပြည်နယ်ဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာတင်သွင်းခြင်း၊ ရခိုင်ပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းလိုက်သော ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူမှုမြှင့်တင်ရေးအဖွဲ့၏ ရခိုင်ပြည်နယ် မြို့နယ်(၁၄) မြို့နယ်အတွင်းတွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက် နှစ်ပတ်လည်အစီရင်ခံစာရှင်းလင်းတင်သွင်းခြင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် အထူးကိစ္စရပ်များ ကြားနာစုံစမ်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးခြင်း၊ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကြားနာစုံစမ်းရေးအဖွဲ့မှ ပြန်လည်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရပ်နားလိုက်သည်။

အစည်းအဝေး(သတ္တမနေ့)ကို မတ်(၁၁)ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

အဆိုပါပြိုင်ပွဲအတွက် လူငယ်ကစားသမားရွေးချယ်ပွဲကို မတ် ၁၀ ရက် နံနက် ၇ နာရီမှစတင်ကာ ရန်ကုန်မြို့ အောင်ဆန်းကွင်းတွင် ကျင်းပသည်။ ဘောလုံးအခြေခံနည်းစနစ် ကျွမ်းကျင်မှု (Technique)၊ ထိုးထွင်းဖြတ်ထိုးဉာဏ်ကောင်းမွန်မှု (Intelligence)၊ ခန္ဓာကိုယ်နှင့် ကိုယ်ရည်ကိုယ်သွေး (Personality)နှင့် ကျန်းမာလျင်မြန်မှု (Speed) စသည့်အချက်များကို အခြေခံ၍ အဆင့်ဆင့်စနစ်တကျစိစစ်ရွေးချယ်ခဲ့သည်။

အပြီးသတ် ငါးဦးစာရင်းအား ထုတ်ပြန်ကြေညာခဲ့ရာ အောင်ဖြိုးသာ၊ ဘုန်းသစ္စာမင်း (ဂိုး) (နေပြည်တော်အက်ဖ်စီဘောလုံးအကယ်ဒမီ)၊ ကျော်လွင်မိုး၊ ဈာနေယျသူ (မြန်မာဘောလုံးအကယ်ဒမီ၊ မန္တလေး)၊ မောင်မောင်(အား/ကာ သိပ္ပံ-မန္တလေး)တို့ ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိသွားခဲ့ကြသည်။ အဆိုပါ ကစားသမားငါးဦးသည် FC Bayern Munich Youth Cup 2014 သို့ ထိုင်းနိုင်ငံမှ ရွေးချယ်မည့် ကစားသမားငါးဦးနှင့် ပေါင်းစပ်၍ အရှေ့တောင်အာရှကိုယ်စားပြုအသင်းအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာနှင့် ထိုင်း ကစားသမားများ၏ စုပေါင်းလေ့ကျင့်မှုအစီအစဉ်ကို မေ ၁၂ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံတွင် သွားရောက်ပြုလုပ်ရမည်ဖြစ်ပြီး မေ ၁၇ ရက်တွင် ဂျာမနီနိုင်ငံသို့ ပြိုင်ပွဲဝင်ရန် သွားရောက်ရမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲသို့ အိမ်ရှင်ဂျာမနီနှင့်အတူ အီတလီ၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ အိန္ဒိယတို့ စုစုပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။



❑ ရှေ့ဖုံးမှ

ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရန် အားပေးကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ရပ်ရွာဒေသ၏အကျိုးကို ရည်ရွယ်၍ ဒေသလိုအပ်ချက်များကို အများအကျိုးဆောင်ပြီး ပွင့်လင်းစွာ တင်ပြကြရန်မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် လောင်းလုံမြို့နယ်တို့မှ အထောက်အကူပြုကော်မတီဝင်များ၊ ပါတီ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဒေသလိုအပ်ချက်များအား တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ပြန်လည်ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ထားဝယ်အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆရာဝန်များ၊ သူနာပြု ဆရာ/ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆေးရုံကြီး၏လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များအား တင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက မိမိတို့သည် ထားဝယ်အထွေထွေရောဂါကုဆေးရုံကြီး၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဆေးရုံအဆောက်အအုံများ၊ ဆေးပစ္စည်းကိရိယာများအား ဘဏ္ဍာရေးနှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆရာဝန် ဆရာမများသာမက ဝန်ထမ်းများ၏ စိတ်စေတနာ အရည်အချင်း အရည်အသွေးကောင်းမွန်မြင့်မားရန် လိုအပ်ပါကြောင်း၊ လူနာများအား ဆေးကျင့်ဝတ်များနှင့်အညီ နွေးထွေးကြင်နာစွာဖြင့် ပြောဆိုဆက်ဆံကုသပေးကြရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုဂ္ဂလိက ဆေးရုံဆေးခန်းများ ပေါ်ထွန်းရန် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် CB ဘဏ်၊ ADVENTURE MYANMAR ကုမ္ပဏီ၊ ACE ကုမ္ပဏီနှင့် ရောစွမ်းအားကုမ္ပဏီတို့မှ ဆေးရုံသုံးပစ္စည်းကိရိယာများ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထားဝယ်ဆေးရုံ၌ လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဝယ်ယူရန် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည့် မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုအား မီးသတ်ယာဉ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မီးငြိမ်းသတ်ယာဉ်များ၏ မီးသတ်စက်စွမ်းရည် သရုပ်ပြသမှုကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထားဝယ်တက္ကသိုလ်သို့ရောက်ရှိပြီး ဌာနအလိုက် ခင်းကျင်းပြသထားသည့် ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများအား ကြည့်ရှုလေ့လာသည်။

ထို့နောက် ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ထားဝယ်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက နှုတ်ခွန်းဆက်စကားပြောကြားပြီး ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသောင်းလွင်၊ နည်းပညာတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာအောင်နိုင်မြင့်၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်ခင်အေးသန်း၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်အေးအေးတို့က တက္ကသိုလ်များနှင့်ပတ်သက်သည့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက အဆင့်မြင့်ပညာကဏ္ဍ၏ လက်ရှိအခြေအနေကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် မည်သို့စီမံဆောင်ရွက်ရမည်ကို အစဉ်တွေးတောကြံဆဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းနှင့် ဥပဒေများရေးဆွဲဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တက္ကသိုလ်များမှ တင်ပြသည့် အဆောက်အအုံ၊ ရေ၊ နည်းပညာ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးကဏ္ဍများနှင့် ပတ်သက်ပြီး နိုင်ငံတော်မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပုဂ္ဂလိကကဏ္ဍများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင်ကလည်း အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လောင်းလုံမြို့နယ်အတွင်းရှိ မောင်းမကန်ကမ်းခြေဖွံ့ဖြိုးရေးနှင့် သာယာလှပရေးဆောင်ရွက်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထားဝယ်မြို့တွင်း လှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ထားဝယ်မြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကွန်ပျူတာအဆင့်မြင့်သင်တန်း(တိုင်းဒေသကြီး/ပြည်နယ်)ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၁

ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ကွန်ပျူတာအဆင့်မြင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၄)(တိုင်းဒေသကြီး/ပြည်နယ်)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၅၂)၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့ခေတ်အခါသည် ICT (Information and Communication Technology)ထွန်းကားလာမှုကြောင့် Globalization အရှိန်အဟုန်ပိုမိုမြင့်မားခဲ့ပြီး လျင်မြန်သည့်သတင်းဆက်သွယ်မှုကွန်ရက်ကြောင့် နိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် တစ်ကမ္ဘာလုံးနှင့် ပေါင်းစည်းဆက်သွယ်ဆောင်ရွက်ရာတွင် တစ်နေ့တခြား ပိုမိုအရေးပါလာကြောင်း၊ နိုင်ငံတော်တွင် e-Government စနစ် ပီပြင်စွာပေါ်ပေါက်လာရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် e-Government လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ICT နည်းပညာအသုံးပြု၍ e-Government၊ e-Commerce လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ICT Application အသုံးချရေးအခန်းကဏ္ဍများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားစီးပွားရေး စနစ်တကျအခြေခိုင်မာစေရန်နှင့် ရလဒ်ကောင်းများရရှိစေရန် အချိန်အတိုင်းအတာတစ်ခုယူပြီး တည်ဆောက်လျက်ရှိရာတွင် အဓိကမောင်းနှင်အားအဖြစ် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် e-Government လုပ်ငန်းစဉ်များတွင် လိုက်ပါဆောင်ရွက်ရန် e-Government အထောက်အကူပြု အဆင့်မြင့်ကွန်ပျူတာသင်တန်းကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် ရုံးတွင်းအသုံးပြုနေသော Server များအကြောင်း၊ Website များသို့ သတင်းအချက်အလက်တင်ခြင်းနှင့် ရုံးလုပ်ငန်းဆိုင်ရာ Software များကို သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယခု ကွန်ပျူတာအဆင့်မြင့်သင်တန်း (၁/၂၀၁၄) (တိုင်းဒေသကြီး/ပြည်နယ်)မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဆင္ဓမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဆင္ဓမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် အကြိမ်(၅၀)မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မတ် ၇ ရက်မှစတင်၍ ငါးရက်တိုင်တိုင်ကျင်းပခဲ့ပြီး ယနေ့နံနက် ၁၀ နာရီတွင် ပဋ္ဌာန်းသိမ်းအောင်ပွဲကို စေတီတော်လိုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် ပဓာနနာယက နေပြည်တော်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒာဝုဓထံမှ စေတီတော်ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးနှင့် ဂေါပကအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တပ်နယ်ဝတ်အသင်းများက သီလခံယူဆောက်တည်ပြီး ဆရာတော်ကြီးနှင့် မဟာလယ်တီစံကျောင်းတိုက်မှ သံဃာတော် ကိုးပါး၊ အေးမြရွှေပြည်ကျောင်းတိုက်မှ သံဃာတော် ကိုးပါးတို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကုသိုလ်ကောင်းမှုအစုစုကို ရေစက်သွန်းချအမျှပေးဝေကြသည်။

မတ် ၁၄ ရက် (တပေါင်းလဆန်း ၁၄ ရက်) ညနေပိုင်းတွင် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ နဝမအကြိမ် ဩဝါဒခံယူပွဲကျင်းပမည်ဖြစ်ပြီး မတ် ၁၅ ရက်(တပေါင်းလပြည့်နေ့)နံနက်ပိုင်းတွင် ရွှေကြာသက်န်းတော်များကပ်လှူ၍ ပင့်သံဃာတော် ၁၈၃ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်မည်ဖြစ်သည်။

ညနေပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်မည်ဖြစ်ပြီး မတ် ၁၅ ရက်အထိ ပွဲတော်ကွင်း၌ ပျော်ပွဲရှင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဟေဠိဆန်စွာပျောက်ဆုံးနေသည့် မလေးရှားလေယာဉ်ရှာဖွေမှု လေးရက်မြောက်နေ့အထိ အခြေအနေမထူးခြားသေး

ဘာသာပြန် » အောင်မဲစိုး

လွန်ခဲ့သည့် စနေနေ့ကတည်းက ပဟေဠိဆန်စွာ ပျောက်ဆုံးနေသည့် မလေးရှားလေယာဉ်ကို နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ရေတပ်များ၊ စစ်ဘက်ဆိုင်ရာလေယာဉ်များ၊ ကမ်းခြေစောင့်လုံခြုံရေးတပ်ဖွဲ့များနှင့်အရပ်ဘက်သုံးသင်္ဘောများဖြင့် ပူးပေါင်း၍ ကြိုးစားရှာဖွေနေသော်လည်း လေးရက်မြောက်နေ့အထိ အခိုင်အမာအတည်ပြုနိုင်သည့် သဲလွန်စတစ်စုံတစ်ရာ မရရှိသေးဘဲ ပျောက်ခြင်းမလှပျောက်နေသည့်အတွက် ထင်မြင်ချက်အမျိုးမျိုး၊ ယူဆချက်အဖုံဖုံဖြင့် ကမ္ဘာ့သတင်းမီဒီယာများတွင် စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတစ်ပုဒ်ဖြစ်လာနေသည်။

“ကျွန်တော်တို့ အချိန်နဲ့အမျှ ကြိုးစားရှာဖွေနေပါတယ်။ လေယာဉ်နဲ့ပတ်သက်လို့ သတင်းကောင်းကြားရဖို့ကတော့ မျှော်လင့်ချက်အတော်လေးနည်းသွားပါပြီ” ဟု ဗီယက်နမ် ရှာဖွေရေးတပ်ဖွဲ့ခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

လေယာဉ် ရေဒီယိုဆက်သွယ်မှုနှင့် ရေဒါမျက်နှာပြင်မှပျောက်ကွယ်သွားသည်ဟုယူဆရသည့် ထိုင်းပင်လယ်ကွေ့၊ တောင်တရုတ်



ပင်လယ်ပြင်တစ်ဝိုက်နှင့် လေယာဉ်နောက်ကြောင်းပြန်လှည့်ခဲ့ဖွယ်ရှိသည်ဟုယူဆရသည့် အက်ဒမန်ပင်လယ်ပြင်တို့တွင် အင်္ဂါနေ့က ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြသည်။ သို့သော် ခိုင်ခိုင်မာမာ အတည်ပြုနိုင်သည့် သဲလွန်စတစ်စုံတစ်ရာရှာမရဘဲ လေယာဉ်ပျောက်ဆုံးမှုမှာ ဂမ္ဘီရပုစ္ဆာတစ်ပုဒ်လိုဖြစ်နေကြောင်း စုံစမ်းရှာဖွေသူများက ပြောကြားသည်။

လေယာဉ်ပေါ် နိုင်ငံကူးလက်မှတ်အတုကိုင်ဆောင်သူနှစ်ဦး ပါသွားခြင်းနှင့် ပတ်သက်၍စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေမှုကိုလည်း လေယာဉ်ပျောက်ဆုံးမှုနှင့် ဆက်နွှယ်မှုမရှိကြောင်း၊ တောင်အာရှသည် မှောင်ခိုသမားများ၊ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများနှင့် ခိုလှုံခွင့်တောင်းခံသူများ နိုင်ငံကူးလက်မှတ်အတုကိုင်ဆောင်ရာ အများဆုံးနေရာတစ်ခုဖြစ်သည်ဟု နိုင်ငံတကာရဲတပ်ဖွဲ့က ပြောကြားသည်။ နိုင်ငံတကာရဲတပ်ဖွဲ့၏ အဆိုအရ နိုင်ငံကူးလက်မှတ်အတုကိုင်ဆောင်ကာ လေယာဉ်ပေါ်ပါသွားသူနှစ်ဦးမှာ အီရန်လူမျိုးများဖြစ်ကြောင်း၊ တစ်ဦးမှာ အသက်(၁၉)နှစ်ရှိ ပိုအာရီရာနော်မိုဟမ်မက် မီဟာဒက်ဖြစ်ပြီး သူက တရုတ်နိုင်ငံမှတစ်ဆင့် ဂျာမနီနိုင်ငံသို့ သွားရောက်ခိုလှုံရန် ရည်ရွယ်ဟန်ထင်ရကြောင်း သတင်းများတွင် ဖော်ပြသည်။

မလေးရှား အထူးစုံစမ်းရေးအေဂျင်စီသာမက အမေရိကန်နှင့် ဥရောပထောက်လှမ်းရေးအေဂျင်စီများကပါ လေယာဉ်အပိုင်စီးခံရမှုသို့မဟုတ် ဗုံးခွဲတိုက်ခိုက်ခံရမှုမဖြစ်နိုင်ကြောင်း ယူဆထားကြသည်။ အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးဂြိုဟ်တုတွင်လည်း လေထုထဲတွင် ပေါက်ကွဲမှုဖြစ်သည့် ပုံရိပ်လက္ခဏာမတွေ့ရကြောင်း အမေရိကန်အစိုးရ သတင်းအရင်းအမြစ်တစ်ခု၏ အဆိုအရ သိရသည်။

“ကံမကောင်းပါဘူးဗျာ၊ လေယာဉ်အပိုင်းအစလို့ ယူဆရတဲ့ အရာဝတ္ထုပစ္စည်းတစ်ခုမှကို ရှာမတွေ့သေးပါဘူး” ဟု မလေးရှားမြို့ပြလေကြောင်းပျံသန်းရေးဌာန ညွှန်ကြားရေးမှူးချုပ် အာဇာဟူဒင် အဗ္ဗဒူလ်ရာမန်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံက ၎င်း၏ရေပိုင်နက်ထဲတွင် မလေးရှား၊ စင်ကာပူ၊ တရုတ်၊ အမေရိကန်သင်္ဘောများနှင့် လေယာဉ်များကို ဝင်ရောက်ရှာဖွေခွင့်ပြုထားပြီး တရုတ်နိုင်ငံက ကမ္ဘာမြေ၏ပုံရိပ်ကို ဆွဲအားကောင်းစွာ ရိုက်ယူနိုင်သည့် ဂြိုဟ်တု ၁၀ လုံးနှင့် အခြားခေတ်မီရှာဖွေရေးအထောက်အကူပြုပစ္စည်းကိရိယာများကို အသုံးပြု၍ ရှာဖွေလျက်ရှိကြောင်း သတင်းများတွင်ဖော်ပြသည်။ (ရိုက်တာ)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ကိုရီးယားကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၁

ယနေ့နံနက် ၁၀ နာရီခွဲတွင် Korea International Cooperation Agency (KOICA) မှ Chief Resident Representative, Mr. Nam Kwon- Hyoung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား အဆိုပါရုံး၌ လာရောက်တွေ့ဆုံပြီး ကိုရီးယားနိုင်ငံရှိ Legislative Office နှင့် မြန်မာနိုင်ငံရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပူးပေါင်း၍ Information Data Base Project ဆောင်ရွက်လိုပါကြောင်း၊ Electronic ပစ္စည်းများမှတစ်ဆင့် ဥပဒေများအား ရှာဖွေနိုင်ခြင်းဖြင့် ပြည်သူများသာမက ပြည်ပမှ စိတ်ဝင်စားသူများပါ မြန်မာနိုင်ငံဥပဒေများအား လွယ်ကူလျင်မြန်စွာ သိရှိနိုင်ရန်ဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုကြည့်၍ ဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် Information စနစ်ကို မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဥပဒေစနစ်နှင့် ကိုရီးယားနိုင်ငံရှိ ဥပဒေစနစ်ကိုပါ မြှင့်တင်ခြင်းဖြစ်သည်ဟု ခံယူပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် IT System နှင့်ပတ်သက်၍ မိမိတို့နှင့် စိတ်ဝင်စားစွာ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သွားလမ်းသာလို့ လာလမ်းဖြောင့်ဖြူးတော့မည့် တောင်ပေါ်ကျေးရွာများ

သတင်းဆောင်းပါး
မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)
ဓာတ်ပုံ - မင်းလွင်(မြန်/ဆက်)

နေပြည်တော် ကောင်စီနယ်မြေအတွင်း ပါဝင်သော်လည်း ပထဝီမြေမျက်နှာအသွင်အပြင်အရ သွားလာမှုခက်ခဲသည့် တောင်ပေါ်ဒေသနေ တိုင်းရင်းသားများအနေဖြင့် ယခင်က အနေနီးသော်လည်း အလှမ်းဝေးခဲ့ရပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍပေါင်းစုံတွင် နောက်ကျနေခဲ့ရသည်။ သို့အတွက် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ဒေသအာဏာပိုင်များက နိုင်ငံတော်မှ ခွဲဝေချပေးသည့် ဘဏ္ဍာငွေဖြင့် တောင်ပေါ်ဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း မည်သည့်နေရာဒေသကိုမဆို အချိန်မကုန်ဘဲ ရာသီမရွေးသွားလာနိုင်ကြတော့မည်ဖြစ်သည်ကို မတ် ၁၀ ရက်က လမ်းဖွင့်ပွဲသတင်းအတွက် ရောက်ရှိခဲ့ရင်း တွေ့မြင်ခဲ့ရသည်။

လမ်းသစ်များဖောက်လုပ်ရာတွင် တောင်ပေါ်ဒေသ၌ ဖောက်လုပ်သည့် လမ်းလုပ်ငန်း ကုန်ကျမှုစရိတ်သည် မြေပြန့်ဒေသတွင် ဖောက်လုပ်သည့် လမ်းလုပ်ငန်း ကုန်ကျစရိတ်ထက် ပိုသည့်အပြင် လုပ်ငန်းခွင်၌ ရာသီဥတု၊ ပထဝီအနေအထားအရ မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များကြောင့် မြေပြန့်တွင် လမ်းလုပ်ငန်းအတွက် လုပ်သားနှင့် ကျွမ်းကျင်ပညာရှင် ပေါများသော်လည်း တောင်ပေါ်ဒေသ လမ်းလုပ်ငန်းများအတွက် စက်ယန္တရား၊ ကျွမ်းကျင်မှုနှင့် လုပ်သားအင်အား ရှားပါးမှုကိုလည်း တွေ့ရှိရသည်။

အခက်အခဲများကြားမှ ၂၀၁၃ ခုနှစ်တွင် ကျေးရွာချင်းဆက် မြေသားလမ်းအနေဖြင့် စတင်ဖောက်ခဲ့ရာ ယခုဆိုလျှင် တောင်ပေါ်ကျေးရွာ ၁၁ ရွာအတွက် တစ်ကြောင်းထိုး မြေသားလမ်း ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည်။ ယခင်က အမြင်နီးသော်လည်း အလှမ်းဝေးခဲ့သည့်နယ် တစ်ရွာမှ တစ်ရွာသို့ ညအိပ်ညနေ သွားရောက်ရခြင်းကြောင့် ကူးလူးဆက်ဆံမှုနည်းပါးခဲ့ရသည့်အဖြစ်မှ ယနေ့ဆိုလျှင် နေ့မကူးဘဲ သွားလာနိုင်ခဲ့ပြီဖြစ်သည်။

ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အပေါ် ဒေသခံ တိုင်းရင်းသားများက ဝမ်းသာပီတိစကားများကို အခုလိုရင်ဖွင့်ပြခဲ့ပါသည်-

ကိုကျော်မင်းထွန်း(ဆိပ်ဖူးတောင်ကျေးရွာ)

“အရင်က လမ်းမရှိတဲ့အတွက် ကျွန်တော်တို့ဆွေမျိုးတွေရှိတဲ့ ဘို့မရွာကို သွားဖို့ဆိုရင် အတော်စဉ်းစားယူရတယ်။ ဆိုင်ကယ်လမ်းလို့ ပြောပေမယ့် တကယ်တော့ လမ်းပေါ်ရဲ့

ဒေါ်ရီရီလွင်
(ကျောင်းဆရာမ)

ကိုကျော်မင်းထွန်း
(ဆိပ်ဖူးတောင်ကျေးရွာ)

ဦးပတ်ထရစ်
(တောင်မြင့်ရေပူကျေးရွာ)

ဒေါ်အက်စနက်ထူး
(ရေပူရွာ)

လေးဆိုတော့ ဒီတော ဒီတောင်ထဲမှာ အတက်ကြမ်းကြမ်းနဲ့ ဖြတ်သန်းသွားရမှာကို တွေးမိတိုင်းရောက်ဖို့ ခက်ခဲပါတယ်။ အထက်က တောင်ပေါ်ရွာမှာ ကျင်းပတဲ့ ဘာသာရေးပွဲရှိရင် တောင် အချိန်ကို တစ်ပတ်လောက်ယူပြီး တက်ရပါတယ်။ လမ်းမှာ တစ်ခုခုဖြစ်ရင်တောင် နောက်ကြောင်း ပြန်ဆုတ်ဖို့ အတော်ခက်တယ်ဗျ။ အခုတော့ ဒီလို မြေသားလမ်းပေါက်တော့ တောင်ပေါ်က အမျိုးတွေဆီကို သွားချင်ရင် ရာသီဥတုကြည့်ပြီး ဆိုင်ကယ်နဲ့ နေ့ချင်းတက်နိုင်ပြီဆိုတော့ အရမ်းဝမ်းသာတယ်ဗျာ။ ကျွန်တော်တို့ ငယ်ငယ်က ဆိုရင် အခုလို လမ်းမပြောနဲ့ လူသွားလမ်းတောင် မရှိခဲ့ပါဘူး။ ဒါကြောင့် တောင်ပေါ်ကနေ တောင်အောက်က အမျိုးတွေဆီမှာ ကျောင်းလာတက်ရင်း ဒီကအမျိုးသမီးနဲ့ အိမ်ထောင်ကျလို့ ကလေးတွေတောင် လူပျိုပေါက်အရွယ်ရောက်တဲ့အထိ တောင်ပေါ်ကို နှစ်ကြိမ်ပဲ ပြန်ရောက်ခဲ့တယ်။ အခုလို လမ်းပေါက်တော့ တောင်ပေါ်က အမိုးတို့အိမ်ကို အချိန်မရွေးသွားလာစောင့်ရှောက်နိုင်တဲ့အပြင် တောင်ပေါ်မှာရှိတဲ့ ကျွန်တော်တို့ ဥယျာဉ်ခြံထွက်ပစ္စည်းတွေကို မြို့ဈေးမှာ အချိန်မရွေးရောင်းနိုင်တဲ့အတွက် လမ်းဖောက်ပေးသူတွေကို ကျေးဇူးတင်တယ်ဗျာ။ လမ်းမရှိတုန်းကဆို အခုနေတဲ့ရွာက မြို့နဲ့ နည်းနည်း လမ်းသင့်တော့ မြို့ပေါ်တက်ပြီး ကြုံရာကျပန်း လုပ်ကိုင်ခဲ့တဲ့ အနေအထားကနေ အခုဆို ကိုယ့် တောင်ယာနဲ့ ဥယျာဉ်ခြံကို ကောင်းကောင်း ဂရုစိုက်လုပ်ကိုင်နိုင်ပြီလေ။ ဒါကြောင့် ဒီလမ်းဖောက်ပေးတာ အများကြီး ဝမ်းသာပါတယ်”

မအေးမာသန်း(ဆိပ်ဖူးတောင်)

“ကျွန်မကတော့ အခုလို လမ်း ဖြစ်လာတာကို အရမ်းပျော်တယ်။ ဘာကြောင့်လဲဆိုတော့ လမ်းမရှိတုန်းက အပါးတို့၊ အမိုးတို့နဲ့ မြို့ပေါ်လိုက်သွားတုန်းကဆိုရင် မြို့ပေါ်မှာ ကျွန်မတို့အရွယ် ကောင်မလေးတွေ ဆိုင်ကယ်စီးသွားတာ မြင်တိုင်း အလွန်အားကျခဲ့တာ။ ကျွန်မတို့ ပိုက်ဆံစုပြီး ဝယ်စီးနိုင်ပေမယ့် လမ်းကမရှိတော့ ဘာမှလုပ်လို့မရဘူးလေ။ အခုတော့ လမ်းလည်းဖြစ်လာပြီ။ အိမ်ကလည်း ဆိုင်ကယ်ဝယ်ပေးတော့ ကျွန်မဆန္ဒတွေ တကယ်ဖြစ်လာပြီ။ ဆိုင်ကယ်စီးကတော့ သင်နေတုန်းပါ။ စီးတတ်ရင် တောင်ပေါ်ရွာက သူငယ်ချင်းတွေဆီကို အချိန်မရွေးသွားနိုင်ပြီပေါ့။”

ဦးပတ်ထရစ်(တောင်မြင့်ရေပူကျေးရွာ)

“တောင်ပေါ်က အရင်တုန်းက လမ်းမရှိတော့ အနီးဆုံးဖြစ်တဲ့ ရေနီမြို့ကိုသွားချင်ရင် ရွာကနေ အောင်နန်းရွာကို တစ်ညအိပ် သွားရတယ်။ အဲဒီကနေတစ်ဆင့် မြို့ကို သွားရတယ်။ မြို့က ပြန်လာရင်လည်း အောင်နန်းမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ ညနေပိုင်းမှ ရွာကို ပြန်ရောက်တယ်။ အသွား၊ အပြန်နဲ့ဆို အချိန်က သုံးရက်လောက်ကြာတယ်ဗျ။ ပြီးတော့ ရွာခြံကထွက်တဲ့ သီးနှံတွေကို ရောင်းတော့လည်း အချိန်သိပ်မရတော့ ပေးတဲ့ဈေးနဲ့ ရောင်းရတယ်။ လမ်းမရှိတဲ့ဘဝက အတော်ကို ခက်တယ်။ ရွာထဲက အမျိုးသမီးတွေဆိုရင်လည်း မီးဖွားလို့ အခက်အခဲဖြစ်ရင် ဟိုးအောက်မှာ မြင်နေရတဲ့ ဆေးခန်းကို ပို့မယ်ဆိုရင် အတော်ကို ကြိုးစားပမ်းစားသွားပြရတယ်။ တောထဲဝင်ပြီး ဟင်းစားရှာရင်း ပိုးထိလို့ကတော့ သေချာတယ်။ ဘုန်းကြီးသာ ကြိုပြင့်ထားပဲ။ အခုတော့ ဆိုင်ကယ်တင်မဟုတ်ဘူး ကားပါသွားလို့ရတော့ ဆရာဝန်ကို သွားပင့်လည်းရတယ်၊ သွားပြမယ်ဆိုရင်လည်းဖြစ်တယ်။ ဘာမှ မစိုးရိမ်ရတော့ဘူးပေါ့ဗျာ။ အခုတို့ တောင်ပေါ်ရွာတွေ အလယ်မှာ ကျေးလက်ကျန်းမာရေးဆေးခန်းဖွင့်နိုင်ပြီဆိုတော့ အရင်ကထက် အများကြီးသာတာပေါ့။ ဆေးမှူးလည်း အချိန်မရွေးလာထိုင်နိုင်ပြီပေါ့ဗျာ။ တို့ကလေးတွေလည်း အရင်ကဆို ရွာမှာ အလယ်တန်းလောက်ကျောင်းတက်ပြီးအောင်ရင် အထက်တန်းတို့ ဘာတို့ ဆက်တက်ဖို့ မစဉ်းစားတော့ဘူး။ ရွာမှာရတဲ့အလုပ် လုပ်ရင်းနဲ့ပဲ ပြီးသွားတယ်။ အခုတော့ အနီးဆုံး အထက်တန်းကျောင်းကို သွားတက်နိုင်သလို တခြားမှာလည်း အလုပ်လုပ်နိုင်ပြီလေ။

ဒီလိုလမ်းဖြစ်ဖို့ အရင်က လုပ်သေးတယ်။ ဒါပေမယ့် ငွေကုန်ကြေးကျများပြီး ခက်တော့ အတော်ကို ကြာသွားတယ်။ ပြီးခဲ့တဲ့နှစ် ပြည်ထောင်စုနေ့အခမ်းအနားကို နေပြည်တော်မှာ သွားတက်ရတော့ လူကြီးတွေကို လမ်းဖောက်ပေးဖို့ တောင်းဆိုခဲ့ပေမယ့် အခုလိုဖြစ်လာမယ်လို့ စိတ်ကူးလေးပဲရှိခဲ့တာပါ။ တကယ်ကိုဖြစ်လာတော့ ဝမ်းသာရတာပေါ့ဗျာ။”

ဒေါ်ရီရီလွင်(ကျောင်းဆရာမ)

“ရွာမှာ တာဝန်ထမ်းဆောင်တာ ဆယ်နှစ်ကျော်ပါပြီ။ ရွာထဲက ကလေးတွေဆို တချို့ ဆယ်တန်းအောင်တဲ့သူတွေတောင်ရှိပါတယ်။ ဒီလောက်နှစ်ကြာကြာ ရွာမှာ တာဝန် ထမ်းဆောင်ဖြစ်တာက ကျွန်မတာဝန်ကျချိန်တုန်းက လမ်းမကောင်းဘူးလေ။ ပြီးတော့ တစ်နှစ်တစ်ခေါက် ပြန်ဖို့ဆိုတာလည်း အတော်ကိုခက်တော့ ကြာတော့ဒီရွာသူဖြစ်သွားရတာပဲ။ အခုလမ်းကောင်းပြီဆိုတော့ ရွာက ကလေးတွေကို ကျောင်းဆက်တက်ဖြစ်အောင် အားပေးသွားပါမယ်”

ဒေါ်အက်စနက်ထူး(ရေပူရွာ)

“ကျွန်မအသက်က လေးဆယ်ရှိပြီ။ ကျွန်မတို့ ငယ်ငယ်တုန်းက လမ်းလည်းမရှိ၊ အခုလို အေးအေးချမ်းချမ်းလည်းမရှိတော့ အတော်ခက်ပါတယ်။ ကျွန်မတို့ သက်တူရွယ်တူ သူငယ်ချင်းတွေဆိုရင် ရောဂါ ကြီးကြီးမားမားကြောင့် မဟုတ်ဘဲ အသက်ဆုံးရှုံးခဲ့ရတာ အများကြီးပဲ။ အခုလိုမျိုးလမ်းရှိရင် သူတို့လည်း ဒီလိုဖြစ်မှာမဟုတ်ပါဘူး။ အခုလမ်းဖြစ်လာတော့ အရေးရယ်၊ အကြောင်းရယ်ဆို ဆေးခန်းကိုအချိန်မရွေးသွားနိုင်ပြီလေ၊ ကျွန်မကတော့ လမ်းဖြစ်လာတာကို အများကြီး ဝမ်းသာတယ်၊ ကျေနပ်တယ်”

ဘို့မရွာသူတစ်ဦး

“အရင်တုန်းကတည်းက အခက်အခဲတွေကလည်း အများကြီးပါပဲ။ အခုလို လမ်းဖြစ်လာတော့ လုပ်ကိုင်စားသောက်ရတာကလည်း အဆင်ပြေတယ်။ အောက်ဆင်းရင်လည်း မခက်တော့ဘူးပေါ့။ ဒါကြောင့် အများကြီး ဝမ်းသာပါတယ်”

ဒေသခံပြည်သူတစ်ဦး

“အရင်က လမ်းက နှစ်ပေ၊ နှစ်ပေခွဲလောက်ပဲရှိတော့ လမ်းလို့ပြောရအောင်လည်း အတော်ခက်ပါတယ်။ အခုအဲဒီလမ်းကို ဆိုင်ကယ်သာမက ကားသွားလို့ရအောင်ထိ ဖောက်လုပ်ပေးတာကြောင့် ဒေသခံတွေအနေနဲ့ ဒေသထွက်ကုန်တွေဖြစ်တဲ့ ကွမ်း၊ ဖာလာစတဲ့ ခြံထွက်သီးနှံတွေကို အောက်ကို ပို့ဆောင်ရောင်းချနိုင်ပါပြီ။ နောင်မှာလည်း အခုလို မြေသားလမ်းထက် ရာသီမရွေးသွားလာနိုင်အောင် ကျောက်ချောလမ်းဖြစ်လာမယ်ဆိုရင် ပိုပြီးတော့ ကောင်းမှာပါ။ အဲဒီအတွက်လည်း နိုင်ငံတော်က စီစဉ်နေတယ်လို့ သိရတဲ့အတွက် အများကြီးဝမ်းသာပါတယ်”။ ။

တောင်ပေါ်ကျေးရွာများသို့ အရောက်သွားနိုင်မည့် မြေသားလမ်းကြောင်းအား တွေ့ရစဉ်။

■

ပညာရေးဘွဲ့ စာပေးစာယူ အနီးကပ်သင်တန်းဖွင့်မည်

နေပြည်တော် မတ် ၁၁

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးဘွဲ့စာပေးစာယူ သင်တန်းသားများ ကိုယ်တိုင်တက်ရောက်ရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အမှတ်စဉ်(၃၂) ပထမနှစ်သင်တန်းနှင့် အမှတ်စဉ်(၃၁)ဒုတိယနှစ်သင်တန်းများကို ၂၀၁၄ ခုနှစ် ဧပြီ ၂၂ ရက်မှ မေ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၁၅ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်ရန်အတွက် ၂၀၁၄ ခုနှစ် ဧပြီ ၂၁ ရက် (တနင်္လာနေ့)နောက်ဆုံးထားသတင်းပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်း

နေပြည်တော် မတ် ၁၁

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသား ဆရာ ဆရာမများ ကိုယ်တိုင်တက်ရောက်သင်ယူရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အောက်ပါအတိုင်း ကျင်းပမည်ဖြစ်သည်-

စဉ်	သင်တန်း	သင်တန်းကာလ	စာမေးပွဲကျင်းပမည့်ကာလ
၁။	အမှတ်စဉ်(၃၂) ပထမနှစ်	၂၂-၄-၂၀၁၄ မှ	၁၅-၅-၂၀၁၄ မှ
၂။	အမှတ်စဉ်(၃၁) ဒုတိယနှစ်	၁၂-၅-၂၀၁၄	၂၀-၅-၂၀၁၄

သတင်းပို့ရမည့်ရက်မှာ ၂၀-၄-၂၀၁၄ ရက်မှ ၂၁-၄-၂၀၁၄ ရက်အထိ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်

နေပြည်တော် မတ် ၁၁

ရခိုင်ပြည်နယ် မောင်တောမြို့နယ် လောင်းဒုံကျေးရွာအုပ်စု ဆင်သေပြင် အရှေ့ရွာ၌ မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်တွင် မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ၎င်းရွာနေ မခူရှီဒါဘေဂေါင် (၄၀)နှစ်၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းပြီး အနီးရှိ နေအိမ်များအပြင် ဆင်သေပြင်အရှေ့ရွာ၏တောင်ဘက် ကိုက် ၅၀၀ ခန့်အကွာရှိ ပန်းမြောင်းကျေးရွာသို့ မီးပွားလွင့်စဉ်၍ ကူးစက်လောင်ကျွမ်းခဲ့ရာ ကျေးရွာနေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၅ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ဆင်သေပြင် အရှေ့ရွာရှိ နေအိမ် ၃၂ လုံး၊ ပန်းမြောင်းကျေးရွာရှိ နေအိမ် ၇၁ လုံး၊ ဆန်တစ်တင်းခွဲအိတ် ၁၀၀၀၊ စပါးတင်း ၁၂၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူ မခူရှီဒါဘေဂေါင်အား အမှုဖွင့်ထားကြောင်း ဆင်သေပြင်အရှေ့ရွာမှ ကျား ၁၄၂ ဦး၊ မ ၁၆၄ ဦး၊ ပန်းမြောင်းကျေးရွာမှ ကျား ၁၇၆ ဦး၊ မ ၁၈၆ ဦး စုစုပေါင်း ၆၆၈ ဦးတို့မှာ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် စာသင်ကျောင်း၊ ဘာသာရေးကျောင်းများ၌ ယာယီနေထိုင်လျက်ရှိကြောင်းသိရသည်။ **(ရဲပြန်ကြား)**

နည်းပညာသတင်း ALEZ

LG G3 မေ ၁၇ တွင် ပေါ်ထွက်မည်

Samsung မိုဘိုင်းလုပ်ငန်းစုမှ ရေနှင့်ဖုန်ဒဏ် ခံနိုင်ရည်ရှိသည့် Galaxy S5 အား ဈေးကွက်အတွင်း ပို့ဆောင်ပြီးချိန်တွင် ယခုတစ်ဖန် LG မှလည်း ၎င်းကဲ့သို့ ရေနှင့် ဖုန်ဒဏ် ခံနိုင်ရည်ရှိသည် စမတ်ဖုန်းတစ်မျိုးကို စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။ အဆိုပါဖုန်း၏ ထူးခြားချက်မှာ ရေနှင့်ဖုန်တို့အပြင် ဟင်းချိုနှင့်ဆီများ ပေစွန်းမှု အစရှိသည်များကိုပင် ခံနိုင်ရည်ရှိနိုင်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏သတင်းစာမျက်နှာများတွင် တွေ့ရှိရသည်။ ယင်းကဲ့သို့ ခံနိုင်ရည်ရှိစေရန် အဆိုပါစမတ်ဖုန်း၏ ကိုယ်ထည်ပိုင်းဆိုင်ရာကို အထူးနည်းပညာအသုံးပြုဖန်တီးထားကြောင်း သိရသည်။ မျက်နှာပြင် အကျယ် ၅ ဒသမ ၅ လက်မရှိပြီး ရုပ်ထွက်ပိုင်းဆိုင်ရာ အထူးကောင်းမွန်မည်ဟု ၎င်းစာမျက်နှာတွင် ဖော်ပြထားသည်။ ကင်မရာ အရည်အသွေးမှာ ၁၆ Megapixel ရှိမည်ဟု သိရပြီး OIS နည်းပညာအသုံးပြုထားသည်ဟု ၎င်းလုပ်ငန်းစာမျက်နှာတွင် တွေ့ရသည်။ Samsung ၏ Galaxy S5 ကဲ့သို့ပင် လက်ဗွေဖတ်သည့်စနစ်လည်း ထည့်သွင်းပေးထားပြီး ဖုန်း၏ လုပ်ဆောင်မှုစနစ်အတွက် LG Odin Chipset ကို ထည့်သွင်းဖန်တီးပေးထားကြောင်းကို LG ၏ ပြန်ကြားရေးတာဝန်ရှိသူက ပြောကြားထားကြောင်း သိရသည်။ အဆိုပါ LG ၏ G3 စမတ်ဖုန်းအား လာမည့် မေ ၁၇ ရက်တွင် စတင်၍ ဈေးကွက်အတွင်းသို့ ပို့ဆောင်ပေးမည်ဟု သိရသည်။

ဝက်နားရွက်ပြာရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဝက်နားရွက်ပြာရောဂါ စတင်ကူးစက်ပြန့်ပွားခဲ့ရာ ရောဂါရပ်စဲအောင်ထိန်းချုပ်နိုင်ခဲ့သော်လည်း မွေးမြူသူအချို့ ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခဲ့ရပါသည်။ ဝက်နားရွက်ပြာရောဂါသည် လူသို့ ကူးစက်မှုမရှိသော်လည်း ဝက်များတွင် ကူးစက်မှုနှင့် သေဆုံးမှုမြင့်မား၍ မွေးမြူရေးလုပ်ငန်းကို စီးပွားရေးအရ လွန်စွာထိခိုက်စေသော ရောဂါဖြစ်ပါသည်။ ကာကွယ်ဆေး၏အာနိသင်သည် အချိန်တိုတောင်းပြီး ရောဂါဗိုင်းရပ်စ်မျိုးကွဲများကို ကာကွယ်မှုမပေးနိုင်သဖြင့် ဝက်နားရွက်ပြာ ကာကွယ်ဆေးအသုံးမပြုရန်နှင့် ရောဂါကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရာတွင် ခြံကို မွေးမြူရေးခြံသုံးပိုးသတ်ဆေးဖြင့် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်၍ တိရစ္ဆာန်၊ လူ၊ ယာဉ် ဖြတ်သန်းသွားလာမှုကို ထိန်းချုပ်ရန်။

(ခ) တစ်ပိုင်တစ်နိုင်ဝက်မွေးမြူသူများအနေဖြင့် စားကြွင်း စားကျန်များကို စုဆောင်းကျွေးမွေးပါက ကျက်အောင်ချက်ပြုတ်ပြီးမှ ဝက်များကို ကျွေးမွေးရန်။

(ဂ) ဝက်မွေးမြူရေးခြံလုပ်သားများအနေဖြင့် နှာခေါင်းစည်း၊ လက်အိတ် စသည်များ စနစ်တကျ အသုံးပြုရန်နှင့် ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ခြင်း။

(ဃ) ရောဂါတစ်ခုခုဖြစ်ပွားနေသော ဝက်၊ မည်သည့်ရောဂါနှင့်မဆို သေဆုံးသော ဝက်နှင့် အဆိုပါဝက်၏ အစိတ်အပိုင်းတစ်စုံတစ်ရာကို သယ်ဆောင်ခြင်း၊ လှီးဖြတ်ခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုလုပ်ရန်။

(င) ရောဂါဖြင့် သေဆုံးသောဝက်နှင့် အညစ်အကြေးများ၊ စားကြွင်းစားကျန်များနှင့် အသုံးအဆောင်ပစ္စည်းများကို မြေမြှုပ်မီးရှို့ဖျက်ဆီးရန်၊ ပြန်လည်အသုံးပြု၍ရသော အသုံးအဆောင်ပစ္စည်းများကို ပိုးသတ်သန့်စင်ပြီးမှ ထပ်မံအသုံးပြုရန်။

(စ) စည်ပင်သာယာဈေးများတွင် ရောင်းချသောဆိုင်မှ ဝက်သားကိုသာ ဝယ်ယူစားသုံးရန်။

(ဆ) တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားလျှင်ဖြစ်စေ၊ ကူးစက်ရောဂါဖြစ်သည်ဟု သံသယရှိလျှင်ဖြစ်စေ၊ နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းအကြောင်းကြားရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန



ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့ သက်ဆိုင်သူများမှ ငွေပေးသွင်းရန် အကြောင်းကြားခြင်း

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနမှ ရေယာဉ်/တွဲယာဉ်များအား ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များသည် နှစ်ဖက်အတည်ပြုထားသည့် ငှားရမ်းစာချုပ်များဖြင့် ငှားရမ်းအသုံးပြုခဲ့ပါသည်။ အောက်အမည်ပါ ပုဂ္ဂိုလ်တို့သည် ငှားရမ်းအသုံးပြုခဲ့သည့် ရေယာဉ်/တွဲယာဉ်များအတွက် ပူးတွဲပါငွေကြေးများပေးသွင်းရန် ကျန်ရှိနေပါသည်။ငှားရမ်းခကြွေးကျန်များကို ပေးဆပ်ရန် အကြိမ်ကြိမ် တောင်းခံခဲ့သော်လည်း ပေးဆပ်ခြင်းမရှိသဖြင့် နိုင်ငံတော်အစိုးရသို့ ပေးသွင်းရန် ကျန်ရှိနေသည့်ငွေများအား သတင်းစာ၌ ကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ပေးသွင်းရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

စဉ်	အမည်	ကြွေးကျန်	နေရပ်လိပ်စာ
၁	ဦးမျိုးသန်းဝင်း	၃၅၂၉၀၉၉၀	အမှတ်(၁၅)၊၅/၆၊အေးရိပ်မွန်(၁)လမ်း၊ လှိုင်မြို့နယ်။
၂	ဦးဇော်ဝိတ်	၅၀၃၀၀၀၀	၁၆၉၊ (၁)ရပ်ကွက်၊ ခံတပ်ကြီးလမ်း၊ မင်းလှမြို့။
၃	ဦးလှဌေး	၅၅၂၀၀၀၀	၃၄-E၊စမ်းရေတွင်းလမ်း၊ ဗဟန်းမြို့နယ်။
၄	ဦးအောင်ဝင်းသိမ်း	၂၇၃၄၀၀၀၀	တိုက်(၂)၊ အခန်း(၄၀၃)၊ မနော်ဟာရီရိပ်သာ၊ အလုံမြို့နယ်။
၅	ဦးအောင်မျိုးချစ်	၃၅၁၀၀၀၀	အမှတ်(၁၅)၊၅/၆၊ အေးရိပ်မွန်(၁)လမ်း၊ လှိုင်မြို့နယ်။
၆	ဦးပိုင်စိုးအောင်	၅၈၆၃၈၀၀	အမှတ်(၈/၄)၊ရောသီရိသဲလမ်း၊ လပွတ္တာမြို့။

(ကုန်ပို့ဆောင်ရေးဌာနခွဲ)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

သန်းခေါင်စာရင်းအကြို လှုံ့ဆော်ဖျော်ဖြေရေးယာဉ် မလှိုင်၌ဖျော်ဖြေ

မလှိုင် မတ် ၁၁

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူတစ်ရပ်လုံးမှ သိရှိနားလည်ပူးပေါင်းပါဝင်နိုင်ရေးအတွက် ရုပ်ရှင်သရုပ်ဆောင် ဟာသလူရွှင်တော် ငှက်ပျောကြော်၊ ဂေါ်ဇီလာနှင့် တေးသံရှင် ဟဲလေးပါဝင်သော ဖျော်ဖြေရေးယာဉ်နှစ်စီးသည် မတ် ၁၀ ရက် နံနက် ၁၁ နာရီခန့်က မလှိုင်မြို့မဈေးအနောက်ဘက် ပွဲစားတန်းလမ်းမပေါ်၌ဟောပြောဖျော်ဖြေခဲ့သည်။ ဉာဏ်စမ်းပဟေဠိဖြေဆိုရာ၌ ဒေသခံပြည်သူများက သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းများအား မှန်ကန်အောင်ဖြေဆိုနိုင်သူများကို တီရှပ်အင်္ကျီ၊ ဦးထုပ်များ လက်ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

မအူပင် မတ် ၁၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်သည့် မအူပင်မြို့နယ် ထန်းပင်ကွေ့အရှေ့-အခြံလမ်းပိုင်း (၉/၁) မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ခိုင်သစ်ထရေးဒင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က သတ်မှတ်စံချိန်ပြည့်မီရေးနှင့် အချိန်မီပြီးစီးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကျေးလက်လမ်းကွန်ကရစ်ခင်း

တိုက်ကြီး မတ် ၁၁

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် တိုက်ကြီး-စဉ့်ကူး ကျေးလက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပဲခူးရုပ်သံစက်ရုံ၌ Digital ရုပ်/သံလွှင့်စက်ပစ္စည်းများ တပ်ဆင်နေစဉ်ကာလအတွင်း လက်ရှိ 5KW အစား 500 W ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးမည်

နေပြည်တော် မတ် ၁၁

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ မြိတ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပဲခူးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် မတ် ၁၂ ရက်မှ ၂၅ ရက် အတွင်း Digital စနစ်ဖြင့် ထုတ်လွှင့်သောစက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှုများ ဆောင်ရွက် မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ် Analogue 5KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ Analogue 500W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ယင်းသို့ 500 W ဖြင့် ထုတ်လွှင့်မှုကို ပဲခူးစက်ရုံမှ မြောက်ဘက်တွင် ဘုရားကြီး၊ ဖျာပုံကြီး၊ အရှေ့ဘက်တွင် ဇဝါနှင့် တောင်ဘက်တွင် အင်းတကော်၊ ရဲမွန်အထိ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 5KW ဖြင့် ထုတ်လွှင့်စဉ်က ရရှိနေသော ၁၀ မိုင်ကျော်နေရာများမှ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 5KW ဖြင့် ပြန်လည်ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နှစ် ၅၀ ကျော် ကြာမြင့်ခဲ့သည့် သုံးဘီးယာဉ်များကိုလည်း အပ်နှံခွင့်ပြုသည့်အထဲတွင်ပါရန် မျှော်လင့်လျက်ရှိ

နေပြည်တော် မတ် ၁၁

ယာဉ်အိုယာဉ်ဟောင်းအပ်နှံ၍ အစားထိုးယာဉ်များတင်သွင်းခွင့်ပြုရာတွင် ယာဉ်၏ထုတ်လုပ်ထားသည့်ခုနှစ် (Model) ကိုကြည့်၍ အပ်နှံခွင့်ပြုသွားပါက မော်တော်ယာဉ်များ၏ စလစ်ဈေးမှာ သိသိသာသာကျဆင်းလာနိုင်မည်ဖြစ်ကြောင်း မော်တော်ကားရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဝင်းက ပြောသည်။

"အကယ်၍ ယာဉ်အိုယာဉ်ဟောင်းအပ်နှံခွင့်ပြုမယ်ဆိုရင် မော်ဒယ်အလိုက်ကိုပဲ ကြည့်ပြီးတော့ အပ်နှံခွင့်ပြုသင့်တယ်။ တချို့မော်ဒယ်တွေဆိုရင် အက္ခရာကမြင့်ပြီးတော့ နှစ်သက်တမ်းအတော်ကြာတဲ့ ကားတွေရှိတယ်။ တကယ်လို့ မော်ဒယ်အလိုက်ကို အပ်နှံခွင့်ပြုမယ်ဆိုရင်လက်ရှိကားစလစ်ဈေးက အများကြီး လျှော့ကျသွားနိုင်တယ်" ဟု ၎င်းက ပြောသည်။

၁၉၆၀ ပြည့်နှစ်ကထုတ်လုပ်ထားသည့် မန္တလေး၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးများတွင် မောင်းနှင်လျက်ရှိသည့် သုံးဘီးယာဉ်များကိုလည်း အပ်နှံခွင့်ပြုသည့်အထဲမှာ ပါဝင်သင့်ကြောင်း၊ ယင်းသုံးဘီးယာဉ်များသည် ၅၃ နှစ်ခန့်ကြာမြင့်ပြီဖြစ်ပြီး ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော ယာဉ်များဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ်များ အပ်နှံခွင့်ပြုရာတွင် အပ်နှံရမည့် အစီအစဉ်များကို ပြည်သူများသိရှိရန်ကြိုတင်၍ ထုတ်ပြန်သင့်ကြောင်း အပ်နှံရမည့် ယာဉ်အမျိုးအစားကို မသိရှိပါက မော်တော်ကားဈေးကွက်မှ ဝယ်/ရောင်းများက ဈေးကစားလာနိုင်ကြောင်း မော်တော်ယာဉ်ရောင်းဝယ်ရေးစခန်း မော်တော်ကားဝယ်/ရောင်းပြုလုပ်သူများထံမှ သိရသည်။ **(ကေသိန်းဆွေ)**

ဓမ္မသုခကုန်းတော်ပေါ်၌ သာသနာ့နာမကသိမ်တော် ဆောက်လုပ်လှူဒါန်း

မလှိုင် မတ် ၁၁

မလှိုင်မြို့ အမှတ်(၄)နယ်မြေ သီရိဇေယျံငါးဆူကျောင်းတိုက်ဝင်းအတွင်းရှိ ဓမ္မသုခကုန်းတော်ပေါ်၌ သာသနာ့ နာမကသိမ်တော်အား မတ် ၈ ရက် နံနက် ၇ နာရီက ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။

"၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်က မြေသန့်မင်္ဂလာကျင်းပတယ်၊ အာစီကွန်ကရစ်တစ်ထပ်သိမ်တော်ဖြစ်တယ်၊ အလျား ၃၄ ပေ၊ အနံ ပေ ၃၀ ရှိပြီး ကုန်ကျခန့်မှန်းငွေကျပ် သိန်း ၃၀၀ ကျော်ရှိကာ သိမ်တော်အလှူရှင်များဖြစ်တဲ့ ဘုရားဒါယကာ ဦးရွှေ ဇနီး ဒေါ်ခင်စိန်းမိသားစုကဆရာတော်အရှင်သူမြတ်များ တရားဘာဝနာအားထုတ်နိုင်ရန်နှင့် ဝါတွင်းကာလများ၌ ဒေသခံပြည်သူများ ဥပုသ်သီလဆောက်တည်ရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်လှူဒါန်းတာပါ"ဟု ကျောင်းထိုင်ဆရာတော် ဦးသုမနက မိန့်ကြားခဲ့သည်။

ကျော်ကျော်(မလှိုင်)

ဆားလင်းကြီးမြို့နယ် ကံကုန်းရွာတွင် အခမဲ့ဆေးကုသပေး

ဆားလင်းကြီး မတ် ၁၁

ဆားလင်းကြီးမြို့နယ် ကံဘုန်းကျေးရွာ ဗောဓိဘုန်းတော်ကြီးကျောင်း၌ မတ် ၈ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဌေးဌေးရီနှင့်အတူ ဆရာဝန်ခြောက်ဦးသည် ဒေသခံများအား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ အဆိုပါ အဖွဲ့သည် ကံကုန်းဒေသခံများထဲမှ အသေးစားခွဲစိတ်မှု ၃၃ ဦး၊ အကြီးစားခွဲစိတ်မှု လူနာ ၃၁ ဦး၊ မျက်မှန်တပ်ဆင်ပေးရသူ ၁၃၅ ဦး၊ မျက်ခမ်းစပ်ဆေးကြောပေးရသူ ၁၈၂ ဦး စုစုပေါင်းလူနာ ၃၈၁ ဦးတို့အား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

ပေါင် မတ် ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော လက်သမား၊ ပန်းရန်၊ သံချည်၊ သံကွေးလုပ်ငန်းအထောက်အကူပြုသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်က အထက(ပေါင်) ရွှေရတုခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲကို မွန်ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်က သင်တန်းအဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းအထောက်အကူပြုပစ္စည်းများနှင့် လက်သမား၊ ပန်းရန်၊ လုပ်ငန်းသုံးပစ္စည်းများပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ပေါင်မြို့နယ် ထန်းပင်ချောင်လေးကျေးရွာတွင် ဖွင့်လှစ်ခဲ့ဖြစ်ပြီး သင်တန်းသား စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ကျေးလက်)**

ပြင်ဆင်ဖတ်ရှုပါရန်နှင့် အနူးအညွတ်တောင်းပန်ခြင်း

၁၁-၃-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၄)ပါ ဗိုလ်လင်းထက်အောင်(ခ) ထက်ဝံ့ကျော်ဇံနှင့် မဟန်သဉ္ဇာတို့၏ လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာကြော်ငြာတွင် ဒုတိယ ဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးဦးကျော်ဇံအစား ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)ဦးဦးကျော်ဇံဟု ပြင်ဆင် ဖတ်ရှုပါရန်နှင့် ကာယကံရှင်မှ မှားယွင်းပေးပို့မှုအပေါ် စာတည်းအဖွဲ့က စစ်ဆေး ပြင်ဆင်ရန် အားနည်းသည့် အတွက် ယခုကဲ့သို့ မှားယွင်းပါရှိခဲ့ခြင်းဖြစ်၍ စာဖတ်ပရိသတ်အား အနူးအညွတ် တောင်းပန်အပ်ပါသည်။

စာတည်းအဖွဲ့



လင်မယားကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်

ပဲခူးမြို့၊ အမှတ်(၅)မင်းလမ်း၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်နေ ကျွန်မ မခင်မေသန်း[၇/ပခန(နိုင်)၂၁၆၅၆၂] နှင့် ကိုအာကြီး(ခ)ကိုအောင်ကျော်မိုး[၇/ပခန(နိုင်)၁၉၁၂၄၅]တို့သည် တရားဝင်အကြင်လင်မယားအဖြစ်မှ အသိသက်သေလူကြီးများရှေ့မှောက်၌ ၂၇-၂-၂၀၁၄ ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ အကြင်လင်မယားအဖြစ်သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

မခင်မေသန်း [၇/ပခန(နိုင်)၂၁၆၅၆၂]

သုံးနှစ်ကျော်မှ ပြန်လည်ပေါ်ထွက်လာသည့် မာရမ်ဒါလမ်းဘတ်၏ ပလက်တီနမ်

အယ်လ်ဘမ်အသစ်ထွက်ရှိခြင်းနှင့် သုံးနှစ်နီးပါးမျှ ကင်းကွာခဲ့သူ အမေရိကန်ကန်းထရီးဂီတကြယ်ပွင့် မာရမ်ဒါလမ်းဘတ်က ယခုအခါ Platinum အမည်ရှိ တစ်ကိုယ်တော်အယ်လ်ဘမ်သစ်ဖြင့် ပထမဆုံးအကြိမ် ပွဲထွက်လာခဲ့ပြီဖြစ်ပြီး ယင်းအယ်လ်ဘမ်သစ်ကို ဇွန် ၃ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

တေးသံရှင် မာရမ်ဒါလမ်းဘတ်သည် ၂၀၁၁ ခုနှစ်က Four the Record ကန်းထရီးတေးအယ်လ်ဘမ်ကို နောက်ဆုံးအကြိမ် ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအယ်လ်ဘမ်သည် ၎င်း၏ ပဉ္စမမြောက်စတူဒီယိုအယ်လ်ဘမ်ဖြစ်ကြောင်းကို လွန်ခဲ့သည့် တနင်္လာနေ့က ဂွတ်မောနင်းအမေရိက အစီအစဉ်တွင် တရားဝင် ထုတ်ဖော်ကြေညာခဲ့သည်။

ယင်းအယ်လ်ဘမ်သစ်ကို Platinum ဟု အမည်ပေးရခြင်းနှင့်ပတ်သက်၍ ပလက်တီနမ်သည် လက်ထပ်လက်စွပ်အပါအဝင် အကြိုက်ဆုံးအသုံးအဆောင်များစွာတွင် ပါဝင်လေ့ရှိသဖြင့် ယင်းသို့နာမည်ပေးရွေးချယ်ထားခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မာရမ်ဒါလမ်းဘတ်၏ အယ်လ်ဘမ်သစ်တွင် ယခုလက်ရှိ ဘီလ်ဘုတ်၌ နံပါတ် ၂၂ နေရာရပ်တည်နေသည့် Ambition တစ်ကိုယ်တော်တေးသီချင်းလည်း ပါဝင်မည်ဖြစ်ကာ မင်းသမီးကယ်ရီးအန်ဒါဝုဒ်ကလည်း စုံတွဲတစ်ပုဒ် ပါဝင်ကူညီအားဖြည့်ပေးထားသည်။

အဆိုပါအယ်လ်ဘမ်သစ်ကို လာမည့် ဇွန် ၃ ရက် ဂွတ်မောနင်းအမေရိကအစီအစဉ်တွင် ဖျော်ဖြေမှုများနှင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

The X Factor သို့ ပြန်လာမည့် ချယ်ရီကိုးလ်

Girls Aloud အမျိုးသမီးတေးဂီတအဖွဲ့မှ တေးသံရှင် ချယ်ရီကိုးလ်က ၂၀၁၁ ခုနှစ်တွင် The X Factor သီချင်းဆိုပြိုင်ပွဲမှ အကဲဖြတ်ဒိုင်အဖြစ် စွန့်ခွာပြီးနောက် ယခုတစ်ဖန် ယင်းပြိုင်ပွဲသို့ ထပ်မံဝင်ရောက်လာဦးမည်ဖြစ်ကြောင်း သိရသည်။

ချယ်ရီကိုးလ်သည် အဆိုပါ The X Factor ပြိုင်ပွဲတွင် လစာ ပေါင် ၁ ဒသမ ၅ သန်းဖြင့် အကဲဖြတ်ဒိုင်အဖြစ် တရားဝင်ပြန်လည် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ယင်းပြိုင်ပွဲမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဆိုင်မွန်ကောဝဲလ်က ၎င်း၏တွစ်တာစာမျက်နှာရှိ ၉ ဒသမ ၅ သန်းသော followers များကို ကြေညာခဲ့သည်။

ထို့အပြင် တေးသံရှင် ချယ်ရီကိုးလ်ကလည်း ၎င်း၏ Instagram မှတစ်ဆင့် အဆိုပါ The X Factor 11 season ပြိုင်ပွဲသို့ တရားဝင်တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း ကြေညာခဲ့သည်။

ချစ်သူ၏ သဝန်တိုမှုနှင့်ကြုံနေရသူ တေးသံရှင် ရှာကီရာ

ကမ္ဘာ့ဖလားဘောလုံးပွဲ ဖွင့်ပွဲသီချင်းဖြင့် ပိုမိုထင်ရှားကျော်ကြားလာခဲ့သူ လက်တင်အဆိုတော် ရှာကီရာက အခြားသော အမျိုးသားများနှင့် ညစ်ညမ်းသည့် တေးသီချင်းဗီဒီယိုများရိုက်ကူးခြင်းကို ၎င်း၏ချစ်သူဘာစီလိုနာဘောလုံးကစားသမား ဂျရတ်ပီကေးအနေဖြင့် တားမြစ်ပိတ်ပင်ထားကြောင်း တရားဝင်ဝန်ခံပြောကြားခဲ့သည်။

ရှာကီရာ၏ လက်တွဲဖော်ဘောလုံးသမား ပီကေးအနေဖြင့် အခြားအမျိုးသားတစ်ဦးနှင့် တွဲဖက်ကာ ယင်းကဲ့သို့ မတင့်မတယ်တေးသီချင်းဗီဒီယိုများကို ကြည့်ရသည်မှာ စိတ်မသက်သာလှပါကြောင်း၊ သို့သော် မကြာမီကထွက်ရှိခဲ့သည့် ရီဟန်းနားနှင့်ရိုက်ကူးထားသော ညို့ချက်ပြင်းသည့်ရိုက်ကွက်များပါဝင်သည့် I Can't Remember To Forget You တေးသီချင်း ဗီဒီယိုကိုမူ ပီကေးကမည်သို့မှ ကောက်ချက်ပေးထားခြင်းမရှိကြောင်း သိရသည်။

"သူက သိပ်သဝန်တိုတတ်တယ်၊ ဒါကြောင့် အမျိုးသားတွေနဲ့ ဗီဒီယိုရိုက်ကူးမှုတွေကို သိပ်ခွင့်ပြုပေးလေ့မရှိဘဲ အမျိုးသမီးများနဲ့သာ ရိုက်ကူးခွင့်ပြုလေ့ရှိတယ်"ဟု တေးသံရှင် ရှာကီရာက ဆိုခဲ့သည်။

ထို့အပြင် တေးသံရှင် ရှာကီရာ ကိုယ်တိုင် ၂၀၁၁ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ထားသည့် Shakira အမည်ရှိ ဒသမမြောက် စတူဒီယိုအယ်လ်ဘမ်အသစ်ကို ယခုလအတွင်း ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်းရဲမှုလျှော့ချရေးတွင် လူငယ်များကိုအဓိကတွန်းအားပေးမည့် ဂီတပညာရှင်များ

One Direction၊ Jessie J တို့အပါအဝင် အခြားနာမည်ကျော်ဂီတကြယ်ပွင့်များပါဝင်သောအဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာဆင်းရဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများအတွက် လူငယ်များကိုအဓိကတွန်းအားပေးဆောင်ရွက်သွားမည့် စီမံကိန်းတစ်ခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုအခါ ကမ္ဘာကြီးမှာ ဆင်းရဲမှုပြဿနာဟာ တော်တော်ကြီးမားတဲ့ကိစ္စတစ်ခုဖြစ်လာနေပါတယ်၊ ဒါပေမယ့် အခုလို နာမည်ကြီးအနုပညာရှင်တွေနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်"ဟု One Direction အဖွဲ့က ဆိုသည်။

အဆိုပါစီမံကိန်းတွင် ဂီတပရိသတ်များအနေဖြင့်လည်း စာနာထောက်ထားခြင်းစာလွှာများလက်မှတ်ထိုးခြင်း၊ လူမှုကွန်ရက်ဝက်ဘ်ဆိုက်မှတစ်ဆင့် ဗဟုသုတများဝေမျှခြင်း၊ ဒေသတွင်းတာဝန်ရှိသူများနှင့် အစားအစာ ထောက်ပံ့လှူဒါန်းခြင်းတို့ကို အနုပညာရှင်များနှင့်အတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းသို့ ဗြိတိန်မှ အနုပညာရှင်ပေါင်း ၁၀၀ ကျော်က ပါဝင်ကူညီရန် လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

မျိုးစန္ဒာမောင် စုစည်းသည်



ဂျာမနီအခွန်အာဏာပိုင်အဖွဲ့ထံမှ ယူရို ၁၈ သန်းလိမ်လည်ခဲ့ကြောင်း ဘိုင်ယန်မြူးနစ်ဥက္ကဋ္ဌ ဟိုးနက်စ် တရားရုံး၌ဝန်ခံပြောကြား

ဂျာမန် ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ် အသင်းဥက္ကဋ္ဌ ဟိုးနက်စ်သည် ဂျာမနီအခွန်အာဏာပိုင်အဖွဲ့ထံမှ ယူရို ၁၈ သန်းလိမ်လည်ခဲ့ကြောင်းနှင့်ပတ်သက်၍ တရားရုံး၌ ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။ ထို့အပြင် အစိုးရရှေ့နေများကလည်း ဘိုင်ယန်မြူးနစ်အသင်းဥက္ကဋ္ဌ ဟိုးနက်စ်အား ယူရို၃ ဒသမ ၅ သန်းလိမ်လည်ခဲ့မှုနှင့် စပ်လျဉ်း၍ တရားစွဲဆိုထားပြီး ထောင်သွင်း အကျဉ်းချရန်လည်း တောင်းဆိုထားသည်။

အဆိုပါ အသက်(၆၂)နှစ်အရွယ် ဘိုင်ယန်မြူးနစ်အသင်းဥက္ကဋ္ဌ ဟိုးနက်စ်သည် လျှို့ဝှက်ဆွစ်ဇာလန်ဘဏ်အကောင့်တစ်ခုဖြင့် ရန်ပုံငွေများကို သိမ်းဆည်းထားခဲ့ခြင်း ဖြစ်သည်။ လက်ရှိတွင် ဟိုးနက်စ်အား စစ်ဆေးမှုများ ပြုလုပ်နေပြီး အခွန်လိမ်လည်မှုဆိုင်ရာ ပြစ်ဒဏ်သည် ထောင် ၁၀ နှစ်ကျနိုင်ကြောင်းနှင့် အစိုးရရှေ့နေများ အနေဖြင့်လည်း ထောင်ဒဏ်ခုနစ်နှစ်ကျခံစေရန် တောင်းဆိုလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။

တာစတီဂန်နေရာတွင်အစားထိုးရန် ယန်ဆွမ်မာအားဂလာဘတ်စာချုပ်

ဂျာမန်ဘွန်ဒက်လီဂါကလပ် မိုချန်ဂလာဘတ်အသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားတော့မည့် ဂိုးသမားတာစတီဂန်၏နေရာတွင် အစားထိုးရန်အတွက် ဆွစ်ဇာလန်ကလပ် ဘေဆယ်အသင်းမှ ဆွစ်ဇာလန်ဂိုးသမား ယန်ဆွမ်မာအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းအနေဖြင့်လည်း လက်ရှိဂိုးသမား ဗစ်တာ ဗဲလ်ဒက်အား အစားထိုးရန်အတွက် မိုချန်ဂလာဘတ်အသင်းမှ ဂျာမနီဂိုးသမား တာစတီဂန်အား ရာသီကုန်တွင် ယူရို ၉-၁၂ သန်းဖြင့် ခေါ်ယူရန် အခိုင်အမာ ပြောကြားခဲ့သည်။ ထို့ကြောင့် ဂလာဘတ်အသင်းအားကစားဒါရိုက်တာမက်ဇ် အီဘာယ်လ်အနေဖြင့် တာစတီဂန် နေရာတွင် ဘေဆယ်ဂိုးသမား ယန်ဆွမ်မာဖြင့် အစားထိုးခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဘေဆယ်ဂိုးသမား ယန်ဆွမ်မာသည် ၂၀၁၀ ခုနှစ်မှစတင်ကာ ဘေဆယ်

အသင်း၏ ပထမပွဲထွက်ကစားသမားဖြစ်လာခဲ့ပြီး ဘေဆယ်အသင်းနှင့်အတူ ၁၅၂ ပွဲအထိ ပွဲထွက်ကစားပေးခဲ့ပြီး ဆွစ်စူပါလိဂ်ဖလားသုံးကြိမ်အထိ ရယူပေးနိုင်ခဲ့သည်။



ဘရာဇီးနောက်တန်းကစားသမား သီယာဂိုဆေးလ်ဗား ပီအက်စ်ဂျီ၌ ဆက်နေမည်

ဘရာဇီးနောက်တန်း ကစားသမား သီယာဂိုဆေးလ်ဗားသည် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း၌ ပျော်ရွှင်မှုရရှိနေကြောင်းနှင့် ပီအက်စ်ဂျီအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းမကုန်ဆုံးမီ အသင်းမှ ထွက်ခွာရန် ဆန္ဒမရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အခြားအသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများ ရှိနေသည်ဟု ထင်ကြေးပေးခြင်း ခံထားရသော်လည်း ပီအက်စ်ဂျီအသင်း၌သာ ဆက်ကစားမည်ဖြစ်ကြောင်းလည်း သီယာဂိုဆေးလ်ဗားက ထပ်လောင်း ပြောကြားခဲ့သည်။

ပီအက်စ်ဂျီ ဗဟိုနောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားသည် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းမွန်ဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် အခြားကလပ်အသင်း အတော်များများကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေကြောင်းလည်း သိရသည်။ သို့ရာတွင် ပီအက်စ်ဂျီအသင်း၌ ပျော်ရွှင်မှုရရှိနေကြောင်းနှင့် ၎င်း၏ လက်ရှိစာချုပ်သက်တမ်းကိုလည်း ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိနေကြောင်းလည်း သီယာဂိုဆေးလ်ဗားက ပြောကြားခဲ့သည်။

ငွေကြယ်

ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသော ကစားသမားများကို တွေ့ရစဉ်။

တပ်ကုန်းမြို့နယ် ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပမည်

နေပြည်တော် မတ် ၁၁

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ပထမအကြိမ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာန မြို့နယ်ဖူဆယ်ဘောလုံးဆပ်ကော်မတီအဖွဲ့တို့မှပူးပေါင်း၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို တပ်ကုန်းမြို့နယ်ရှိ မြို့နယ်အားကစားကွင်းတွင် ကျင်းပမည်ဖြစ်ပြီး တပ်ကုန်းမြို့နယ်အတွင်းရှိ ကစားသမားများသာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများသည် လျှပ်စစ်အင်ဂျင်နီယာရုံးသို့မတ် ၁၈ ရက် နောက်ဆုံးထားစာရင်းပေးသွင်းရမည်ဖြစ်ကြောင်း၊ အသင်းဝင်ကြေးအဖြစ် ငွေကျပ်တစ်သောင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက်တွင် တပ်ကုန်းမြို့နယ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုခွဲ၍ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဇင်ဘို)

ကျေးဇူးဆပ်ပါမည်

ဦးအောင်ဆန်းဦး[၁၀/မဒန(နိုင်)၁၉၆၉၂၅]၏ နိုင်ငံကူးလက်မှတ်အမှတ်-M-290245 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။ ဖုန်း-၀၉-၄၉၈၂၇၀၄၉



အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးရုံးချုပ်
ယာဉ်မောင်း၊ ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေး ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် လူတွေ့/နှုတ်ဖြေစာမေးပွဲ ဖြေဆိုထားသူများ၏ အောင်စာရင်းထုတ်ပြန်ခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ် လျက်ရှိသော ယာဉ်မောင်း (လစာနှုန်း-၆၁၀၀၀-၁၀၀၀-၆၆၀၀၀) ရာထူးနေရာနှင့် ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေး (လစာနှုန်း-၅၅၀၀၀-၁၀၀၀-၆၀၀၀၀) ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် အခြားပြည်နယ်/တိုင်းဒေသကြီးတို့တွင် လူတွေ့/နှုတ်ဖြေစာမေးပွဲဖြေဆို အောင်မြင်သူများ၏ အမည်စာရင်းကို မိမိတို့ဖြေဆိုခဲ့သည့် စာစစ်ဌာနများရှိရာ အောက်ပါ နေရာများနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးရုံးများတွင် ၁၂-၃-၂၀၁၄ ရက်မှစ၍ ထုတ်ပြန် ကြေညာပေးထားမည်ဖြစ်ပါသည်။

(က) ယာဉ်မောင်းအောင်မြင်သူများ- ရုံးအမှတ်(၅၁)၊ လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်။

(ခ) ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေး အောင်မြင်သူများ- သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး ရုံးများ၊ နေပြည်တော်ကောင်စီနယ်မြေအတွက် ရုံးအမှတ်(၅၁)၊ လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်

၂။ စာမေးပွဲအောင်မြင်သူများ အနေဖြင့် မိမိဖြေဆိုရာ စာစစ်ဌာနများဖြစ်သော နေပြည်တော် လူမှုဖူလုံရေးရုံးချုပ်၊ ပြည်နယ်/တိုင်းဒေသကြီးရုံးများသို့ သတင်းပို့ရမည့်အခြေအနေအား အောင်စာရင်းထုတ်ပြန်ရာ ရုံးများတွင် စုံစမ်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ် သိရှိလိုပါက လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ ရုံးအမှတ်(၅၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၀၁၊ ၀၆၇-၄၃၀၃၇၁ သို့ဖြစ်စေ၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်များရှိ လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးရုံးချုပ်

စီးပွားရေးဆိုင်ရာဟောပြောပွဲကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သင်တန်းကျောင်း တွင် စီးပွားရေးဆိုင်ရာဟောပြောပွဲကို ၂၀၁၄ခုနှစ်၊ မတ်လ ၁၄ရက်(သောကြာနေ့) နံနက်(၉း၃၀) နာရီအချိန်တွင် Japan External Trade Organization (JETRO) (Yangon)၏ Executive Managing Director ဖြစ်သူ Mr.Masaki Takahara မှ "Trade and investment relations between Myanmar and Japan"ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရုံး၊ ပဉ္စမထပ်ရှိညီလာခံခန်းမ၌ ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပါ ကြောင်းနှင့် ဖုန်း(၀၁-၂၅၀၈၇၁၊ ၃၇၁၂၀၄)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ လူနေရပ်ကွက်အမှတ်(၇)၊ ဖြူဟွမ်စိုရ်လမ်း၊ မြေကွက်အမှတ်-၃၇ဟုခေါ်တွင်သော အလျားပေ၆၀×အနံ ပေ၄၀ မြေကွက်ကြီး၏ မူလအမည်ပေါက်သူ(ဒေါ်လှတင်-ဦးကျော်ဟန်)တို့နှစ်ဦးအနက် ကွယ်လွန်သူ ဒေါ်လှတင်၏အစုဖြစ်သည့် တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အကျယ် အလျား ပေ၆၀× အနံ ၂၄ပေ ပမာဏရှိ ခေါင်းရင်းဘက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အလုံးစုံတို့ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၂၈၁၇/၂၀၁၃အရ အမွေဆက်ခံပိုင်ဆိုင်လာသူ ဒေါ်မြင့်မြင့်ထွေးထံမှ စာချုပ်အဆက်ဆက်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူဦးဝင်း[၁၂/ဗဟန(နိုင်)၀၄၃၃၂၁]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ပြည့် တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၄၈)
ဒေါ်တင်တင်မော် တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၅)
တိုက်အမှတ်(၆/၈)၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၅၀၁၇၁၉၃၊ ၀၉-၇၃၀၈၇၂၄၉

တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း-တံတားအသုံးပြုခ ကောက်ခံလျက်ရှိသော အောက်ဖော်ပြပါ လမ်း-တံတားဂိတ်များ၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ၁-၄-၂၀၁၄ရက်မှ ၃၁-၃-၂၀၁၅ရက်အထိ(၁)နှစ်လမ်း၊ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ လေလံ(မဲစနစ်)ဖြင့် လေလံလုပ်ကိုင်ခွင့် ပေးအပ်မည်ဖြစ်ပါသည်-

(က) လေလံလုပ်ကိုင်ခွင့်မဲစနစ်ဖြင့်ရောင်းချမည့်ဂိတ်စခန်းများ — ကြမ်းခင်းဈေး (ကျပ်သိန်း)

ပြည်ထောင်စုလမ်းပေါ်ရှိလမ်းဂိတ်		
(၁) သုံးခွလမ်းဂိတ် တာဂွ(၆၃/၂)မှသုံးခွအထိ	ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း	၁၇၂. ၁၆
တိုင်းဒေသကြီးလမ်းပေါ်ရှိလမ်းဂိတ်များ		
(၂) တိုက်ကြီး-ဖူးကြီး-ဖောင်ကြီးလမ်းဂိတ်	တိုက်ကြီး-ဖူးကြီး-ဖောင်ကြီးလမ်း	၃၈. ၂၉
(၃) တွံတေး(မအူပင်)လမ်းဂိတ်	တွံတေးမှမအူပင်ထိ (အသွားတစ်ကြောင်းသာ)	၁၂၈. ၄၆
ပြည်ထောင်စုလမ်းပေါ်ရှိတံတားဂိတ်များ		
(၄) တွံတေးတံတားဂိတ်	လှိုင်သာယာ-တွံတေးလမ်း	၂၀၈၉. ၂၂
(၅) ပန်းလှိုင်တံတားဂိတ်	လှိုင်သာယာ-တွံတေးလမ်း	၂၅၈၈. ၅၂

(ခ) လေလံလျှောက်လွှာစတင်ဝယ်ယူနိုင်မည့်ရက်၊ နေရာ
၁၀-၃-၂၀၁၄ရက် (တနင်္လာနေ့)
ရန်ကုန်တိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ဖုန်း-၀၁-၃၇၁၃၉၄

(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်အချိန်၊ နေရာ
၁၈-၃-၂၀၁၄ ရက်၊ (အင်္ဂါနေ့) ညနေ(၁၆း၀၀)နာရီ
ရန်ကုန်တိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ရန်ကုန်မြို့

(ဃ) လေလံဖွင့်မည့်နေ့ရက်၊ အချိန်၊ နေရာ
၁၉-၃-၂၀၁၄ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၊ ရန်ကုန်မြို့

၂။ လေလံလုပ်ကိုင်ခွင့်ရယူလိုသည့် ပုဂ္ဂိုလ်လုပ်ငန်းရှင်များသည် နိုင်ငံသားများဖြစ်ရမည်။ လေလံလုပ်ကိုင်ခွင့်ပေးမည့်စနစ်နှင့် လေလံစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံးတွင် ရယူနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
လေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးကော်မတီ

မိတ္ထီလာ၌ ခြိမ်းခြောက်စာပစ်၍ ငွေကျပ် သိန်း ၅၀ တောင်းယူမှုဖြစ်ပွား

မိတ္ထီလာ မတ် ၁၁

မိတ္ထီလာမြို့ ပြည်သာယာတောင်ရပ်ကွက် (၃) လမ်းတွင်နေထိုင်သည့် လူနေအိမ်ဝင်း တစ်ခုသို့ မတ် ၁၀ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ခြိမ်းခြောက်စာပစ်၍ ငွေကျပ် သိန်း ၅၀ တောင်းယူမှုတစ်ခုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်အမှတ် ၁၉ (က)/ ၁၅၆နှင့် ၁၉(က)/၁၅၇ တွင် နေထိုင်သည့် ဦးကြည်ဝင်း (၅၀)နှစ်နှင့် ဇနီးဒေါ်မြင့်မြင့်စိုး (၄၇)နှစ်တို့၏ နေအိမ်ဝင်းအတွင်းသို့ ဆိုင်ကယ် (စိစစ်ဆဲ) အနက်ရောင်အင်္ကျီဝတ်ဆင်ထားကြသော အမည်မသိအမျိုးသား သုံးဦးမှ "စောင့်နေမယ်၊ မလာရင် သတ်ပစ်မယ်"ဟူသော အနီရောင်စာလုံးများဖြင့် ရေးသားထားသည့် ဗလာစာရွက် ကျောကပ် တစ်ရွက်အား ပစ်ချသွားခဲ့ရာ ဒေါ်မြင့်မြင့်စိုးသည် ထိုစာကိုယူ၍ အမှတ်(၃)ရဲစခန်းသို့သွားစဉ် ဒုတိယအကြိမ် ထပ်မံ၍ "ဒီနေ့ မလာရင် သတ်ပစ်မယ်" ဟူသော စာတစ်စောင်ကို အဆိုပါ အမည်မသိသူ သုံးဦးမှ ထပ်မံပစ်ချကာ ဆိုင်ကယ်ဖြင့် ပြန်လည်ထွက်သွားသည်။ ၎င်းစာကိုတွေ့ရှိသည့် သမီးဖြစ်သူ ဝေနှင်းဖြူ (၁၁) နှစ်က တွေ့ရှိသဖြင့် အမှတ် (၃) ရဲစခန်းသို့ ထပ်မံပေးပို့ခဲ့သည်။ ဒေါ်မြင့်မြင့်စိုးက အမှတ်(၃)ရဲစခန်းသို့ လာရောက်အကြောင်းကြားမှုကြောင့် ၎င်းအား ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစဝ်နေလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမောင်ရွှေ တို့က မေးမြန်းရာတွင် မတ် ၆ ရက် နံနက် ၈ နာရီခန့်က နေအိမ်ရှိ ဖုန်းသို့ "ငွေကျပ်သိန်း ၅၀ လာပေးပါ၊ မပေးရင် သတ်ပစ်မယ်၊ ကန်ပတ်လမ်းက စောင့်နေမယ်"ဟုပြောပြီး ဖုန်းချသွားကြောင်း၊ မတ် ၇ ရက် နံနက် ၉ နာရီခန့်က ဖုန်းလာသဖြင့် ကိုင်ခဲ့ရာ ပထမနေ့အတိုင်း "ကျပ်သိန်း ၅၀ လာပေးပါ၊ မပေးရင် သတ်ပစ်မယ်" ဟု ခြိမ်းခြောက်ပြောဆိုကြောင်း၊ မတ် ၁၀ ရက် နံနက် ၁၁ နာရီခန့်တွင် ဖုန်းလာ၍ကိုင်ခဲ့ပြန်ရာ ထပ်မံ၍ "ကျပ်သိန်း ၅၀ ပေးလှည့်၊ မိသားစုအားလုံးကို သိတယ်၊ ရဲတိုင်ရင် သတ်ပစ်မယ်၊ ယခုစာလာချမယ်"ဟု ပြော၍ ဖုန်းချသွားခဲ့ပြီး ခြိမ်းခြောက်စာ နှစ်စောင်ကို လာရောက်ပစ်ချခြင်းဖြစ်ကြောင်း ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (၅၇၉)

တန်ဖိုးငွေကျပ် ၂၁၆ သိန်းကျော်ရှိ ပိုင်ရှင်မဲ့ ဘိန်းမည်းများ သိမ်းဆည်းရမိ

မိတ္ထီလာ မတ် ၁၁

မိတ္ထီလာမြို့ ကားကြီးဝင်းအတွင်း၌ မတ်လ ၈ ရက် ညနေ ၆ နာရီခွဲတွင် တောင်ကြီးမြို့မှ မိတ္ထီလာမြို့သို့ ယာဉ်မောင်းဦးကျော်ရွှေ(၄၇)နှစ်မောင်းနှင်သော မင်းရာဇာ ခရီးသည်တင် ဟိုင်းလတ်အဖြူရောင်ယာဉ်အမှတ် ၂က/. . . ယာဉ်သည် မိတ္ထီလာမြို့ဂိတ်ဆုံးသို့ရောက်၍ ခရီးသည်များ ဆင်းသွားရာ ကားခေါင်မိုးပေါ်တွင် ပိုင်ရှင်မဲ့ ခရီးသွား အိတ်တစ်အိတ်နှင့် အဖြူရောင်ဆာလာအိတ်ဖြင့် ထုပ်လျက် အထုပ်ကြီး တစ်ထုပ် ကားပေါ်တွင်ကျန်ခဲ့၍ ယာဉ်မောင်းမှ ယာဉ်လိုင်းကြီးကြပ်ရေးကော်မတီသို့သတင်းပေးပို့ခဲ့သည်။ ယာဉ်လိုင်းကြီးကြပ်ရေးကော်မတီမှ တစ်ဆင့် အမှတ်(၂)ရဲစခန်းသို့ သတင်းပေးပို့သဖြင့် စခန်းမှူးရဲအုပ်မြင့်သန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

စခန်းမှူး ရဲအုပ် မြင့်သန်းနှင့်အဖွဲ့သည် အသိသက်သေများရှေ့တွင် အထုပ်နှစ်ထုပ်အား စစ်ဆေးရာ အဝတ်အစားထည့်သည့်အိတ်မှာ သော့ခတ်ထားခြင်းမရှိသဖြင့် ဇစ်အားဖွင့်ကြည့်ရာ အတွင်း၌ ဂွမ်းစောင်ဖြင့်ရစ်ပတ်ထုပ်ပိုးလျက် အတွင်း၌ အိတ်အဝါဖြင့် ထုပ်ပိုးထားသည့် ဘိန်းစိမ်းဟုယူဆရသော ပစ္စည်းခြောက်ထုပ်အား တွေ့ရသည်။ ထို့အပြင် ဆာလာအိတ်အတွင်းထည့်လျက် အဝတ်အစားထည့်သည့်အိတ်မှာလည်း သော့ခတ်ထားခြင်းမရှိသဖြင့် ဇစ်အားဖွင့်လှစ်စစ်ဆေးရာ ဂွမ်းစောင်ဖြင့်ပတ်လျက် ဘိန်းမည်းဟုယူဆရသော စိမ်းရွှေရွှေအနံ့ရှိသည့် တစ်ထုပ်လျှင် ၁ ဒသမ ၅ ကီလိုဂရမ်ခန့်ပါ အထုပ်ကြီးခြောက်ထုပ် စုစုပေါင်း အထုပ်ကြီး ၁၂ ထုပ်နှင့် သုည ဒသမ ၂ ကီလိုဂရမ်ပါ အထုပ်ငယ်တစ်ထုပ် စုစုပေါင်း အလေးချိန် ၁၈ ဒသမ ၂ ကီလိုဂရမ်ခန့် (ကာလပေါက်ဈေး ငွေကျပ် ၂၁၆ သိန်းကျော်)အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သဖြင့် မိတ္ထီလာအမှတ်(၂)ရဲစခန်းက အမှုဖွင့်ထားပြီး ပိုင်ရှင်ကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

(၁၁၁)

ဗန်းမော် – မန္တလေးမှန်လုံအမြန်ယာဉ် မီးလောင်မှုဖြစ်

တကောင်း မတ် ၁၁

တကောင်းမြို့နယ် မကျီးကုန်းအုပ်စု ဗန်းမော်-မန္တလေးကားလမ်း မိုင်တိုင် အမှတ်(၄၁) အနီးတွင် မတ် ၉ ရက် ညနေ ၆ နာရီက မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ တကောင်းရဲစခန်းမှ ဒုရဲအုပ် စန်းယုအောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ဗန်းမော်-မန္တလေး မှန်လုံအမြန်ယာဉ် ယာဉ်အမှတ် ၃ဂ/. . (လိမ္မော်ရောင်)ဖြစ်ကြောင်း တွေ့ရပြီး ဗန်းမော်မှ မန္တလေးသို့ အပြန်တွင် ယခုကဲ့သို့ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မော်တော်ယာဉ်ပေါ်တွင် ပဲအိတ်များပါဝင်ကာ ယာဉ်တစ်စီးလုံးနှင့် ပဲအိတ်များလောင်ကျွမ်းသွားပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးသွားကြောင်းနှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား စုံစမ်းလျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မလှိုင်မြို့တွင် သောက်ရေတွင်း၌ ရေငင်စဉ် ပြုတ်ကျသေဆုံး

မလှိုင် မတ် ၁၁

မလှိုင်မြို့ အမှတ်(၈)ရပ်ကွက် ရပ်ကွက်ကြီး(၁)ရှိ ထန်းပင်ကောက်ကန်မြောက်ဘက်ရှိ သောက်ရေတွင်းအတွင်း၌ လူတစ်ဦးပြုတ်ကျသေဆုံးနေကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူးအောင်ရွှေ၊ တပ်သားဝင်ဇော်ဦး၊ သက်သေဦးစိုးလွင်၊ ရာအိမ်မှူးဦးကျော်စန်းတို့နှင့်အတူ မတ် ၉ ရက် ည ၈ နာရီခန့်က သွားရောက်စစ်ဆေးရာ တွင်းအနက်ပေ ၁၀၀ ကျော်ခန့်၊ ရေအနက်နှစ်ပေခန့်ရှိ သောက်ရေတွင်း၌ လူတစ်ဦးပြုတ်ကျသေဆုံးနေသည်ကို တွေ့ရပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ကြီးအောင်ကျော်လင်း၊ တပ်ကြပ်ငြိမ်းချမ်းထွန်းတို့က ရေတွင်းအတွင်းသို့ဆင်း၍ဆယ်ယူခဲ့ရာ ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် ဆယ်ယူရရှိခဲ့ပြီး သေဆုံးသူမှာ မိုးကျော်သူ(ခ)အငယ်လေး (၃၉) နှစ် ရေရောင်းသူ မြို့ဦးကွက်သစ် ရပ်ကွက်(၂) မလှိုင်မြို့နေသူဖြစ်ကြောင်း၊ သောက်ရေတွင်းအတွင်း၌ ရေငင်စဉ် ပြုတ်ကျပြီး ရေတွင်းနံရံနှင့်ရိုက်မိ၍ (ဝဲ) ဦးခေါင်းအရေပြားပေါက်ပြဲ ပွင့်ထွက်ဒဏ်ရာတစ်ချက်၊ ဝဲပါးပွန်းခြစ်ဒဏ်ရာ၊ ဝဲမေးပွန်းခြစ်ဒဏ်ရာတို့ရရှိကာ သေဆုံးနေကြောင်းနှင့် ၎င်းသည် အတက်ရောဂါရှိပြီး စိတ်ဝေဒနာရှင်ဖြစ်ကြောင်းသိရသဖြင့် မလှိုင်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ ကျော်ကျော်(မလှိုင်)

တရားမဝင် ခါးရွှေတုံး ၆၉ တုံး ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

မော်လိုက် မတ် ၁၁

မော်လိုက်ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ ရဲအုပ် ကျော်မျိုးမင်း၊ ဖောင်းပြင်မြို့မ ရဲစခန်းမှ ရဲအုပ်ကျော်ဇောနှင့် ဖောင်းပြင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးကျော်မောင်တို့ပါဝင်သော အဖွဲ့သည် မတ် ၈ ရက် နံနက် ၁၁ နာရီက ဖောင်းပြင်မြို့နယ် စစ်တောင်ကျေးရွာ မြောက်ဘက် ငါးဖာလုံခန့်အကွာ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း လောက်လောချောင်းတစ်လျှောက်နှင့် အနီးဝန်းကျင် တောတန်းတစ်လျှောက် ဝင်ရောက်ရှာဖွေခဲ့ရာ တောအတွင်း၌ သဲများဖြင့်ဖုံးအုပ်လျက် တမလန်းခါးရွှေတုံးများ တွေ့ရှိခဲ့ကြောင်း သိရသည်။

သဲများဖြင့်ဖုံးအုပ်ထားသော တရားမဝင် တမလန်း ခါးရွှေတုံး ၆၉ တုံး ၆ ဒသမ ၇၈၄ တန် (ကာလ တန်ဖိုးကျပ် ၂၀၃၅၂၀၀)အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းသစ်များအား ဖောင်းပြင်မြို့နယ် သစ်တောဦးစီးဌာနက ထိန်းသိမ်း ထားပြီး သစ်တော ဥပဒေပုဒ်မ ၄၂(ခ)အရ တရားစွဲဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ မျိုးဝင်းထွန်း(မုံရွာ)

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၁

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က ဘိန်း ၃၁ မှု (အလေးချိန် ၇၆ ဒသမ ၇၅၇၁ ကီလို)၊ ဘိန်းဖြူ ၁၄၄ မှု (အလေးချိန် ၃ ဒသမ ဝ၃၂၆ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃ မှု(၅၆၇၂၃၉ ပြား)၊ ဆေးခြောက် ၂၁ မှု (အလေးချိန် ၆ ဒသမ ၈၂၈၂ ကီလို)၊ ဘိန်းရည် တစ်မှု (အလေးချိန် ၂၀၁ ဒသမ ၆၂၅ လစ်တာ)၊ ကဖင်း တစ်မှု (အလေးချိန် ၅၀ကီလို)၊ ဘိန်းဆီခဲ ငါးမှု (အလေးချိန် ၂ ဒသမ ၃၈၉၁ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၅ မှု (အလေးချိန် သုည ဒသမ ၉၃၃၄ ကီလို)၊ စိတ်ကြွဆေး အကြေမှုန့်(အလေးချိန် သုည ဒသမ ၁၇၃ ကီလို)၊ အိုက်(စ်) နှစ်မှု (အလေးချိန် သုည ဒသမ ဝ၅၁၇ ကီလို)၊ ဘိန်းစာမှုန့် ခြောက်မှု (အလေးချိန် ၁၈ ဒသမ ၅၂ ကီလို)၊ ဆူဒို အက်ဖီဒရင်း သုံးမှု(၆၈၁၃၄၆ ပြား)၊ ကတ်တမင်း(အလေးချိန် သုည ဒသမ ၂ ကီလို)၊ ထရာ မဒေါလ် ခြောက်တောင့်၊ အခြား ခြောက်မှု၊ မှတ်ပုံတင်ပျက် သုံးမှုတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၄၂၁ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၄၉၇ ဦး၊ မ ၈၄ ဦး စုစုပေါင်း တရားခံ ၅၈၁ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)





အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား တာချီလိတ်၌ကျင်းပ

တာချီလိတ်၊ မတ် ၁၁

တာချီလိတ်မြို့တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားအား မတ် ၈ ရက် နံနက် ၉ နာရီက မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ တာချီလိတ်မြို့နယ် ဒု-အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ တာချီလိတ်ခရိုင်အမျိုးသမီးရေးရာ တွဲဖက်အတွင်းရေးမှူး ဒေါ်အိတင်ဇာမျိုး၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများအပြင် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်းအင်အား ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် တာချီလိတ်ခရိုင် အမျိုးသမီးရေးရာ တွဲဖက်အတွင်းရေးမှူး ဒေါ်အိတင်ဇာမျိုးက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို World Vision Myanmar (တာချီလိတ်)ရုံးခွဲ ဒေါ်နန်းဆောင်ခမ်းက ဖတ်ကြားခဲ့ကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

အထက်မြန်မာပြည် ပုဂ္ဂလိကဆေးရုံများ ကျန်းမာရေး သတင်းအချက်အလက်ကောက်ခံခြင်း သင်တန်းဖွင့်

ရန်ကုန်၊ မတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနမှ ကြီးမှူး၍ မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်း (အထက်မြန်မာပြည်) မှ ပူးပေါင်းဖွင့်လှစ်သည့် ကျန်းမာရေးသတင်းအချက်အလက် ကောက်ခံခြင်း ရက်တိုသင်တန်းကို မန္တလေးမြို့၊ မြို့တော်ဆေးရုံတွင် မတ် ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရက်တိုသင်တန်းကို မတ် ၁၀ ရက်မှ ၁၄ ရက်အထိ ၅ ရက် ပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင်ပို့ချမည့် Electronic medical Record Training သည် ပုဂ္ဂလိကဆေးရုံများ၏အဆင့်အတန်းမြင့်မားရေး၊ ထိရောက်စွာကုသနိုင်ရေး၊ ပုဂ္ဂလိကဆေးရုံများ၏အခန်းကဏ္ဍကို ပေါ်လွင်စေရန်နှင့် သတင်းအချက်အလက်များကို ဌာနတစ်ခုနှင့်တစ်ခု တိကျစွာ ချိတ်ဆက်ပေးခြင်းတို့အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း အထက်မြန်မာပြည်ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာဦးကြည်ရှင်က ပြောကြားသည်။

"နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကဆေးရုံများတွင် ဝန်ဆောင်မှုများအဆင့်မြင့်လာအောင်၊ တိုးတက်လာအောင် ဆေးရုံအုပ်ချုပ်မှုသင်တန်းများ၊ Electronic medical Recording များကို လာရောက်ပို့ချဖို့ ခွင့်ပြုခြင်းအတွက် ဝန်ကြီးဌာနနဲ့ နိုင်ငံတော်အကြီးအကဲများကို ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ ရှေ့ဆက်ပြီး ဝန်ကြီးဌာနကလည်း ပုဂ္ဂလိကဆေးရုံများ အဆင့်အတန်းမြင့်မားလာအောင် သင်တန်းများ တက်ခွင့်ပြုနိုင်အောင် စီမံပေးစေလိုပါတယ်" ဟု ၎င်းကပြောသည်။

ဆေးမှတ်တမ်းများ စနစ်တကျပြုစုထိန်းသိမ်းထားရှိခြင်းသည် သက်ဆိုင်ရာဆေးရုံအတွက်လည်းကောင်း၊ ကျန်းမာရေးဝန်ဆောင်မှုပေးသူများအတွက်လည်းကောင်း၊ လူနာများအတွက်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအတွက်လည်းကောင်း အကျိုးရှိသည့် လုပ်ငန်းဖြစ်သည့်အတွက် ဆေးမှတ်တမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်သက်သက်မူက ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် ပုဂ္ဂလိကဆေးရုံပိုင်ရှင်များ၊ ဆေးရုံအုပ်ချုပ်သူများ၊ သင်တန်းသားများ စုစုပေါင်း ၅၀ ဦးတက်ရောက်ကြကြောင်း သိရသည်။

အောင်ရဲသွင်

သတင်းတိုများ

ခါးပတ်ကိုအသုံးပြု၍ ကြိုးဆွဲချသေဆုံးမှုဖြစ်ပွား

လှည်းကူးမြို့နယ်၊ ဖောင်ကြီးနယ်မြေရဲစခန်းမှ ဒုရဲအုပ်နေစိုးနှင့်အဖွဲ့သည် မတ် ၉ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်က ကတက်ခေါင်း တောစခန်းတွင် လူတစ်ဦး ကြိုးဆွဲချသေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ စုံစမ်းချက်အရ အဆိုပါတောစခန်းရှိ အမြင့် ၁၂ ပေခန့်ရှိ ပျဉ်းမပင်သစ်ကိုင်းတွင် ခါးပတ်ကြိုးဖြင့် ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ သေဆုံးသူမှာ အသက် (၄၄) နှစ်အရွယ် သက်နိုင်ဆိုသူဖြစ်ပြီး လွန်ခဲ့သောခုနစ်ရက်ခန့်က အတူနေဇနီးဖြစ်သူနှင့် စကားများခဲ့ပြီး နေအိမ်မှ နှင်ချခဲ့ရာ ဆင်းသွားပြီးနောက် ခါးပတ်ဖြင့် ကြိုးဆွဲချသေဆုံးခဲ့၍ ဖောင်ကြီးနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၂/၁၄ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၃၁)**

သံလမ်းဖြတ်ကူးစဉ် ရထားတိုက်သေဆုံး

မတ် ၉ ရက် နံနက် ၆ နာရီခွဲခန့်က သုဝဏ္ဏနယ်မြေရဲစခန်းမှ ဒုရဲအုပ်အောင်မျိုးဦးနှင့်အဖွဲ့သည် ငမိုးရိပ်ဘူတာအနီး သံလမ်းတွင် လူတစ်ဦး ရထားတိုက်ခံရပြီး သေဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ အသက် (၅၆) နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး နံနက် ၄ နာရီ ၄၅ မိနစ်ခန့်က သံလမ်းဖြတ်ကူးစဉ် စက်ခေါင်းမောင်း ဦးကြည်ဝင်းမောင်းနှင်သည့် စက်ခေါင်းအမှတ် ၆ အစုန် မန္တလေးအမြန်ရထား တိုက်မိ၍ ထိခိုက်ကျိုးပဲ့ဒဏ်ရာများရရှိကာ နေရာတွင်ပင် သေဆုံးခဲ့ရာ သုဝဏ္ဏနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၃/၁၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၃၁)**

အသက် ၈၀ ကျော် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲကျင်းပ

တောင်ကြီး၊ မတ် ၁၁

တောင်ကြီးမြို့နယ် မြန်မာနိုင်ငံစာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အသက် ၈၀ ကျော်စာပေပညာရှင် ခုနစ်ဦးအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို တောင်ကြီးမြို့၊ ရှမ်းကြီးလမ်း၊ သစ်တောရပ်ကွက်ရှိ ကိုယ်ပွားသတင်းစာပုံနှိပ်တိုက် ခန်းမဆောင်တွင် မတ် ၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

စာရေးဆရာအသင်း နှစ်ပတ်လည်အခမ်းအနားကျင်းပပြီးနောက် ဒုတိယပိုင်းတွင် အဖွဲ့ဝင် အသက် ၈၀ အထက် စာပေပညာရှင် ခုနစ်ဦးကို အဖွဲ့ဥက္ကဋ္ဌ ဦးခွန်စိန်ဝင်း(မောင်ခွန်နှင်း-အင်းလေး) ဦးဆောင်သောအဖွဲ့ဝင်များက ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ လှူဒါန်းပူဇော်ကန်တော့၍ အသက် ၉၀ အရွယ်ရှိ စာရေးဆရာ သတင်းထောက်ကြီး ဦးစံအောင်(တောင်ကြီး)က ဩဝါဒစကား ပြောကြားခဲ့သည်။

အသက် ၈၀ ကျော်ရှိ သက်ကြီးစာပေပညာရှင်များအား လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။

အသက် ၈၀ ကျော် စာရေးဆရာကြီးများမှာ ဦးစံအောင် (တောင်ကြီး)၊ ဦးသိန်းသန်းထွန်း၊ မောင်ရွှေနွယ်-အင်းလေး၊ ဦးကီလင်း (ချင်းပြည်နယ်)၊ ဦးအောင်သိန်း (ရှမ်းပြည်နယ်)၊ ဦးမြတ်ဦးနှင့် ဦးဘသိန်းတို့ဖြစ်ပြီး ကိုယ်ပွားသတင်းစာပုံနှိပ်တိုက် ခန်းမဆောင်တွင် လှူဒါန်းပူဇော်ကန်တော့ခဲ့ကြောင်းသိရသည်။

သန်းဝေ (တောင်ကြီး)

Virgin Land
US$ 616 ဖြင့် Singapore သို့
(3Days / 2Nights)
Ph:01-8610252, 095202643, 095123793

ကား ငှားရန်
(Alphard/Hiace
Saloon/
Ph:09-5418126

သာရဖူမြတ်နိုးသူ Travels & Tours Co.,Ltd

	For VIP Trips		For Upper Trips	
	Scania	[illegible]	High	Grade
[illegible]	140000	130000	90000	April 13
[illegible]	140000	130000	95000	April 12&13
[illegible]	140000	130000	93000	April 12&13
[illegible]	150000	140000		April 13
[illegible]		160000		April 13
[illegible]		130000		April 13
[illegible]	200000	250000	170000	April 12&14
[illegible]	150000	140000	95000	April 12&13
[illegible]	190000	170000		April 13
[illegible]	200000			April 12
[illegible]	190000	150000		April 12
[illegible]	200000	190000		April 12
[illegible]		170000		April 13
[illegible]		260000		April 12&13
[illegible]		430000		April 12
[illegible]		130000	85000	April 12,13,14
[illegible]		350000		April 12

For VIP -Star Hotel, Famous Restaurant, Latest Air Coach, Experienced Guide, Special Services
(Door to Door Services)
Ph: 01-551453, 09-5156297, 09-5014517, 09-450053758

ကံ့ကော်ရွှေပြည်
B.A.,H.G.P., R.L.D.I.L., DMA, D.B.A (USA), Ph.D(Law)(USA)
ကံ့ကော်ရွှေပြည် မှ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ် တန်းခွဲများ
မတ်လ

တတိယအကြိမ် စက္ခုအလင်းဒါနပြုပွဲတွင် မျက်စိဝေဒနာရှင် ၄၇၀၀ ဦးအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသ

မြင်းခြံ၊ မတ် ၁၁

မြင်းခြံခရိုင်၊ မြင်းခြံမြို့ ဆန္ဒတော်ပြည့်အာယုပါလ ကုသိုလ်ဖြစ် ဆေးခန်းတွင် မြင်းခြံ၊ တောင်သာမြို့နယ်များနှင့် တခြားမြို့နယ်များရှိ ရပ်ကွက်ကျေးရွာများမှ မျက်စိဝေဒနာရှင် ၄၇၀၀ ဦးအား အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးမှုကို မတ် ၈ မှ မတ် ၁၀ ရက်အထိ ပြုလုပ်ခဲ့သည်။

ရွှေစင်တိပိဋကရေ (မြင်းခြံ) ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ သက်တော် (၄၆) နှစ်ပြည့် ဝိဇာတမွေးနေ့အထိမ်းအမှတ်အဖြစ် ယခုကဲ့သို့ အခမဲ့ ခွဲစိတ်ကုသပေးခြင်း ဖြစ်ကြောင်းသိရသည်။

ဆန္ဒတော်ပြည့်အာယုပါလ ကုသိုလ်ဖြစ်ဆေးခန်းတွင် မျက်စိဝေဒနာရှင်များ လာရောက်ခွဲစိတ်ကုသမှု ခံယူနေစဉ်။

အာယုပါလကုသိုလ်ဖြစ်ဆေးခန်း အကျိုးတော်ဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးစိန်ဌေးဝင်းက မျက်စိအခမဲ့ခွဲစိတ်ကုပေးမှုကို ယခင်က သီတဂူဆရာတော်ကြီး၏ ဦးဆောင်လမ်းညွှန်မှု၊ ဒေါက်တာမြတ်သူ အာရှတော်ဝင် အထူးကုဆေးခန်း (ရန်ကုန်) ၏ ပံ့ပိုးကူညီမှုများဖြင့် နှစ်ကြိမ်ဆောင်ရွက်ခဲ့ပြီး ပထမအကြိမ်တွင် မျက်စိဝေဒနာရှင် ခွဲစိတ်ကုသရန် စမ်းသပ်ပေးရသူ ၄၇၀၀ ဦးနှင့် ခွဲစိတ်ကုသည့် လူနာ ၃၈၂ ဦးရှိကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယအကြိမ်တွင် စမ်းသပ်ပေးရသူ မျက်စိဝေဒနာရှင် ၃၉၉၈ ဦးနှင့် ခွဲစိတ်ကုသသူ ၂၆၇ ဦး ရှိပြီး ယခု တတိယအကြိမ် ဝိဇာတမွေးနေ့အထိမ်းအမှတ် စက္ခုအလင်းဒါနပြုပွဲတွင် မျက်စိစမ်းသပ်သည့် ဝေဒနာရှင် ၄၂၀၀ ဦးနှင့် ခွဲစိတ်ကုသသည့် ဝေဒနာရှင် ၅၀၀ ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မျက်စိစမ်းသပ်ခွဲစိတ်ကုသမှုခံယူကြသည့် မျက်စိဝေဒနာရှင်များသည် မြင်းခြံမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များအပြင် တန်ဆောင်း၊ ခားကျွန်း၊ လေးအိမ်တန်း၊ ရန္တပို၊ ကန်ဆင့်၊ ဗလုံ၊ တောင်ရှေ့၊ ဆိတ်ညံ စသည့်ကျေးရွာများ၊ တောင်မြို့နယ်အတွင်းမှ ဒါန်းတိုင်၊ မြင်းခြံကုန်း၊ ဂူကုန်း၊ ငါးပင်စင်၊ မီးပေါက်၊ တစ်မိုက်သာ၊ ကျပို့၊ မင်းကြို စသည့်ကျေးရွာများနှင့် မလှိုင်၊ မြစ်သား၊ ကျောက်ဆည်၊ ရေစကြို စသည့်မြို့နယ်များအတွင်းရှိ ကျေးရွာတချို့ဖြစ်ပြီး ခွဲစိတ်ကုသရန်လာရောက်ကြသည့် မျက်စိဝေဒနာရှင်များနှင့်လူနာရှင်များအား နံနက်၊ နေ့ည အစာအာဟာရဒါနပြုသူများက ဆန်ပြုတ်၊ ခေါက်ဆွဲကြော်၊ ထမင်း စသည်တို့ကို နေ့စဉ်လှူဒါန်းကျွေးမွေးမှုပြုကြသည်။

မျက်စိခွဲစိတ်ကုမှုခံယူပြီးသည့် တောင်သာမြို့နယ်၊ စံဦးကျေးရွာမှ အသက် ၇၀ အရွယ် အဘွားဒေါ်နန်းယဉ်က "ရွာကို မျက်စိစမ်းသပ်တဲ့အဖွဲ့ရောက်လာတယ်။ ဒီလိုပဲ စမ်းသပ်ပြီးခွဲစိတ်ကုသပေးမယ်ဆိုတော့ သူများတွေက ခွဲရမှာကြောက်တယ်။ အမေကတော့ မကြောက်ဘူး။ မသေခင် မျက်စိမြင်ရဦးမယ်ဆိုရင်ခွဲမယ်ဆိုပြီး လာရောက် ခွဲစိတ်ကုသမှုခံယူတာ။ အခုခွဲပြီးတော့ ခြင်ထောင်လှပ်လိုက်သလိုပဲ ဘွားကနဲအလင်း ရောင်တွေ မြင်ရတယ်။ ဝမ်းလည်းသာတယ်" ဟု ပြောသည်။

မျက်စိခွဲစိတ်ကုသမှုအား ဒေါက်တာနိုင်ငြိမ်း ဦးဆောင်သည့် အထူးကုဆရာဝန်ကြီး ခြောက်ဦးနှင့် သူနာပြုခြောက်ဦးအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသမှုခံယူပြီး မျက်စိ ဝေဒနာရှင်များအား ခွဲစိတ်ကုသပြီး ခုနစ်ရက်အကြာတွင် မျက်စိကောင်းမွန်မှုအခြေအနေများကို အထူးကုဆရာဝန်ကြီးများအဖွဲ့က ပြန်လည်စမ်းသပ် စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ခြံမဲ့လွတ်ကျောင်းစနစ်ဖြင့် ဆိတ်မွေးမြူသူများ တွက်ခြေကိုက်

မင်းလှ၊ မတ် ၁၁

သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိရိုးဖလာ ခြံမဲ့လွတ်ကျောင်းစနစ်ဖြင့် တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူကြသူများ အစာဖိုးကုန်ကျစရိတ် သက်သာကာ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

"ဆိတ်တွေကို ခြံမခတ်ဘဲ လွှတ်ကျောင်းတဲ့စနစ်နဲ့ မွေးမြူတဲ့အတွက် အစာဖိုးကုန်ကျစရိတ် သက်သာတယ်။ ဆိတ်မွေးမြူရေးလုပ်ငန်းက အကောင်ရေများများမွေးပြီး ရာသီပေါ် ကူးစက်ရောဂါတွေ မဖြစ်အောင် ဂရုစိုက်နိုင်ရင် အမြတ်အစွန်းအတော်ကျန်တယ်။ ကျွန်တော်မွေးထားတဲ့ ဆိတ်အကောင်အရေ ၅၀ ကို ထပ်တိုးပြီးမွေးဖို့ စီစဉ်နေတယ်။ ရွာမှာလည်း အိမ်တိုင်းနီးပါး အနည်းဆုံး ၅ ကောင်ကနေ ၁၀ ကောင်အထိ မွေးကြတယ်" ဟု မင်းလှမြို့နယ်၊ ရွာတော်ကျေးရွာမှ တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူသူတစ်ဦးကပြောပြသည်။

အထက်မင်းလှမြို့နယ် အတွင်းရှိ ကျေးရွာများတွင် တောရိုင်းမြေများနှင့် မြေလွတ်မြေရိုင်းများ ပေါများသည့်အတွက် ထိုကဲ့သို့ မိရိုးဖလာခြံမဲ့လွတ်ကျောင်းစနစ်ဖြင့် ဆိတ်မွေးမြူကြရာ ဆိတ်တစ်ကောင်၏ သက်တမ်းမှာ ၆ နှစ်ခန့်ရှိပြီး တစ်နှစ်သားအရွယ်မှစ၍ ရောင်းရကြောင်း သိရသည်။ ဆိတ်တစ်ကောင်လျှင် ငွေကျပ် ၈၀၀၀၀ မှ ၁၀၀၀၀၀ ကျော်ခန့်အထိ အရွယ်အစားပေါ်မူတည်၍ ဝင်ငွေရရှိပြီး ဆိတ်များမှ စွန့်ထုတ်သော ဆိတ်ချေးသည်လည်း သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနိုင်သဖြင့် ဈေးကွက်ဝင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယင်းဒေသများတွင် ဆိတ်အမျိုးအစား ရှစ်မျိုးရှိသည့်အနက် ရေမြေဥတုသဘာဝနှင့် ကိုက်ညီ၍ အပူဒဏ်ခံနိုင်သော 'ဝေလာဆိတ်'အမျိုးအစားနှင့် 'ထိန်းနီဆိတ်'အမျိုးအစားကို အဓိက မွေးမြူလေ့ရှိသည်။ ယင်းဆိတ်မျိုးများသည် တစ်နှစ်လျှင်နှစ်ကြိမ် သားပေါက်လေ့ရှိပြီး ရေမြေဥတုဒဏ် ကြံ့ကြံ့ခံနိုင်၍ ကိုယ်ခံအားကောင်းကြသည်။

မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီးသည် ဆိတ်အများဆုံးမွေးမြူသောဒေသဖြစ်ပြီး၊ အများအားဖြင့် ကျေးလက်များတွင် မိရိုးဖလာ ခြံမဲ့လွှတ်ကျောင်းစနစ်ကို ကျင့်သုံးကြကြောင်း သိရသည်။

ကျော်စွာ(မကွေး)

မူလတန်းကျောင်းလေးကျောင်း ပြုပြင်ရန်ဆွေးနွေး

တောင်ငူ၊ မတ် ၁၁

တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်၏ (၁၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးပွဲမှ ရှေ့ဆက်လုပ်ငန်းစဉ်များအဖြစ် တောင်ကွေ့ဈေး အ. မ. က ရေတုံကင်နှင့် မော်တာတပ်ဆင်ရန်၊ စာသင်ခုံများ ဆက်လက်လှူဒါန်းရန်၊ ကွန်ရက်အဖွဲ့၏ ဆောင်ရွက်မှုများ ဗီနိုင်း၊ ဆိုင်းဘုတ်များ ပြုလုပ်တပ်ဆင်ပညာပေးရန်နှင့် ကျေးလက်မူလတန်းကျောင်း လေးကျောင်း ပြုပြင်မွမ်းမံရန် ဆုံးဖြတ်ကြကြောင်းသိရသည်။ အဆိုပါအစည်းအဝေးကို မတ် ၉ ရက် မွန်းလွဲပိုင်းက မြို့နယ်ပညာရေးကွန်ရက် ရုံးခန်းမ၌ ကျင်းပခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ယခင်သီတင်းပတ် အစည်းအဝေးမှတ်တမ်း ဖတ်ကြားတင်ပြအတည်ပြုချက်ရယူပြီး ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးသည်။ ကွန်ရက်အနေဖြင့် စတင်တည်ထောင်သည်မှ ယနေ့အထိ မြို့နယ်တွင်းကျေးလက်ဒေသရှိ ချို့တဲ့နွမ်းပါး ဘုန်းတော်ကြီးသင်ကျောင်းများ၊ မူလတန်းကျောင်းများအတွက် အဆောက်အအုံ၊ ပရိဘောဂ၊ စာသင်ခုံနှင့် စာရေးကိရိယာ၊ ကျောင်းဝတ်စုံအပါအဝင် ထောက်ပံ့လှူဒါန်းငွေ ကျပ်သိန်း ၁၄၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။ **ဦးကျော်လှ(တောင်ငူ)**

လမ်းများဖောက်လုပ်ရာတွင် ပတ်လမ်းများကို တောင်စောင်းအလိုက် ဖောက်လုပ်ရေး စီစဉ်ဆောင်ရွက်

မြစ်ကြီးနား၊ မတ် ၁၁

မြစ်ကြီးနားမြို့အောင်မြင်သာစံပြကျေးရွာတွင် ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အောင်မြင်သာမြို့ကွက်သစ်တိုင်းတာဖော်ထုတ်ထားမှုနှင့် လမ်းအူကြောင်းများ ဖောက်လုပ်ထားရှိမှုလုပ်ငန်းများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စက်ယန္တရားကြီးများဖြင့် မြို့ကွက်သစ်လမ်းများ ဖောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး လမ်းများဖောက်လုပ်ရာတွင် ပတ်လမ်းများကို တောင်စောင်းအလိုက် ဖောက်လုပ်ရေးနှင့် ချောင်းကျော်တံတားများ ဆောက်လုပ်ရေးတို့ကို ဆောင်ရွက်ပြီးနောက် အောင်မြင်သာစံပြကျေးရွာရှိ ရန်ပြေမာန်ပြေ ကမ္ဘာ့ငြိမ်းချမ်းရေး အောင်မြင်သာစေတီ မြေထိန်းနံရံတည်ဆောက်နေမှု၊ ရင်ပြင်တော် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ဘုရားစောင်းတန်းလှေကား တည်ဆောက်နေမှုတို့ကိုစစ်ဆေးသည်။ **ပြန်/ဆက်**

Success Creator Services Co.,Ltd မှ (ဂျပန်)
နိုင်ငံတွင်စက်ရုံအလုပ်လုပ်ရန်အတွက်
ကျွမ်းကျင်သူများအား ရွေးချယ်ပါမည်

ခရုသင်း (သမင်ဖြူ)
LEUCODERMA

Dawei Beauty
Travels & Tours
Call Us -
13 APR
13 APR
13 APR
12 APR
Shopping
13 APR/18 APR
12 APR
12 APR
12 APR
13 APR
12 APR
*** Special Discount ***
E-mail : daweibeautytour.mm@gmail.com
ဖုန်း : 059 23987, 095108450

မိုနဲ့ဒါဖက်ရှင်
T.Shirt M - 1000 ကျပ်
Shirt - 2900 ကျပ်
Sport Shirt - 2950 ကျပ်
Style Pants - 2950 ကျပ်
950 ကျပ်
Ph:01-292129, 09-250388594, 09-428016552.
E-mail:kyonedoe@gmail.com

နေ့ကျသီအခြေခံ၊ အဆင့်မြင့်ရေကူးသင်တန်းများနှင့်စနေ၊ တနင်္ဂနွေ
အထူးသီးသန့်ရေကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါသည်
PH:09-73105276, 09-31062549

ရေဦးမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ လက်တွေ့သရုပ်ပြ လေ့ကျင့်မှုအား လှည့်လည်စစ်ဆေး

ရေဦး၊ မတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မတ် ၆ ရက် နံနက် ၈ နာရီက စည်ပင်သာယာဈေးကြီး အတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမျိုးအောင်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ကားဖြင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်းစဉ်များနှင့် ဈေးအတွင်းရှိ ရေငုတ်များမှ ပိုက်ဆက် ပိုက်ကိုင်ကာ မီးငြိမ်းသတ်နည်းများဖြင့် သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးတင့်အောင်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးဝန်ထမ်းများ၊ ဈေး အကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး မြို့နယ်တာဝန်ရှိသူများက မီးဘေးလုံခြုံမှုရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သန်းထိုက်(ရေဦး)

စည်းကမ်းမဲ့ယာဉ်များကို လှည့်ကင်းဖြင့် ဖမ်းဆီး အရေးယူမှု တစ်ပတ်အတွင်း ခြောက်ရာကျော်ရှိခဲ့

ရန်ကုန်၊ မတ် ၁၁

ရန်ကုန်မြို့အတွင်း စည်းကမ်းပျက်ယာဉ်များအား လှည့်ကင်းအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ဖမ်းဆီးအရေးယူခဲ့ရာ မတ် ၆ ရက်အထိ တစ်ပတ်အတွင်း စည်းကမ်းမဲ့ယာဉ် ၆၄၃ မှု အရေးယူနိုင်ခဲ့ကြောင်း အမှတ် (၂) မော်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ ထုတ်ပြန်သည့် စာရင်းအရ သိရသည်။

လက်ရှိအချိန်တွင် မော်တော်ယာဉ်ရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့များနှင့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များမှ ညစဉ် ၁၀ နာရီမှ နံနက် ၂ နာရီအထိ ယာဉ်ပိတ်ဆို့ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ယာဉ်စည်းကမ်း ဖောက်ဖျက်မှု ပိုမိုဖြစ်ပွားနိုင်သော မြို့တွင်းနေရာများသို့ လှည့်ကင်းအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ဖမ်းဆီးအရေးယူလျက်ရှိသည်။

"ညဘက်မှာဆိုရင် ယာဉ်စည်းကမ်း ဖောက်ဖျက်တဲ့ယာဉ်တွေက ပိုများလာတယ်။ အဲဒါကြောင့် နေ့ရောညပါ ဖမ်းဆီးမှုတွေရှိလာတော့ ဒီတစ်ပတ်အတွင်း ယာဉ်တိုက်မှုအနည်းငယ် လျော့သွားတယ်" ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောသည်။

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၅ ရက်အထိ ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းဖြင့် ယာဉ်အစီးရေ ၁၄၀၆၁ စီးအား စစ်ဆေးခဲ့ပြီး အဆိုပါယာဉ်များမှ ပြိုင်ကား ၁၀ စီးအပါအဝင် စုစုပေါင်း ၃၅၂ မှု အရေးယူနိုင်ခဲ့သည်။ ဖေဖော်ဝါရီ ၂၈ မှ မတ် ၆ ရက်အထိ တစ်ပတ်အတွင်း စည်းကမ်းဖောက်ဖျက်သည့် အမှု ၅၃၁၈ မှု ရှိခဲ့ပြီး ယာဉ်တိုက်မှု ၅၁ မှုရှိခဲ့၍ ယာဉ်တိုက်မှုကြောင့် အမျိုးသား ၁၁ ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၆၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုများတွင် ညပိုင်းဖြစ်ပွားသည့် ယာဉ်တိုက်မှု ၂၉ မှု၊ နေ့ပိုင်းဖြစ်ပွားသည့်ယာဉ်တိုက်မှု ၂၈ မှုရှိခဲ့ပြီး မဆင်မခြင်မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှု ၂၈ မှု၊ လိုင်စင်မရှိဘဲ မောင်းနှင်ရာမှ ယာဉ်တိုက်မှု ရှစ်မှု ဖြစ်ပွားခဲ့ပြီး ကိုယ်ပိုင်ယာဉ်တိုက်မှု ၂၁ မှု၊ အငှားယာဉ်တိုက်မှု ၁၀ မှု၊ ဆိုင်ကယ်ယာဉ် တိုက်မှု ကိုးမှု၊ ခရီးသည်တင်ယာဉ်တိုက်မှု လေးမှုနှင့် တက္ကစီယာဉ်တိုက်မှု ခုနစ်မှု ဖြစ်ပွားခဲ့ကြောင်း မော်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှထုတ်ပြန်သော စာရင်းများအရ သိရသည်။

တင်မောင်ဦး

ကျောက်ပန်းတောင်းမြို့နယ် ရုံးကျင်းကျေးရွာတွင် ခေတ်မီနည်းဖြင့် တစ်ပိုင်တစ်နိုင် မိရိုးဖလာ သဘာဝမြေဩဇာထုတ်လုပ်ရောင်းချ

ကျောက်ပန်းတောင်း၊ မတ် ၁၁

ကျောက်ပန်းတောင်းမြို့နယ် ရုံးကျင်းကျေးရွာတွင် ထွန်စက်တာယာကြီး နှစ်ခုကို အင်ဂျင်စက်ဖြင့်တွဲဆက်၍ ဖန်တီးထားသည့်စက်ဖြင့် မိရိုးဖလာ သဘာဝမြေဩဇာပြုလုပ်နည်းဖြင့် သဘာဝမြေဩဇာများကို တစ်ပိုင်တစ်နိုင် ထုတ်လုပ်ရောင်းချ လျက်ရှိကြောင်း သိရသည်။

ထွန်စက်တာယာကြီးနှစ်လုံးကို သစ်သားဒလက်တပ်ဆင်ပြီး တရုတ်နီအင်ဂျင်စက်ဖြင့် တွဲဖက်ထားသည့်စက်ဖြင့် သဘာဝမြေဩဇာကုန်ကြမ်းပစ္စည်းများဖြစ်သည့် နွားချေး၊ ဝက်ချေး၊ ကြက်ချေး၊ ဆိတ်ချေး၊ လင်းနို့ချေး၊ အမဲရိုးမှုန့်၊ ဖွဲပြာ၊ ပိုတက်နှင့် လချေးမှုန့်တို့ကို အမှုန့်ကြိတ်ရောကာ မြင်းကောင်ရေ ၁၆ ကောင်ရှိသည့် အင်ဂျင်စက်နှင့်လည်ပတ်၍ သဘာဝမြေဩဇာများ ပြုလုပ်ကြောင်း ဓာတ်မြေဩဇာတစ်ပိုင်တစ်နိုင် ထုတ်လုပ်သည့် ရုံးကျင်းကျေးရွာမှ ဦးသန်းအောင်က ပြောသည်။

ထွက်ရှိလာသည့် သဘာဝမြေဩဇာ အလုံးကလေးများကို အသုံးပြုခြင်းဖြင့် သီးနှံအထွက်နှုန်းကောင်းမွန်စေသည့်အပြင် သဘာဝမြေဆီလွှာကိုလည်း ထိန်းသိမ်းရာရောက်ပြီး အသီးအနှံများတွင်လည်း လူ့ကျန်းမာရေးကို အန္တရာယ်ပေးသည့် ဓာတုဗေဒဘေးထွက်ဆိုးကျိုးများ ကင်းဝေးမည်ဖြစ်ကြောင်း သိရသည်။

ရုံးကျင်းကျေးရွာမှ တစ်ပိုင်တစ်နိုင် ထုတ်လုပ်သော မြန်မာ့သဘာဝမြေဩဇာ တစ်အိတ်လျှင် ပိဿာချိန် ၃၀ ခန့် ရှိပြီး မြို့နယ်အတွင်း၌သာမက ရှမ်းပြည်တောင်ပိုင်း တောင်ကြီး၊ ပင်းတယ၊ ကလောနှင့် အောင်ပန်းမြို့များအထိ တွင်ကျယ်စွာတင်ပို့ရောင်းချလျက်ရှိသည်။

အဆိုပါမြေဩဇာတစ်အိတ်လျှင် ကျောက်ပန်းတောင်းအရောက် ငွေကျပ် ၁၀၀၀၀ နှင့် ရှမ်းပြည်နယ်ဘက်အရောက် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ အထိရှိကြောင်း သိရသည်။

ဖူးပွင့်နေခြည်(မကွေး)

သဘာဝမြေဩဇာထုတ်လုပ်သည့် ထွန်စက်တာယာနှစ်ခုကိုတွေ့ရစဉ်။

ဟိုတယ်များအနေဖြင့် တရားဝင်ဖွင့်လှစ်လုပ်ကိုင်ခွင့် ရရှိမှသာ လုပ်ငန်းလုပ်ဆောင်ရန်ပြောကြား

ရန်ကုန်၊ မတ် ၁၁

လသာ၊ လမ်းမတော်၊ အလုံနှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်ရှိ တာဝန်ရှိသူများအား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက မတ် ၉ ရက် နံနက် ၁၀ နာရီခွဲက လမ်းမတော်မြို့နယ် ပန်ဒါဟိုတယ်တွင်တွေ့ဆုံ၍ ဟိုတယ်များအနေဖြင့် တရားဝင်ဖွင့်လှစ်လုပ်ကိုင်ခွင့်ရရှိမှသာ လုပ်ငန်းလုပ်ဆောင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးဆိုင်ရာလုပ်ဆောင်ရမည့် သက်ဆိုင်ရာမှ ညွှန်ကြားချက်များကို အထူးသဖြင့် လေးစားလိုက်နာကြရန်၊ ဟိုတယ်များအနေဖြင့် မိမိတို့ကောက်ခံသော ငွေကြေးတန်ဖိုးနှင့်ညီမျှသော ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်ပေးခြင်းဖြင့် ပြည်တွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၏ ဂုဏ်သတင်းကိုဖော်ဆောင်ရန်၊ ခရီးသွားလုပ်ငန်းများအနေဖြင့် ခရီးစဉ်အသစ်များပေါ်တွင် လုပ်ဆောင်လာကြရန်နှင့် လက်တွေ့တွင်တွေ့ကြုံနေရသော အခက်အခဲများကိုတင်ပြရန် ဥက္ကဋ္ဌက ပြောကြားသွားခဲ့ကြောင်း သိရသည်။

ဆိပ်ကမ်းမြို့နယ်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလုပ်ကိုင်မှုမရှိဘဲ လမ်းမတော်မြို့နယ်တွင် ဟိုတယ် ၁၀ လုံး၊ ခရီးသွားလုပ်ငန်း ၅၅ ခု၊ လသာမြို့နယ်တွင် ဟိုတယ် ကိုးလုံး၊ ခရီးသွားလုပ်ငန်း ၂၀ ခု၊ အလုံမြို့နယ်တွင် ဟိုတယ် တစ်ခု၊ ခရီးသွားလုပ်ငန်း ၃၄ ခုရှိကြောင်း ယနေ့ပြုလုပ်သော မြို့နယ်လေးမြို့နယ်တွင် ဟိုတယ်ပေါင်း ၂၀၊ ခရီးသွားလုပ်ငန်း ၁၀၉ ခုရှိကြောင်း သိရသည်။

၂၀၁၁ ခုနှစ်တွင် ပြည်ပခရီးသွား သုည ဒသမ ၈၂ သန်း၊ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၆ သန်း၊ ၂၀၁၃ ခုနှစ် တွင် ၂ ဒသမ ၀၄၄ သန်းရှိရာ ၂၀၁၄ ခုနှစ်တွင် ၃ သန်းဝန်းကျင်ထိရှိရန် ရည်မှန်းလုပ်ဆောင်နေကြောင်း သိရသည်။

မောင်စေအောင်

ဒေါက်တာ ဆရာမြင့် (စကြာမင်း) ရဲ့
မြင့်မြန်မာ
အကြောပြေ ဝမ်းမှန်ဆေး
အပွအပုပ်ကင်းပြီး အကြောတက်ချောင်းညာကင်းဝေး
အသီကျ၍ ကျန်းမာစေတဲ့ဆေး...၊ ဆေးတစ်မျိုးတည်းနဲ့
အကြောလည်းပြေ ဝမ်းလည်းမှန်တဲ့ မြင့်မြန်မာ အမှတ်တံဆိပ်
အကြောပြေဝမ်းမှန်ဆေး...
စကြာမင်းဆေးတိုက်နှင့်ဆေးကုဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ခရီးသွားဆောင်းပါး

ပျော်မွေ့ကြည်နူးစရာ စုံညီယောနကတိုင်းဌာနီ သို့ ခရီးတစ်ခေါက်

ae0DmifyckUi

'လုံမလေးကိုဗျာ သူ့အမေရိုက်ရင်ဖြင့် လာလာလေလိုက်ခဲ့ပါတော့ မောင်တို့ရွာ မောင်တို့ရွာမှာရှင် ဘာဘာတွေပေါ ဖျင်ပင်နီချောနဲ့ ယောထမီ ပိတ်အင်္ကျီမှာကွယ် ဘော်ကြယ်တွေစီလို့ ပျိုမဒီချောပါတဲ့ တို့ယောပြည် . . .' သီချင်းစာသားနှင့်အညီ ပျိုမဒီချောသော ယောတို့ဌာနီကို တက္ကသိုလ်မင်းခန့်ကို ဖွဲ့စည်းတည်ထောင်သော ကြယ်စင်ဆန်းခေတ်အမျိုးသားဉယျာဉ် သဘင်အနုပညာအဖွဲ့နှင့်အတူ ရောက်ခဲ့ရပါသည်။

ယောဒေသ ယောသမိုင်းနှင့် ပတ်သက်၍ အမျိုးသားစာပေဆုရ ဒေါက်တာသက်လွင်၏ 'လွမ်းမောဖွယ်တွေပေါပါတဲ့ တို့ယောမြေ'စာအုပ်၌ မဇ္ဈိမဒေသတွင် 'သုမန'မည်သော 'မဟာသမ္မတ'မင်းသည် သားကြီးဖြစ်သော "တရပေါ်"မင်းသားအား တိုင်းသစ်ပြည်သစ်တည်ထောင်ချေဟု စေလွှတ်လိုက်သည်။ ထိုမင်းသားသည် ဧရာဝတီမြစ်အနောက်ဘက်တွင် ဟန်လင်းမြို့ကိုတည်သည်။ ချင်းတွင်း ဧရာဝတီမြစ်အနောက်ပိုင်းဒေသကို အုပ်ချုပ်စိုးစံသည်။ သူအုပ်ချုပ်သော ဒေသအမည်ကို သူ၏ဖခင်အမည်ဖြစ်သော သုနာပရန္တဒေသဟူ၍ ခေါ်ဝေါ်သည်။ ကုန်းဘောင်ခေတ်အလယ်ပိုင်းတွင် ကလေးဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသကို မောရိယတိုင်း-ယောဒေသ(ဂန့်ဂေါထီးလင်း-ဆော)ကို ယောနကတိုင်း၊ ချင်းတောင်ဒေသကို ခိရမ္မတိုင်းဟု ခေါ်သည်။

သာသနာသက္ကရာဇ် (၇၃)ခုနှစ်တွင် မဇ္ဈိမဒေသ မဂဓတိုင်းမှ ဇာလမိက မင်းတစ်ပါး ရောက်ရှိလာသည်။ ကလေးမြို့အနီးတွင် ရာဇဂြိုဟ်ဟူသော မြို့တည်ထောင်သည်။ ရှမ်း၊ ကဒူး၊ အိမ်ကျယ်စသော လူမျိုးစုများကို စုရုံး၍ နယ်သစ်တည်ထောင်မင်းပြုပြီး သုနာပရန္တဟူသောအမည်မှ "ယောနကနိုင်ငံတော်"ဟု ခေါ်ဝေါ်သမုတ်၏။ ထိုယောနကမှ "ယော" ဟု ခေါ်ဝေါ်လာခဲ့ကြောင်း ယောအကြောင်း စာအုပ်ရေးသားသူဆရာကြီး ဦးကြာထွန်းက ဆိုခဲ့ပြန်ပါသည်။

ရှမ်း၊ ကဒူး၊ အိမ်ကျယ်စသော လူမျိုးစုများကို စုရုံး၍ . . .

ယောဒေသဟူသည်မှာ ပုံတောင်တောင်ကြီးနှင့် ချင်းတောင်တန်းကြီးအကြားရှိ တောင်ကြားချိုင့်ဝှမ်းဒေသဖြစ်သည်။ တောင်နှင့်မြောက် မိုင်တစ်ရာကျော်ရှည်သည်။ အရှေ့အနောက် မိုင်(၃၀)ရှည်သည်။ တောတောင်ထူထပ်ပြီး မြစ်ချောင်းပေါများ၍ သွားလာရေးခက်ခဲသည်။ ယနေ့ခေတ်အခါတွင် နိုင်ငံတော်မှ ကားလမ်းအသွယ်သွယ် တံတားအစင်းစင်းနှင့် မီးရထားလမ်းများ ဖောက်လုပ်ထား၍ ယောဒေသသည် ပြည်မကြီးနှင့်မခြား တိုးတက်စည်ကားဖွံ့ဖြိုးလျက် ရှိနေပြီဖြစ်သည်။

ယောဒေသ၏ အုပ်ချုပ်ရေးမြို့တော်မှာ ဂန့်ဂေါမြို့ဖြစ်သည်။ ယောဒေသကို ဂန့်ဂေါ-ထီးလင်း-ဆောမြို့နယ်များနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ယခင်ခေတ်က ပခုက္ကူခရိုင်အတွင်းပါဝင်ခဲ့သည်။ ဂန့်ဂေါမြို့နယ်ကို မြောက်ယောဒေသဟု ခေါ်ဝေါ်၍ ထီးလင်းမြို့ကို ဗဟိုပြုလျက် ဆောမြို့နယ်ဒေသကို တောင်ယောဟု ခေါ်သည်။

ယောဒေသ၏ ထင်ရှားသော တောင်ကြီးများမှာ ပုံတောင်-အမြင့်ပေ ၃၀၀၀ ကျော်၊ ပုံညာတောင်သည် ပျမ်းမျှအမြင့်ပေ ၃၀၀၀ ခန့်ရှိသည်။ မြစ်သာမြစ်၊ မောချောင်း၊ ယောချောင်း၊ ကျောချောင်း၊ ဆောချောင်း၊ စလင်းချောင်းတို့သည် နာမည်ကျော်ချောင်းများဖြစ်သည်။

ပုံတောင် တောင်တန်း၏အမြင့်ဆုံးတောင်ထိပ်၌ ၄၃၆၄ပေရှိသည်။ ဂန့်ဂေါမြို့နယ် ကျိုင်းတောင်သည် ၄၄၅၅ ပေရှိသည်။ ဆောမြို့နယ် နွားမတောင်၏ အမြင့်ဆုံးအပိုင်းသည် ၃၂၂၃ ပေရှိသည်။

ယောသူ ယောသားများသည် စကားပြောဆိုရာ၌ မြန်မာစကားတွင် '-င် ကို -မ်' အသံထွက်ပြီးပြောကြသည်။ ဥပမာ ဆင်-ဆမ်၊ ကျော်ဝင်း-ကျော်ဝမ်း။'-ည်" ကိုလည်း 'ယ်' သံဖြင့်ပြောသည်။ ဥပမာ စည်ကား-စယ်ကား၊ ထင်းစီး-ထင်းစဲဟု သုံးနှုန်းပြောဆိုကြသည်။ ယောဒေသတွင် တောင်သားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ သူတို့သည် ပျူလူမျိုးများဖြစ်သည်ဟု သူတို့ကိုယ်တိုင် လက်ခံယုံကြည်ကြသည်။

ယောနယ်ဒေသ ဂန်ဂေါသို့ သွားမည်ဆိုလျှင် ပခုက္ကူ-ပုလဲ-မင်းတိုင်ပင်-ကျောဂန့်ဂေါလမ်းအတိုင်းလည်းကောင်း၊ ထီးလင်းသွားမည်ဆိုပါက ပခုက္ကူ-ပေါက်- ထီးလင်းလမ်းအတိုင်းလည်းကောင်း၊ ဆောမြို့သို့သွားမည်ဆိုလျှင် ပခုက္ကူ-ပေါက်-ကျောက်ထုလမ်းအတိုင်း သွားကြရသည်။ သွားလမ်းလာလမ်းသာနေပြီဖြစ်သော ယောဒေသသို့ တစ်ခါတစ်ခေါက်တော့ သွားရောက်လှည့်လည်ခဲ့၍ ချစ်စရာ မြတ်နိုးစရာကောင်းသော ယောထုံးစံဓလေ့များနှင့် ပျော်မွေ့ကြည်နူးရွှင်လန်းချမ်းမြေ့စရာ ခရီးတစ်ခု ဖြစ်ခဲ့ရပါတော့သည်။ ။

သမိုင်းတန်ဖိုးကြီးသော ထီးလင်းမြို့က ဆင်စွယ်ရွာ လူသတ်မှုကျောက်စာတိုင်

ထီးလင်း၊ မတ် ၁၁

ဆင်စွယ်ရွာ လူသတ်မှု ကျောက်စာတိုင်လေးသည် ယနေ့ခါ၌ ညှိုးနွမ်းပြီး အမှိုက်တွေကြား တည်ရှိနေသော်လည်း သမိုင်းတန်ဖိုးကားကြီးမားလှသည်။ ပါတီဂိုဏ်းဂဏအစွဲကြောင့် အပြစ်မဲ့ ပြည်သူများ အသတ်ခံခဲ့ရသည်မှာ ယနေ့ခေတ်တွင် သတိထားအလေးမူရမည်ကို ပြသသည့်နှယ် ရှိနေကြောင်း နိုင်ငံရေးသမားကြီးတစ်ဦးက ပြောသည်။

ချစ်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးစံတို့နှင့် ငြိမ်းချမ်းသာယာသော ယောဒေသသို့ အလံနီတို့သည် ၁၉၄၈ ခုနှစ် နှစ်ဦးပိုင်းမှ စတင်ပြီး ပုံတောင်ပုံညာဒေသတစ်ခွင် ရောက်ရှိလာခဲ့ကြသည်။

၁၉၄၉ ခုနှစ်က အောက်တိုဘာလတစ်လလုံး ထီးလင်းမြို့ကို တစ်လကြာသိမ်းပိုက်ထားခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။

"၁၉၅၄ ခုနှစ်ကတော့ အလံနီတွေ အရှိန်အဝါအကောင်းဆုံးပေါ့ဗျာ။ ထီးလင်းမြို့နယ်က ရွာသူရွာသား ၁၅၂ ဦး အလံနီလက်ချက်ကြောင့် အသက်ဆုံးရှုံးခဲ့ရတာပေါ့။ ဆင်စွယ်ရွာက ၇၄ ဦးဆိုတော့ အများဆုံးအသတ်ခံရတာပေါ့" ဟုထီးလင်းမြို့သားတစ်ဦးက အလံနီဒဏ်ခံခဲ့ရပုံကို ရှင်းလင်းပြောကြားသည်။

၁၉၆၀ ခုနှစ်၊ ဧပြီလ ၂၇ တစ်နေ့တာသည် ဆင်စွယ်ရွာ၏ မမေ့နိုင်သည့် သွေးစွန်းသော နေ့ရက်ပင်ဖြစ်သည်။ အသက် ၅၈ နှစ်အရွယ်မှ အသက် ၁၅ နှစ်အရွယ်အထိ အလံနီသတ်ဖြတ်မှုဒဏ်ခံခဲ့ရသည်။ အလံနီတို့ သတ်ဖြတ်မှုကို မမေ့ပျောက်စိမ့်ငှာ ထီးလင်းမြို့ 'ရွှေဆောင်' စာကြည့်တိုက်ဝန်းအတွင်း ကျောက်စာတိုင် စိုက်ထူထားခဲ့ခြင်းဖြစ်သည်။

နေဦးမောင်(ပခုက္ကူ)

သေဆုံးသွားခဲ့သော ဆင်စွယ်ရွာသားများကို မှတ်တမ်းတင်ထားသည့်ကျောက်စာကိုတွေ့ရစဉ်။

သတင်းတို

ဒဂုံမြို့သစ်တောင်ပိုင်း၌ မီးလောင်မှုဖြစ်ပွား

လျှပ်စစ်မီးကြိုးဆွေးမြည့်မှုမှ မီးလောင်မှုဖြစ်ပွားကာ ကျပ် ၁၁ သိန်းဖိုးခန့်ဆုံးရှုံးခဲ့မှု ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၆၃)ရပ်ကွက်ရှိ ရတနာပုံသံနန်းဆွဲလုပ်ငန်းတွင် မတ် ၁၀ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါနေရာတွင် ဟောင်းနွမ်း ဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများ သုံးစွဲရာမှ အပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ပိုင်ရှင် ဦးခင်မောင်လွင်အား အရေးယူပေးရန် တိုင်ကြားထားကြောင်း သိရသည်။ (၃၁)

ရခိုင်ပြည်နယ်ဘုရားဖူး
(110000/-)Ph: 09 449003431

ဆင်းလေးချစ်သူ (Travels & Tours)
60000/- [Mar 14,21,28, Apr 4]
99000/- [Mar 14, 21, 28 / Apr 4, 25]
150000/- [Mar 31]
350000/- [Apr 11]

Construction Co., Ltd.
Ph : 01-579 168 , 09-421 169 906 info@danachanthar.com

တာရုတ်
Sayar Yang
Great Wall
TAMWE - 540714, 09 5183636
09 49 285182

ENGLISH
Conversation Practice

GL အဆင့်မြင့်ခရီးသွားလုပ်ငန်း
Mar 14
Mar 14, Mar 28
Mar 26, Apr 12
Mar 26, Apr 12
Mar 26, Apr 12
Apr 12
Apr 12
Mar 26, Apr 12
Mar 26, Apr 13
Apr 13
Apr 13
Apr 13
Ph: 09 73040050, 09 73040051, 09 73040052, 09 5136486, 09 8636486

တရားဝင်ဇနီးဖြစ်ပါကြောင်း

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31589922
09 31268183

အာဇီဇာ
Ph: 01 - 379385

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း

ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ၊ ရက်)

နိဒါန်း

နိုင်ငံတော်အတွင်း ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်းလုပ်ငန်းများသည် အများပြည်သူ၏ အကျိုးစီးပွားကို ထိရောက်စွာ ပံ့ပိုးပေးနိုင်ရန် ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်မှ စတင်အာဏာတည်စေရမည်။

(ဂ) ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းအားလုံးနှင့် သက်ဆိုင်စေရမည်။

၂။ **ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -**

(က) **ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာ အစီအစဉ်များကို အများပြည်သူက တိုက်ရိုက် ဖမ်းယူရရှိနိုင်စေရေးအတွက် မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာ ထုတ်လွှင့်စက်များ၊ ကေဘယ်လ်ကြိုးများ၊ ဂြိုဟ်တု များမှတစ်ဆင့် အခပေး သို့မဟုတ် အခမဲ့လွှင့်ထုတ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အင်တာနက်မှတစ်ဆင့် ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းကို ဆောင်ရွက်သည့် အင်တာနက်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုများ အကျုံးဝင်ခြင်းမရှိစေရ။

(ခ) **ကြော်ငြာ**ဆိုသည်မှာ အခကြေးငွေ သို့မဟုတ် အလားတူထောက်ပံ့မှု ဖြင့် ကြော်ငြာသူအတွက် ထုတ်လွှင့်မှု အချိန်ပေးထားပြီး ဝန်ဆောင်မှု နှင့် ကုန်ပစ္စည်းများငှားရမ်းခြင်း၊ ဝယ်ယူခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ အသိဉာဏ်တိုးပွားစေခြင်း သို့မဟုတ် ကြော်ငြာသူ၏ ဆန္ဒအလျောက် အခြားသော အကျိုးသက်ရောက်မှုတို့ ဖြစ်စေမည့် ပြည်သူထံသို့ ဖော်ပြ ထုတ်လွှင့်ချက်ကို ဆိုသည်။

(ဂ) **အများပြည်သူအကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်း**ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပြည်သူလူထုအား အသိပေးရန် သို့မဟုတ် လိုက်ပါလုပ်ဆောင်စေရန် ရည်ရွယ်ချက်ဖြင့်ပေးပို့သည့် သတင်း၊ ကြော်ငြာ၊ ကြေညာချက်နှင့် အသိပေးနှိုးဆော်ချက်တို့ကို စီးပွားရေး အကျိုးအမြတ်မပါဘဲ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းကို ဆိုသည်။

(ဃ) **အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်း**ဆိုသည်မှာ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမှု များကို လိုက်နာဖော်ဆောင်ရေးအတွက် နိုင်ငံတော်ပိုင် မီဒီယာကို ပြောင်းလဲဖွဲ့စည်းထားသော အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြား နှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းကိုဆိုသည်။

(င) **စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ မြန်မာနိုင်ငံသားများက ဦးစီး ဆောင်ရွက်သော သို့မဟုတ် မတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်းထက် မပိုသော ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့ အစည်းများက စီးပွားရေးအကျိုးအမြတ်အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ယင်းလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုသည်။

(စ) **စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လူမှုအသိုက်အဝန်းအတွက် လိုအပ်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးရန် လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်း များ၊ ပြည်သူ့အခြေပြု အဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့် အခြားကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများက ဖွဲ့စည်းတည်ထောင်ပြီး စီမံ ခန့်ခွဲအုပ်ချုပ်နေသော အကျိုးအမြတ်ကို ရှေးရှုခြင်းမရှိသည့် ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုဆိုသည်။

(ဆ) **ဌာနပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပိုင်ဆိုင်ပြီး အများ ပြည်သူဆိုင်ရာ သတင်းအချက်အလက်များကို တိကျမှန်ကန်စွာ ထုတ်လွှင့်ဖော်ပြပေးနိုင်ရေးအတွက် တည်ထောင်ဖွဲ့စည်း လုပ်ကိုင် ဆောင်ရွက်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းကိုဆိုသည်။

(ဇ) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းများ**ဆိုသည်မှာရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့် ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ရန် လိုင်စင်ရယူထားသည့်လုပ်ငန်း များကိုဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင် သို့မဟုတ် အခြားရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများက မြေပြင် အခြေစိုက် ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်စက်များမှဖြစ်စေ၊ ကေဘယ်လ်ကြိုးများမှဖြစ်စေ၊ ဂြိုဟ်တုများမှဖြစ်စေ တစ်ဆင့်ထုတ်လွှင့် သည့် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် မာတိမီဒီယာအစီအစဉ်များကို ကြည့်ရှုသူများထံ ဖြန့်ဖြူးပေးပို့ခြင်းကိုဆိုသည်။

(ဈ) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလှိုင်းနှုန်းစဉ်စီမံခန့်ခွဲမှု** ဆိုသည်မှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန် သတ်မှတ်သော လှိုင်းနှုန်းစဉ်ကိုအဖွဲ့က ကောင်စီနှင့် ညှိနှိုင်း၍ စီမံ ခန့်ခွဲခြင်းကို ဆိုသည်။

(ည) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း လိုင်စင်** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရန် ကောင်စီ၏ ထောက်ခံတင်ပြ ချက်ဖြင့် အဖွဲ့ကခွင့်ပြုသည့် လုပ်ပိုင်ခွင့်ကို ဆိုသည်။

(ဋ) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန်** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုတစ်ခု ရောက်ရှိနိုင်သည့် ပထဝီဝင် အနေအထားအရ အတိအကျ သတ်မှတ်ထားသော နယ်မြေကို ဆိုသည်။

(ဌ) **လုပ်ငန်းဆိုင်ရာလိုက်နာရမည့်ကျင့်ဝတ်**ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်း များနှင့် ဆွေးနွေးညှိနှိုင်းပြီးနောက် ကောင်စီက ပြဋ္ဌာန်းသည့် လုပ်ငန်း ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကိုဆိုသည်။ ယင်းစကားရပ်တွင် ကျင့်ဝတ်ဆိုင်ရာ ဓလေ့ထုံးစံများ၊ ထုတ်လွှင့်သည့် အစီအစဉ်၏ စံနှုန်း သတ်မှတ်ချက်များနှင့် ကောင်စီက လိုအပ်သည်ဟု သတ်မှတ်သည့် ကဏ္ဍများဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်သည်။

(ဍ) **လွတ်လပ်သည့် အစီအစဉ်ထုတ်လုပ်သူ** ဆိုသည်မှာ မည်သည့် ရုပ်မြင် သံကြားနှင့်အသံထုတ်လွှင့်ခြင်း လုပ်ငန်းနှင့်မျှ ပတ်သက်ခြင်းမရှိသည့် ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားအတွက် အစီအစဉ်များကို ထုတ်လုပ် သည့် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ ကိုဆိုသည်။

(ဎ) **မူရင်းရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းပြုသူ** ဆိုသည်မှာ မူရင်း အစီအစဉ်များကို ထုတ်လွှင့်သည့် အများပြည်သူ ဝန်ဆောင်မှု ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း၊ စီးပွားရေးအရ ထုတ်လွှင့် သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ ဌာနပိုင်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကိုဆိုသည်။

(ဏ) **အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဆိုသည်။

(တ) **ကောင်စီ**ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ အကြောင်းအရာ အချက်အလက်များကို ကြီးကြပ်စောင့်ကြည့် ဆောင် ရွက်ရန် အစိုးရအာဏာပိုင်များ၊ တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေ သူများ၏ လွှမ်းမိုးမှုမှ ကင်းဝေးပြီး ကိုယ်ပိုင်စီမံခန့်ခွဲမှုရှိသည့် ဤဥပဒေ အရ ဖွဲ့စည်းသော ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီကို ဆိုသည်။

(ထ) **လွှတ်တော်**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေးဝန်ကြီး ဌာနကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်နှင့် အခြေခံမူများ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက သတ်မှတ်သော ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလှိုင်းနှုန်းစဉ်ကို ဖွံ့ဖြိုးမှုဆိုင်ရာ အရင်းအမြစ်တစ်ခုအဖြစ် အသုံးချနိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအား ခွဲဝေပေးရန်၊

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်အကြောင်းအရာများ ကို အများပြည်သူက ပိုမိုအသုံးပြုနိုင်စေရန်၊

(ဂ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ အရည် အသွေး ပြည့်မီစေရန်နှင့် ပြည်သူများ၏ သတင်းအချက်အလက် ပြန်ကြားရေး၊ ပညာရေးနှင့် ဖျော်ဖြေရေးဆိုင်ရာ လိုအပ်ချက်များကို အရည် အသွေးကောင်းသည့် စံချိန်မီ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဖြင့် ဖြည့်ဆည်းပေးရာတွင် အများပါဝင်ဆောင်ရွက်နိုင်သည့် စနစ်တစ်ခုကို ပံ့ပိုးပေးရန်၊

၄။ မြန်မာနိုင်ငံအတွင်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းများ၏ လွတ်လပ် စွာ ထုတ်ဖော်ခွင့်ရှိမှု၊ အတတ်ပညာပိုင်းဆိုင်ရာ အရည်အသွေး ပြည့်ဝမှုနှင့် လွတ်လပ်၍ အမှီအခို ကင်းရှင်းမှု၊

(ခ) အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်း၊ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင် သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ဌာနပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်မှု၊

(ဂ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက သတ်မှတ်သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလှိုင်းနှုန်းစဉ် ကို အချိုးကျ ထိရောက်စွာ အသုံးပြုမှု၊

(ဃ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများတွင် တရားမျှတစွာ ယှဉ်ပြိုင်မှုနှင့် အများပြည်သူ၏ သဘောထားအမြင် များကို ဖော်ဆောင်သည့် မီဒီယာဗဟုဝါဒကို မြှင့်တင်မှု၊

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လှိုင်းနှုန်းနှင့် လိုင်စင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် တရားမျှတခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ ခွဲခြားဆက်ဆံမှုမပြုခြင်း၊ ထိရောက် အကျိုးရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း၊ နိုင်ငံတစ်ဝန်းလုံးတွင်ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ ပျံ့နှံ့စွာရောက် ရှိရေး ဆောင်ရွက်မှု။

အခန်း (၃)

အဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က)	ဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	ဝန်ကြီး ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ဒုတိယဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ဥက္ကဋ္ဌ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ	အဖွဲ့ဝင်
(ဆ)	ဥက္ကဋ္ဌ အများပြည်သူဝန်ဆောင်မှုရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းအုပ်ချုပ်မှုအဖွဲ့	အဖွဲ့ဝင်
(ဇ)	ညွှန်ကြားရေးမှူး ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဈ)	ကိုယ်စားလှယ်တစ်ဦး ရုပ်သံလွှင့်လုပ်ငန်းရှင်များအသင်း	အဖွဲ့ဝင်
(ည)	ကိုယ်စားလှယ်တစ်ဦး ကွန်ပျူတာပညာရှင်များအသင်း	အဖွဲ့ဝင်
(ဋ)	ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန	အတွင်းရေးမှူး

၆။ အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှင့် ယင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများအတွက် လမ်းညွှန်အဖြစ် အသုံးပြုနိုင်မည့် အမျိုးသား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက် ရေး မဟာဗျူဟာစီမံချက်နှင့် မူဝါဒများကို ကောင်စီနှင့် အခြားဆက်စပ် အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲချမှတ်ခြင်း၊

(ခ) ပြည်သူလူထု၏ အကျိုးစီးပွားကို အမြင့်မားဆုံး ဖော်ဆောင်နိုင်ရေး အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လှိုင်းနှုန်းစဉ် စီမံခန့်ခွဲ ခြင်းဆိုင်ရာ စီမံချက်ကို ကောင်စီနှင့် အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲထုတ်ပြန်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်း ဆောင်ရွက်ခွင့်ပြုမည့် ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းအမျိုးအစားနှင့် နေရာဒေသများကို လည်းကောင်း၊ လုပ်ကိုင်ခွင့်ပြုမည့်ပမာဏကိုလည်းကောင်း ကောင်စီ နှင့် ညှိနှိုင်းသတ်မှတ်ခြင်းနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အတွက် အသုံးပြုမည့် နှစ်စဉ်လှိုင်းနှုန်းစဉ် ခွဲဝေမှုစီမံချက်ကို အများ ပြည်သူသို့ ထုတ်ပြန်ကြေညာခြင်း၊

(ဃ) လွတ်လပ်ပြီး ပြိုင်ဆိုင်မှုရှိသည့်ဈေးကွက်တစ်ခု ဖန်တီးရာတွင် ရုပ်မြင် သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင် နိုင်မည့် မူဝါဒနှင့် အစီအစဉ်များကို ကောင်စီသို့ လမ်းညွှန်ခြင်း၊

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်းတို့ကို ကောင်စီ ၏ သဘောထားမှတ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(စ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှု နည်းပညာနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ ပစ္စည်းများ၊ ရုပ်မြင်သံကြားနှင့် အသံဖမ်းယူခြင်းဆိုင်ရာ ပစ္စည်းများ၊ ယင်းတို့နှင့် သက်ဆိုင်သည့် ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိရောင်းချခြင်းတို့နှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို ကောင်စီ နှင့် ညှိနှိုင်းသတ်မှတ်ခြင်း၊

(ဆ) အဖွဲ့၏ လုပ်ငန်းတာဝန်များကို ပွင့်လင်းမြင်သာ၍ အများပါဝင်နိုင်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်ခြင်း၊

(ဇ) ဆက်သွယ်ရေးမူဝါဒကြီးကြပ်မှု မူဘောင်တွင် ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းလုပ်ငန်းကို တစ်ဆက်တစ်စပ်တည်း ပါဝင်ဖြစ်ထွန်း လာစေရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေအရ လိုင်စင်ရယူခြင်းမရှိဘဲ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့် ခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုကို ကြီးကြပ်ခြင်း။

၇။ အဖွဲ့သည် ကောင်စီ၏ လွတ်လပ်၍ အမှီအခိုကင်းမှုကို အလေးဂရုပြုရမည်။ ကောင်စီ၏ တာဝန်ဝတ္တရားနှင့် သက်ဆိုင်သည့် ဆုံးဖြတ်မှုတစ်ခုခုအား လွှမ်းမိုးခြင်း မရှိစေရ။

အခန်း(၄)

ကောင်စီဖွဲ့စည်းခြင်း၊ ယင်း၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၈။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် ကောင်စီဝင်အဖြစ် ရွေးချယ်ခံ ပိုင်ခွင့်ရှိသည် -

(က) အသက် ၂၅ နှစ် ပြည့်ပြီးသူ၊

(ခ) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(ဂ) စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်မှုရှိသူ။

၉။ အောက်ပါပုဂ္ဂိုလ်များသည် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့် မရှိစေရ-

(က) နိုင်ငံရေးပါတီ၏ဝန်ထမ်း သို့မဟုတ် တရားဝင်ရာထူးတာဝန် တစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ၊

(ခ) အစိုးရအဖွဲ့အစည်း တစ်ခုခုတွင် ခန့်အပ်တာဝန်ပေးခြင်းခံရသူ၊

(ဂ) မီဒီယာလုပ်ငန်းမှလစာ သို့မဟုတ် သိသာထင်ရှားသည့် ငွေကြေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ်ရရှိနေသူ သို့မဟုတ် အခကြေးငွေ ရရှိနေသူ၊

(ဃ) အကျင့်စာရိတ္တ ပျက်ပြားမှုနှင့် စပ်လျဉ်း၍ တရားရုံး တစ်ခုခုမှ ပြစ်ဒဏ် ချမှတ်ခြင်းခံခဲ့ရသူ၊

(င) နိုင်ငံ့ဝန်ထမ်း၊

(စ) သာသနာ့ဝန်ထမ်း။

၁၀။ အဖွဲ့ဝင်များအဖြစ် အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးချယ်ခန့်အပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်သည် လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှု ရှိရမည်။ အဆိုပါလုပ်ငန်းစဉ်တွင် ကျွမ်းကျင်အတတ်ပညာရှင်နှင့် လူမှုရေးအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ခြင်းကို အားပေးမည်။

၁၁။ ကောင်စီကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းကဏ္ဍနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍတို့မှ ကျွမ်းကျင်သူများ၊ ဥပဒေ၊ စီးပွားရေး စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ နယ်ပယ်များတွင် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု သို့မဟုတ် လုပ်ငန်းအတွေ့အကြုံရှိသူအဖွဲ့ဝင် ကိုးဦးဖြင့် ကောင်စီကို ဖွဲ့စည်းမည်။

၁၂။ နိုင်ငံတော်သမ္မတက ရွေးချယ်ထားသည့်အဖွဲ့ဝင်ကိုးဦးနှင့်ပြည်ထောင်စုလွှတ်တော် က ရွေးချယ်ထားသည့် အဖွဲ့ဝင် ကိုးဦး စုစုပေါင်း ၁၈ ဦးကို ပဏာမရွေးချယ်ရမည်။

၁၃။ အဖွဲ့သည် အဆိုပြုထားသည့် အဖွဲ့ဝင် ၁၈ ဦး၏ အမည်စာရင်းကို ရက်ပေါင်း ၃၀ ကြိုတင်၍ ထုတ်ပြန်ထားရမည်ဖြစ်ပြီး ယင်းတို့၏ လုပ်ရည်ကိုင်ရည်၊ အကျင့် စာရိတ္တ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုအရည်အချင်းနှင့် စပ်လျဉ်း၍ အများပြည်သူက ဝေဖန်တုံ့ပြန်မှုပြုရန် ဖိတ်ခေါ်ရမည်။

၁၄။ နိုင်ငံတော်သမ္မတသည် အများပြည်သူ၏ ထောက်ခံမှု အများဆုံးရရှိမှုအပေါ် မူတည်၍ အဆိုပါ ပုဂ္ဂိုလ်များအနက်မှ ကိုးဦးကို ကောင်စီအဖွဲ့ဝင်အဖြစ် ရွေးချယ် ခန့်အပ်ရမည်။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှ

၁၅။ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကောင်စီဝင်များက လွတ်လပ်စွာ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

၁၆။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အများပြည်သူတို့၏ အကြံဉာဏ်ကိုရယူ၍ရေးဆွဲခြင်း၊

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင်လျှောက်ထားသူများအနက် စည်းမျဉ်းနှင့် ကိုက်ညီသင့်လျော်သူကို စိစစ်ရွေးချယ်ထောက်ခံ၍ အဖွဲ့သို့ တင်ပြခြင်း၊

(ဂ) ဤဥပဒေနှင့်အညီ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများ၏ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းခြင်း၊

(ဃ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လည်းကောင်း၊ ကောင်စီမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လည်းကောင်း ချိုးဖောက်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုအား စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခြင်း၊

(င) လိုင်စင်ပါပြဋ္ဌာန်းချက်တစ်ခုခုကို ချိုးဖောက်မှုအတွက် သက်ဆိုင်ရာတရားရုံးသို့ အယူခံဝင်နေသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းတစ်ခုကို သင့်တော်သည့် ကာလအထိ လိုင်စင်ခေတ္တဆိုင်းငံ့ခြင်း၊ လိုင်စင်သိမ်းယူခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့သို့ သုံးသပ်တင်ပြခြင်း၊

(စ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအား မူဝါဒကြီးကြပ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်မှုပေးခြင်းများအတွက် သင့်လျော်သည့် ကုန်ကျစရိတ်နှင့် အသုံးစရိတ်များ သတ်မှတ်ပြဋ္ဌာန်းခြင်း၊

(ဆ) အရည်အသွေးကောင်းမွန်သည့် ဝန်ဆောင်မှုများကြောင့် ပြည်သူများ၏ သဘောကျနှစ်ခြိုက်မှုကို ရရှိထားသည့် အစီအစဉ်များနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများအား အသိအမှတ်ပြုခြင်း၊

(ဇ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် လွတ်လပ်ပြီး တရားမျှတစွာ ယှဉ်ပြိုင်မှုရှိသည့် ဝန်းကျင်တစ်ခု ဖြစ်ထွန်းလာစေရန်အဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ လူမှုရေး၊ ပညာရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခြင်း၊

(ဈ) ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးခြင်း၊

(ည) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါဝင်လုပ်ဆောင်နေသူများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကောင်စီ၏ စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးခြင်း၊

(ဋ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများ၏ စီးပွားရေးအရ ရှင်သန်ရပ်တည်နိုင်မှုကို အထောက်အကူပြုမည့် မျှတပြီး ကျိုးကြောင်း ဆီလျော်မှုရှိသော အကျိုးခံစားခွင့် တစ်မျိုးမျိုးကို သတ်မှတ်ခြင်း၊

(ဌ) ကောင်စီဝင်များ၏ အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ခြင်း။

၁၇။ ဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ ကောင်စီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုမည့် လှိုင်းနှုန်းများနှင့် စပ်လျဉ်း၍ အဖွဲ့နှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ပိုင်အစီအစဉ်ထုတ်လုပ်ခြင်းနှင့် ယင်းအစီအစဉ်ကို ထုတ်လွှင့်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားသူများ၏ အစီအစဉ်များကို ဖြန့်ဝေသည့် လုပ်ငန်းကိုသာလုပ်ကိုင်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ်ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို သီးခြားရေးဆွဲထုတ်ပြန်ခြင်း၊

(ဂ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း၍ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်နှင့်စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲထုတ်ပြန်ခြင်း၊

(ဃ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၊ လိုင်စင်လျှောက်ထားစဉ်က ဖော်ပြထားသည့် အဆိုပြုချက်များနှင့် လိုင်စင်ပါသတ်မှတ်ချက်များကို လုပ်ငန်းလိုင်စင်ရယူထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများက လေးစားလိုက်နာမှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ခုသည် ယင်း၏ လုပ်ငန်းလိုင်စင်ဆိုင်ရာ သတ်မှတ်ချက်များ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များနှင့် အစီအစဉ်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို လေးစားလိုက်နာခြင်း မရှိဟု အများပြည်သူကတိုင်ကြားလာမှုများကို အရေးယူဖြေရှင်းဆောင်ရွက်ခြင်း၊ သီးခြားတိုင်ကြားမှုမရှိသော်လည်း အဆိုပါ စည်းကမ်းသတ်မှတ်ချက်များကို လေးစားလိုက်နာမှုမရှိကြောင်း ကောင်စီက စစ်ဆေးတွေ့ရှိ၍ အရေးယူ ဖြေရှင်းဆောင်ရွက်ခြင်း၊

(စ) တိုင်ကြားမှုတွင် ပါဝင်ပတ်သက်သူများကို ခေါ်ယူခြင်း၊ လိုအပ်သည့် အထောက်အထားများနှင့် အချက်အလက်များကို တောင်းခံခြင်းတို့ အပါအဝင် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(ဆ) ကောင်စီ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို မီဒီယာများတွင် အချိန်မှန် ထုတ်ပြန်ပေးခြင်း၊

(ဇ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကိုအဖွဲ့၊ အစိုးရအဖွဲ့အစည်းများ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ၊ ယင်းလုပ်ငန်းနှင့်စပ်လျဉ်းသည့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း။

၁၈။ ကောင်စီဝင်များသည် -

(က) ကောင်စီ၏ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းတာဝန်များကို လွတ်လပ်ပြီး သမာသမတ်ကျစွာ ဆောင်ရွက်ရမည်၊

(ခ) အများပြည်သူအကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင်အကျိုးစီးပွားအတွက်ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအတွက်ဖြစ်စေ မိမိ၏လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမပြုရ။

အခန်း (၅)
ကောင်စီ၏ သက်တမ်းနှင့် တာဝန်မှ ရပ်စဲခြင်း

၁၉။ (က) ကောင်စီ၏ သက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်စေရမည်။

(ဂ) ကောင်စီဝင်များသည် ငါးနှစ်သက်တမ်း နှစ်ကြိမ်ထက် ပို၍ဆောင်ရွက်ခွင့် မရှိစေရ။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ကောင်စီဝင်သည် ဤဥပဒေအရ ကောင်စီဝင်အသစ်ခန့်အပ်ပြီးသည့်အချိန်အထိ မိမိလုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

၂၀။ နိုင်ငံတော်သမ္မတသည် ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင် တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းပါက တာဝန်မှ ရပ်စဲနိုင်သည် -

(က) ပုဒ်မ ၈ နှင့် ပုဒ်မ ၉ အရ ကောင်စီဝင်အဖြစ် ခန့်အပ်ရန် အရည်အချင်းပြည့်မီမှု မရှိခြင်း၊

(ခ) မိမိကိုယ်ပိုင်အကျိုးစီးပွားအတွက် ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအတွက်ဖြစ်စေ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊

(ဂ) ကောင်စီဝင်အဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် လုံလောက်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု မရှိခြင်း၊

(ဃ) အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း ငါးလထက်ပို၍ တာဝန်မထမ်းဆောင်နိုင်ဘဲ ပျက်ကွက်ခြင်း။

၂၁။ ကောင်စီဝင် တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၂၂။ ကောင်စီဝင်တစ်ဦးသည် ပုဒ်မ ၂၀ အရ တာဝန်မှ ရပ်စဲခံရသည့်အခါတွင် ဖြေရှင်းဆောင်ရွက်ခွင့်ရှိသည်။

၂၃။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကောင်စီဝင်ရာထူးနေရာလစ်လပ်လျှင် ကောင်စီဝင်များ ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ ထိုသို့ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည်မူလကောင်စီဝင်၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်။ မူလကောင်စီဝင်၏ ရာထူးသက်တမ်း အနည်းဆုံး ခြောက်လကျန်ရှိမှသာဖြည့်စွက်ခန့်ထားရမည်။

အခန်း (၆)
ကောင်စီ၏ လုပ်ငန်းစည်းမျဉ်းများ၊ ရုံးအဖွဲ့နှင့် ရန်ပုံငွေ

၂၄။ ကောင်စီသည် -

(က) လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အစည်းအဝေးကို အနည်းဆုံး တစ်လတစ်ကြိမ် ကျင်းပရမည်။ အစည်းအဝေးကို ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမရှိလျှင် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အနည်းဆုံး အဖွဲ့ဝင်သုံးဦး၏ တောင်းဆိုချက်အရ ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးများ အားလုံးတွင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်မည်။ ဥက္ကဋ္ဌ မရှိလျှင် ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်မည်။ နှစ်ဦးစလုံးမရှိလျှင် တက်ရောက်လာသည့်အဖွဲ့ဝင်များမှ တစ်ဦးကို သဘာပတိအဖြစ် သတ်မှတ်ရမည်။

(ဂ) သဘာပတိမှတစ်ပါး အစည်းအဝေးတက်ရောက်သူ ကောင်စီဝင် လေးဦးရှိလျှင် အစည်းအဝေး အထမြောက်သည်။

(ဃ) ကောင်စီက သတ်မှတ်ထားသည့် ပုံစံအတိုင်း အစည်းအဝေး မှတ်တမ်းများ ရေးသားရန် အဖွဲ့ဝင်တစ်ဦးအား သတ်မှတ်တာဝန်ပေးရမည်။ ယင်းမှတ်တမ်းကို အတည်ပြုရန်နောက်တစ်ကြိမ် အစည်းအဝေး၌ တင်ပြရမည်ဖြစ်ပြီး အစည်းအဝေးသဘာပတိနှင့် မှတ်တမ်းတင်သူတို့က လက်မှတ်ရေးထိုးရမည်။

၂၅။ ကောင်စီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ ဆန္ဒမဲပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည်။ ဆန္ဒမဲအရေအတွက် တူညီနေပါက ကောင်စီဥက္ကဋ္ဌ၏မဲဖြင့် ဆုံးဖြတ်ရမည်။

၂၆။ ကောင်စီသည် သတ်မှတ်ချက်နှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၂၇။ ကောင်စီသည် ရုံးအဖွဲ့အတွက် လိုအပ်သော ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ လစာစရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

၂၈။ ရုံးအဖွဲ့သည် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ကောင်စီ၏ ညွှန်ကြားချက်နှင့်အညီ ရုံးအဖွဲ့အကြီးအကဲ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ရမည်။

၂၉။ ကောင်စီသည် အောက်ပါရန်ပုံငွေများကို လက်ခံနိုင်သည် -

(က) နိုင်ငံတော်၏ ထောက်ပံ့ငွေ၊

(ခ) နှောင်ကြိုးမဲ့ အခြားလှူဒါန်းမှုများ၊

(ဂ) ဝန်ဆောင်မှုမှ ရငွေများ။

၃၀။ ကောင်စီ၏နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ဝန်ကြီးဌာန၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ရေးဆွဲရမည်။ သို့ရာတွင် ယင်းသို့ ပါဝင်ရေးဆွဲခြင်းကြောင့် ကောင်စီသည် ဝန်ကြီးဌာန၏ အုပ်ချုပ်ရေးအာဏာလွှမ်းမိုးမှုနှင့် ထိန်းချုပ်မှုအောက်တွင် ရှိသည်ဟူ၍ အဓိပ္ပာယ်သက်ရောက်ခြင်း မရှိစေရ။

၃၁။ ကောင်စီမှတင်သွင်းသည့် ကောင်စီ၏နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံတင်ပြ၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။ ယင်း၏ အသုံးစရိတ်များကို ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းထားသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သုံးစွဲရမည်။

၃၂။ (က) ကောင်စီသည် နှစ်စဉ်အစီရင်ခံစာအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးပြီးသော စာရင်းများနှင့်အတူ အများပြည်သူအား အသိပေးရမည်။ နှစ်စဉ်အစီရင်ခံစာတွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်ရမည် -

(၁) ပြီးခဲ့သောနှစ်အတွက် ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် လာမည့်နှစ်အတွက် ရည်မှန်းချက်များ၊

(၂) ပြီးခဲ့သောနှစ်အတွင်း အဓိကအောင်မြင်မှုများ၊

(၃) နှစ်စဉ်ဝင်ငွေနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးချက် အကျဉ်းချုပ်နှင့် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ သတင်းအချက်အလက်များ၊

(၄) လာမည့်နှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်း၊

(၅) အများပြည်သူထံမှ တိုင်ကြားချက်များ၊ အကြံပြုချက်များ၊ အရေးယူဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သော အချက်အလက်များ။

(ခ) ကောင်စီသည် မိမိ၏ နှစ်စဉ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်။

အခန်း (၇)
ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်

၃၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်းကို ကိုယ်စားပြုသော ပုဂ္ဂိုလ်သည် သက်ဆိုင်ရာလုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ ကောင်စီမှတစ်ဆင့် အဖွဲ့သို့ လုပ်ငန်းလိုင်စင်လျှောက်ထားရမည်။

၃၄။ လိုင်စင်ရရှိပြီးနောက် သက်ဆိုင်ရာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းသည် လိုင်စင်ထုတ်ပေးသည့် နေ့ရက်မှစ၍ တစ်နှစ်အတွင်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။

၃၅။ လိုင်စင်ကို အခြားသူ သို့မဟုတ် အခြားအဖွဲ့အစည်းသို့ လွှဲပြောင်းပေးလိုပါက ကောင်စီနှင့်အဖွဲ့၏ သဘောတူခွင့်ပြုချက်ကို ကြိုတင်ရယူပြီးမှသာ ဆောင်ရွက်နိုင်သည်။

၃၆။ (က) ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာမူဝါဒ၊ သက်ဆိုင်ရာ လုပ်ငန်းများ၏ အကျိုးအမြတ်နှင့် ဈေးကွက်အခြေအနေတို့ကို အခြေခံပြီး ပြည်သူလူထုအကျိုးစီးပွားအတွက် လိုင်စင်သစ်များ ချထားပေးရာတွင် အောက်ပါမူဝါဒအတိုင်း ဆောင်ရွက်ရမည် -

(၁) လူဦးရေသိပ်သည်းမှုများပြားသော ဒေသများ၌ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးပြိုင်စနစ်ကျင့်သုံးရေးအတွက် အဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(၂) လူဦးရေသိပ်သည်းမှုနည်းပါးသောဒေသများ သို့မဟုတ် သက်ဆိုင်ရာ လူမှုအသိုက်အဝန်းအတွက် ရည်ရွယ်သည့် စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းကို ထောက်ခံတင်ပြခြင်း၊

(၃) သက်ဆိုင်ရာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် သက်ဆိုင်သော ကိစ္စရပ်များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

(ခ) လျှောက်ထားသူသည် အောက်ပါ စာရွက်စာတမ်းများကို တင်သွင်းလျှောက်ထားရမည် -

(၁) လုပ်ငန်းအမည်နှင့် လုပ်ငန်းမှတ်ပုံတင်လက်မှတ်၊

(၂) အသေးစိတ်အချက်အလက်များပါဝင်သည့် လုပ်ငန်းစီမံချက်၊

(၃) နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်စီမံချက်၊

(၄) အစီအစဉ်တင်ဆက်မှု စီမံချက်၊

(၅) ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၃၇။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင် လျှောက်ထားမှုအား ထိုက်တန်မှုရှိ၊ မရှိကို သုံးသပ်ရာတွင် အောက်ပါ သတ်မှတ်ချက်များကို ကောင်စီက ထည့်သွင်းစဉ်းစားမည် -

(၁) ဘဏ္ဍာရေးဖြစ်နိုင်ခြေရှိမှုနှင့် စီးပွားရေးဆိုင်ရာအလားအလာများ၊

(၂) နည်းပညာပိုင်းဖြစ်နိုင်ခြေရှိမှု၊

(၃) လျှောက်ထားသူ၏ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ယင်းနှင့်ဆက်စပ်သည့် လုပ်ငန်းနယ်ပယ်ဆိုင်ရာ အတွေ့အကြုံ၊

(၄) မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ကြီးထွားလာစေရေးနှင့် ဖွံ့ဖြိုးလာစေရေးတို့အတွက် အကျိုးပြုနိုင်မည့် အလားအလာအား ဖော်ညွှန်းပေးနိုင်မှု၊

(၅) အစီအစဉ်များ၏ အရည်အသွေး မြင့်မားတိုးတက်လာစေရန်နှင့် အကြောင်းအရာပိုင်းဆိုင်ရာ မတူကွဲပြားမှုများကို တင်ဆက်နိုင်ရေးအကျိုးပြုနိုင်မည့် အလားအလာအား ဖော်ညွှန်းပေးနိုင်မှု၊

(၆) မီဒီယာလုပ်ငန်းများ ပိုင်ဆိုင်မှုအရေအတွက်၊ ပိုင်ဆိုင်မှုပုံသဏ္ဍာန်နှင့် အနေအထား၊

(၇) မီဒီယာပိုင်ဆိုင်မှုတွင် အများပြည်သူ၏ သဘောထားအမြင်များကိုဖော်ဆောင်သည့် မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားမှုများအား ခိုင်မာအားကောင်းလာစေသည့် အားထုတ်ကြိုးပမ်းမှု၊

(၈) သင့်လျော်သည့် အမိန့်များ ထုတ်ပြန်ရေးအတွက် ကောင်စီက သတ်မှတ်ထားသည့် အခြားသတ်မှတ်ချက်များ။

(ခ) လိုင်စင်လျှောက်ထားစဉ်က ပါဝင်သည့် နည်းပညာပိုင်းဆိုင်ရာ အဆိုပြုချက်များနှင့် အစီအစဉ်ပိုင်းဆိုင်ရာ အဆိုပြုချက်များကို လိုင်စင်လျှောက်ထားစဉ်ကအတိုင်း ပြောင်းလဲခြင်းမပြုရ။

၃၈။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများသည် လုပ်ငန်းလိုင်စင်ကြေးများကို ကောင်စီ၏ ငွေစာရင်းမှတစ်ဆင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၃၉။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင်များ၏ သက်တမ်းမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်း

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ၁၀ နှစ်၊

(ခ) စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ၁၀ နှစ်၊

(ဂ) စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ၁၀ နှစ်၊

(ဃ) ဌာနပိုင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ၁၀ နှစ်၊

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်း
လုပ်ငန်းလိုင်စင် ၁၅ နှစ်၊

ဆက်လက်ဖော်ပြပါမည်။

ပြည်ထဲရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရုံးသုံး/ရဲစခန်းသုံးပုံစံ(၅၄)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၁၁-၃-၂၀၁၄ရက်မှ ၂၁-၃-၂၀၁၄ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၂၄-၃-၂၀၁၄ရက် ၁၀နာရီအထိ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၄၅)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၂၅၁၂သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
မြေကွက်များငှားရမ်းရေးဆောင်ရွက်ရန် အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန၊ စက်ရုံမြေနေရာများတွင် CMP လုပ်ငန်းအပါအဝင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် မြေကွက်လွတ် (၂၂)ကွက် ဖော်ထုတ်၍ အဆိုပြုလွှာခေါ်ယူခဲ့ရာ (၁၇)ကွက် ငှားရမ်းပြီးဖြစ်ပါသည်။

၂။ အထက်ပါနေရာတွင် တစ်ကွက်ဧက ခန့်မှန်း(၅)ဧကရှိပြီး ကျန်ရှိသော မြေကွက်လွတ် (၅)ကွက်ကို မည်သည့် CMP လုပ်ငန်းမဆို (Any CMP) လုပ်ကိုင်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အောက်ပါနေရာများတွင် အဆိုပြုလွှာများ တောင်းခံ၍ ပုံစံများရေးသွင်းပြီး စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း(ရုံးချုပ်)၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်သို့ ၂၅-၃-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

အဆိုပြုလွှာ ရောင်းချမည့်နေရာ

(က) ရန်ကုန် - အထည်အလိပ် လုပ်ငန်းရုံးခွဲ (ယခင်အထည်ချုပ်စက်ရုံ၊ အမှတ်-၂၇) အမှတ်(၁)၊ သုခဝတီလမ်း၊ (၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) နေပြည်တော် - ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်။

(ဂ) စတင်ရောင်းချမည့်ရက် - ၁၂-၃-၂၀၁၄ ရက်

၃။ အသေးစိတ် သိရှိလိုသည်များနှင့် CMP လုပ်ငန်းများမဟုတ်သော အခြားစက်မှု လုပ်ငန်းများ လုပ်ကိုင်လိုသူများရှိပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းဆွေးနွေးနိုင်ပါသည်-

ဆက်သွယ်ရမည့်လိပ်စာ
ညွှန်ကြားရေးမှူး (ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။
နေပြည်တော် ဖုန်း- ၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၃၆၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊
ရန်ကုန် ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ်(၄၂၂/၄၂၆)၊ကမ်းနားလမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-ဂျ)တွင် သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

RC(၂)ထပ်တိုက် ရုံးအဆောက်အအုံ ပေ(၄၀×၈၀) အမြင့်(၂၂)ပေ

(ရေမီးအပါအဝင်)ပေ(၄၀×၄၀)+ပေ(၄၀×၈၀)(L Shape)=(၄၈၀၀sqft)×၂ထပ်(Roof Slab)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၀-၃-၂၀၁၄ ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် တစ်စောင်လျှင် ကျပ် (၅၀၀၀၀/-)တိတိနှုန်းဖြင့်ရောင်းချမည်ဖြစ်ပြီး ၂၄-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်ဒါပြန်လည်တင်သွင်းကြရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါပုံစံကို တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုပါက အမှတ်(၄၂၂/၄၂၆)၊ ကမ်းနားလမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၊ တတိယထပ်ရှိ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပြီး ဖုန်းနံပါတ်-၀၁-၂၀၂၀၅၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရွေးချယ်ရေးအဖွဲ့
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(လုပ်ငန်းတင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့၏တောင်ဘက် မိုင်(၂၀)ခန့်အကွာ၊ မြစ်ငယ်မြစ်ပေါ်ရှိ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ Construction of Underground Works လုပ်ငန်းအား နိုင်ငံခြားငွေ (USD)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၉-၄-၂၀၁၄ရက်၊ ၁၆း၀၀ နာရီ
တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၉-၇-၂၀၁၄ရက်၊ ၁၀း၀၀နာရီ
တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက် - ၉-၇-၂၀၁၄ရက်၊ ၁၄း၀၀နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ
အထည်စက်ရုံခွဲ(မြင်းခြံ)နှင့်ဝါကြိတ်စက်ရုံ(၅)ရုံတို့အား
ပုဂ္ဂလိကသို့ ငှားရမ်းရေးအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ အထည်စက်ရုံခွဲ (မြင်းခြံ)နှင့်ဝါကြိတ်စက်ရုံ (၅)ရုံတို့အား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းနိုင်ရန် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(က) အထည်စက်ရုံခွဲ(မြင်းခြံ)
(ခ) ဝါကြိတ်စက်ရုံ(ကျောက်ပန်းတောင်း)
(ဂ) ဝါကြိတ်စက်ရုံ(နွားထိုးကြီး)
(ဃ) ဝါကြိတ်စက်ရုံ(တောင်သာ)
(င) ဝါကြိတ်စက်ရုံ(မလှိုင်)
(စ) ဝါကြိတ်စက်ရုံ(ရမည်းသင်း)

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၁၀-၃-၂၀၁၄
(ခ) တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၅-၃-၂၀၁၄(၁၆း၀၀)နာရီ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ-(၁)ရန်ကုန်-အထည်အလိပ်လုပ်ငန်းရုံးခွဲ [ယခင်အထည်ချုပ်စက်ရုံ အမှတ်(၂၇)]၊ အမှတ် (၁)သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။
(၂) နေပြည်တော်-ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဌာနသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆
ရန်ကုန် ဖုန်း-၀၁-၅၅၄၁၇၇၊ ၅၄၄၁၂၀

တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့တာဘိုင်ဓာတ်အားပေးစက်ရုံ နှစ်ရှည်ငှားရမ်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့တာဘိုင် ဓာတ်အားပေးစက်ရုံကို နှစ်ရှည်ငှားရမ်းလိုပါသဖြင့် ဆောင်ရွက်လိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက် (၁၆း၀၀)နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများကို ကြော်ငြာသည့်နေ့မှစ၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၁၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်(လယ်ယာရိပ်သာ)၊ ရတနာလမ်းရှိ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်(လယ်သမားရွာ)၊ မြေကွက်အမှတ်(၉)၊ ဧရိယာ(၁၄၄၀၀စတုရန်းပေ)၊ (၀. ၃၃၀)ဧကရှိ အစိုးရမြေအား ဒေါ်တင်တင်ဝင်း [၁၂/သကတ(နိုင်)၀၇၂၅၄၁]ပါ (၇)ဦးမှ မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာစီမံကိန်းတွင် (၄)ခန်းတွဲ၊ (၈)ထပ်တိုက်(၂၅)လုံး ဆောင်ရွက်လျက်ရှိရာ အောက်ယှဉ်တွဲဖော်ပြပါအခန်းအရေအတွက်နှင့် ဈေးနှုန်းများအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) U-900-Type -A ၉၆၁. ၅ စတုရန်းပေ (၁၆၀)ခန်းရှိပြီး တစ်ခန်းလျှင် -ကျပ် ၃၄၇သိန်း
(ခ) U-600-Type-B ၆၁၈ စတုရန်းပေ (၆၄၀)ခန်းရှိပြီး တစ်ခန်းလျှင် -ကျပ် ၂၅၅သိန်း

၂။ အဆိုပါတိုက်ခန်းများအား နည်းလမ်းနှစ်သွယ်ဖြင့် ရောင်းချရန်ဖြစ်ပြီး နည်းလမ်း(၁) အရစ်ကျဝယ်ယူမှု၊ နည်းလမ်း(၂) ဘဏ်ချေးငွေဖြင့် ဝယ်ယူမှုတို့ဖြစ်ပါသည်။ ဘဏ်ချေးငွေမှာ (၄)နှစ်အများဆုံး သတ်မှတ်ထားပါသည်။

၃။ တိုက်ခန်းဝယ်ယူသူများအနေဖြင့် အောက်ပါအတိုင်း လျှောက်ထားရမည်ဖြစ်ပါသည်-

(က) အစိုးရဝန်ထမ်းဖြစ်ပါက လုပ်သက်အနည်းဆုံး(၂၀)နှစ်ရှိရမည်ဖြစ်ပြီး အမှန်တကယ်နေထိုင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက် ပါရှိရမည်ဖြစ်ပါသည်။
(ခ) အခြားလျှောက်ထားမည့်သူများအနေဖြင့် နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်သူ အိမ်ထောင်ဦးစီးဖြစ်ရပါမည်။
(ဂ) လျှောက်ထားမည့်သူ၏မိသားစုလစဉ်ဝင်ငွေသည် အနည်းဆုံး ကျပ်သုံးသိန်းရှိရပါမည်။

၄။ ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာစီမံကိန်းအား ၂၀၁၃ခုနှစ်၊ ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပြီးစီမံကိန်းကာလ (၂)နှစ်ကြာမြင့်မည်ဖြစ်ပါသည်။ ယခုအခါရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပြည်သူလူထုသို့ ကြိုတင်ရောင်းချမည်ဖြစ်သဖြင့် ဖော်ပြပါစည်းကမ်းချက်များနှင့်ကိုက်ညီသူများသည် ၁၁-၄-၂၀၁၄ရက် နောက်ဆုံးထား၍ ဌာနမှူး၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ ကိုယ်တိုင်ရေးလက်ရေးမူလျှောက်လွှာဖြင့် လျှောက်ထားရမည်ဖြစ်ပြီး လက်ရေးနမူနာပုံစံဖြင့် ပူးတွဲရမည့်အချက်များအား အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ မြေညီထပ် ကြော်ငြာဘုတ်တွင် ကပ်ထားပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မှတ်ချက်။ ။ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းရှိ တိုက်ခန်းဝယ်ယူခွင့်လျှောက်လွှာတင်ထားပြီးသူများ ထပ်မံလျှောက်ထားရန် မလိုပါ။ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းရှိ တိုက်ခန်းဝယ်ယူခွင့်ရရှိသူများအား ချန်လှပ်၍ ကျန်လျှောက်လွှာများအား ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာစီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ဌာနမှူး၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၁၀၁၅)၊ မြေကွက်တည်နေရာအမှတ်(၁၀၁၅)၊ (၁၄)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဦးလှဝင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှဝင်းနှင့်ဇနီး ဒေါ်မြမြသန်းတို့ ကွယ်လွန်သဖြင့် ဦးရဲထွန်းဝင်း [၁၂/ကတတ(နိုင်)၀၀၀၀၃၃]နှင့် ဒေါ်တင်နွယ်ဝင်း [၁၂/ကတတ(နိုင်)၀၀၃၉၉၉] တို့မှ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော သားသမီးများဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/A ၊ မြေကွက်အမှတ် (၇၀)၊ မြေကွက်တည်နေရာ အမှတ်(၁၁)၊ ရှမ်းကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ (ဒေါ်သန်းသန်း)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်သန်းသန်းထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်-၃၉၁၀/၂၀၀၇ (၁၃-၉-၂၀၀၇) ဖြင့်ပိုင်ဆိုင်လာသူ (၁)ဒေါ်တင်မိုးသိန်း [၁၂/အစန(နိုင်)၀၂၈၈၁၀]၊ (၂)ဒေါ်တင်ထွေးသိန်း [၁၂/အစန(နိုင်)၀၂၈၈၆၆]တို့ကဧရိယာ(၀. ၃၄၃)ဧက၏တစ်စိတ်တစ်ဒေသကို အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂)၊ မြေကွက်အမှတ်(၇၅၇)၊ မြေကွက်တည်နေရာအမှတ်(၇၅၇)၊ သုဇာတာ(၁၁)လမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဦးငြိမ်းမောင်)(AD-၀၁၂၄၆)၊ ဦးမောင်ထွေး (N/OKA-၀၀၀၃၄၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်တစ်ဦးဖြစ်သူ ဦးငြိမ်းမောင်(ဖခင်)ကွယ်လွန်၍ ၎င်း၏အစုကို သားသမီးအရင်းများ တော်စပ်ကြသော ဦးဝင်းတင်[၁၂/ဥကမ(နိုင်)၀၃၃၄၇၇]၊ ဒေါ်သစ်သစ်ဝင်း[၁၂/ဥကမ(နိုင်)၀၃၆၅၁၇] တို့က (မိခင်)ဒေါ်စိန်ပုနှင့် ဖခင်တို့၏သေစာရင်းနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမောင်ထွေးနှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် အရောင်းအဝယ်စာချုပ်ရန်နှင့်မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၀၈)၊ မြေကွက်တည်နေရာအမှတ်(၁၀၈)၊ ပီမိုနင်းလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာ၊ (ဦးလှကြိုင်)အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက်ခင်ပွန်း ဦးလှကြိုင် ကွယ်လွန်သဖြင့် ဒေါ်တိုးရီ [၁၂/ရကန(နိုင်)၀၂၇၈၉၃] မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်း-၂၆(သမိုင်း)၊ မြေကွက်အမှတ်(၅၀/၂)၊ ဧရိယာ(၀. ၀၆၂)ဧက နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဦးရဲမြင့်ဖြစ်ပါသည်။ မြေနှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်-၂၀၃/၂၀၁၄ တင်ပြ၍ ဦးပါကျွန်း [၁၂/ပဘတ(နိုင်)၀၀၇၃၈၉]၊ ဒေါ်သန်းသန်းဦး[၁၂/မဂတ(နိုင်)၀၀၈၀၃၂]များသို့ ပြောင်းလဲခွင့်ပြုရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၈)၊ မြေကွက်အမှတ်(၂၃၄)၊ မြေကွက်တည်နေရာအမှတ်(၂၃၄)၊ (၂၈)ရပ်ကွက်၊ ဒဂုံမြောက်၊ (ဦးတင်ရွှေ) (MMO-၂၅၈၆၂၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေနှင့်ဇနီး ဒေါ်စိုးကြည်ကွယ်လွန်သဖြင့် ဦးအောင်ကျော်မိုး[၁၂/မဂဒ(နိုင်)၀၇၈၀၀၉]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၇၂/၁၃(၁၂-၁၂-၁၃)ဖြင့် ဒေါ်နိုင်နိုင်ဇော်[၁၂/သကတ(နိုင်)၁၂၇၆၀၀]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ်(၅၁၄)၊ မြေကွက်တည်နေရာအမှတ်(၅၁၄)၊ မာဃ(၁၃)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ငြိမ်းရင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဒေါ်ငြိမ်းရင်နှင့် ခင်ပွန်း ဦးအောင်တင်ကွယ်လွန်သဖြင့် ဦးအောင်သိန်း[၁၂/ဥကတ(နိုင်)၀၂၁၃၀၄]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်ကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၅၁၆(၁-၁၁-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်ကြည်[၁၂/ရပသ(နိုင်)၀၃၅၉၆၇]ကပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄ဂျီ၊ မြေကွက်အမှတ်V̄-၃၆၊ မြေကွက်တည်နေရာအမှတ်(၁၃)၊ (၁၃၄)လမ်း၊ မအူကုန်းရပ်ကွက်၊ (ဒေါ်လှလှမူ) အမည်ပေါက် နှစ်(၉၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဒေါ်လှလှမူ(မိခင်)နှင့် ဦးတင်လှ(ဖခင်)တို့ကွယ်လွန်သဖြင့်(၁)ဒေါ်စန္ဒာ[၁၂/သဃက(နိုင်)၁၂၅၂၃၁]၊ (၂)ဒေါ်ရီရီမြင့်[၁၂/သဃက(နိုင်)၁၂၅၂၃၃]၊(၃)ဒေါ်အေးအေးသန်း[၁၂/သဃက(နိုင်)၀၀၃၈၃၇]၊ (၄)ဒေါ်ခင်ခင်ဝင်း[၁၂/သဃက(နိုင်)၀၀၃၈၃၆]တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၃၃၅/ခ၊ မြေကွက်တည်နေရာအမှတ်(၁၃၃၅/ခ)၊ မာန်ပြေ(၂) လမ်း၊ ၃-ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁။ဒေါ်ရီဝင်း ၂။ ဦးခင်သောင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ရီဝင်း(ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် (ခင်ပွန်း) ဦးခင်သောင်း(CF-၁၄၂၀၃၃)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၀၆၅/၂၀၁၃) ရရှိသူ ဦးအောင်စိုးမိုး [၁၄/မသန(နိုင်)၀၀၆၇၇၇]မှသေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ယမုံနာ(၂)၊ မြေကွက်အမှတ်(၂၁၅)၊ မြေကွက်တည်နေရာအမှတ်(၂၁၅)၊ (၂)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးတင်မောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မောင် (ဖခင်)နှင့် ဒေါ်လှဝင်း (မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်ကြသော ဒေါ်ကြည်ကြည်စန်း [၁၂/ဒပန(နိုင်)၀၅၈၇၆၄] နှင့် ဒေါ်စပါယ် [၁၂/ ဒပန(နိုင်)၀၃၈၇၄၈]တို့က သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ ၎င်းတို့ကိုယ်စားG.P၁၇၈၈၅/၂၀၁၃ရသူ ဦးအောင်နိုင်(S/DGNMTT- ၀၃၅၀၄၈ မှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများ တင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးအထူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

သုဓမ္မမဏိဇောတဓရ ဦးယုံစိန်(ခ)ဝှမ်ယုံးချင်း

အသက်(၈၇)နှစ်

မန္တလေးမြို့၊ (၈၂)လမ်း၊ ၃၀×၃၁ကြား၊ အိမ်အမှတ်(၃၈၅)နေ ဦးရဲမြင့်ဦး(MD-Golden One Star Co.,Ltd)၊ ဦးရဲမြင့်ထွန်း(MD-Golden Treasure Group Co.,Ltd)၊ ဦးရဲမြင့်စိုး(MD-Daung Nyi Naung Int'l Co.,Ltd)-ဒေါ်ဝါဝင်းကြိုင်(Director-ဝါဝါဝင်းဆောက်လုပ်ရေး)၊ ဦးခင်မောင်တိုး-ဒေါ်မြင့်မြင့်စိန်၊ ဒေါ်မြင့်မြင့်ယဉ်၊ ဒေါ်မြင့်မြင့်တင်(စိန်ရတနာအထည်ဆိုင်၊ ဈေးချို)တို့၏ မွေးသဖခင်၊ မပြည့်ဖြိုးသော် (Final Part-II၊ မန္တလေးဆေးတက္ကသိုလ်)၊ မောင်ဉာဏ်လင်းမောင်၊ မမေဘရဏီစိုးကြိုင်၊ မမေသီဂီစိုးကြိုင်တို့၏အဘိုး၊ ဒေါ်ဂျာဂျာမြင့်(Q-8၊ မြကန်သာလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့)၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁း၁၀နာရီတွင် ကွယ်လွန်ခဲ့သော ဦးယုံစိန်(ခ)ဝှမ်ယုံးချင်းအား SaKuRaဆေးရုံတွင် တက်ရောက်ကုသနေစဉ် အထူးကြပ်မတ်ကုသပေးခဲ့ကြသော အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ အထူးကုသမားတော်ကြီးပါမောက္ခဒေါက်တာဦးကျော်စိုးထွန်းအားလည်းကောင်း၊ အဆုတ်နှင့်ရင်ခေါင်းအထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာဦးဝင်းနိုင်အားလည်းကောင်း၊ ဦးနှောက်နှင့်အာရုံကြောအထူးကုသမားတော်ကြီး တွဲဖက်ပါမောက္ခဒေါက်တာဦးသန့်စင်စိုးအားလည်းကောင်း၊ တာဝန်ကျဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စဆောင်ရွက်နေစဉ် အဆင်ပြေချောမွေ့စေရန် မိသားစုသဖွယ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော ဆွေမျိုးမိတ်ဆွေများ၊ သက်န်း၊ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ခဲ့ကြသူများ၊ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းများ၊ Telephone၊ E-mail၊ သတင်းစာများမှတစ်ဆင့် အားပေးနှစ်သိမ့်ပေးကြသော မိတ်ဆွေသင်္ဂဟများ၊ ဆရာတော်ကြီးများ၊ ရဟန်းရှင်၊ သီလရှင်၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဂူသွင်းသင်္ဂြိုဟ်ရန်အတွက် ကိစ္စအဝဝအား ကူညီပေးခဲ့ကြသော မန္တလေးမြို့၊ လမ်း(၈၀)၊ ယူနန်ဘုံကျောင်းအသင်း၊ မိတ်ဆွေသင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

Golden One Star Co.,Ltd

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၁၊ မြေကွက်အမှတ်-၁၂၀၁/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၀၁/ခ၊ (၅၁)ရပ်ကွက်၊ ဒဂုံမြောက် (ဦးကြိုင်)အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဦးကြိုင်ထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ၁။ဒေါ်စန်းအေးရီ[၁၂/သဃက(နိုင်)၁၃၈၆၅၀]၊ (၂) ဒေါ်တင်အေးခိုင်[၁၂/သဃက(နိုင်)၁၆၈၄၂၃] တို့က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ဌာနဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ကြောင်း

မြိတ်တက္ကသိုလ်၊ ပထဝီဝင်အဓိက၊ ခုံအမှတ်-၂/ပ-၁၄၁ဖြင့် အောင်မြင်ခဲ့သော မခင်မာချို၏ဖခင်ဖြစ်သူ ဦးအပ္ပဒူလာ(ခ) ဦးဒူးလာ[၆/မအရ(နိုင်)၀၆၄၄၄၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအပ္ပဒူလာ(ခ)ဦးဒူးလာ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

တာမွေမြို့နယ်၊မေတ္တာညွန့်ရပ်ကွက်၊မစိုးရိမ်ကျောင်းတိုက်ကြီး၏

ဦးစီးပဓာနနာယကဆရာတော်

ဘဒ္ဒန္တဇာဂရမဟာထေရ်

သိက္ခာတော်(၈၆)ဝါ၊ သက်တော်(၁၀၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မစိုးရိမ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာဂရမဟာထေရ်သည် [၁၃၇၅ခုနှစ်၊တ ပေါင်းလဆန်း(၈)ရက်]၊၈-၃-၂၀၁၄(စနေနေ့)တွင်ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို [၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁)ရက်] ၁၆-၃-၂၀၁၄(တနင်္ဂနွေနေ့)၊ မွန်းလွဲ ၂း၃၀ နာရီတွင် မစိုးရိမ်ကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

တပည့်သံဃာတော်များ
ဒါယကာ၊ဒါယိကာမများနှင့်
ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံကျော်ဓမ္မကထိကရွှေမြိုင်ဆရာတော်ဦးဩဘာသာဘိဝံသ

သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၆)နှစ်

သ. စ. အဓမ္မာစရိယဒီဃနိကာယပါဠိပါရဂူ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ကျိုက်သလ္လန်ဘုရား၊ အနောက်ဘက်မုခ်အနီး ရွှေမြိုင်ထေရာဝါသ ဝါးခယ်မကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက နိုင်ငံကျော်ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ (သ. စ. အဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ) သိက္ခာတော် (၅၅) ဝါ၊ သက်တော် (၇၆)နှစ်သည် (၁၃၇၅ခုနှစ်၊ တပေါင်းလဆန်း၇ရက်) ညဥ့်း၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၅ရက်) ၁၅-၃-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်၌ အန္တိမဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား အပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါက်တာဦးမျိုးတင့်

အသက်(၈၅)နှစ်

(အငြိမ်းစား)ခတ်ရောင်ခြည်အထူးကုဆရာဝန်ကြီး

လက်ပံတန်းမြို့နေ(ဦးထွန်းညွန့်-ဒေါ်ခင်မြင့်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်-၂၀၊ကျောင်းလမ်း၊ (၁၄)ရပ်ကွက်နေ(ဒေါ်တင်တင်ကြီး)၏ခင်ပွန်း၊ ဒေါ်ချယ်ရီမျိုးတင့်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ဒေါက်တာဒေါ်အေးအေးတင့် (ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ ဦးကျော်တင့်(ခေတ္တ-UK)တို့၏ဖခင်၊ ဦးနန်းလွင်၊ ဦးကျော်မြင့်တို့၏ညီသည် ၁၀-၃-၂၀၁၄ နံနက်၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၃-၂၀၁၄ရက် နံနက်၉နာရီတွင် ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)၊ ကျောက်ကုန်းလမ်း၊(၁၄)ရပ်ကွက်၊ ကံဘဲ့နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဉယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (ကံဘဲ့နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာတင်ထွဋ်(ဆမ-၂၈၆၁)

အသက်(၇၃)နှစ်

(ကျောက်ပန်းတောင်း)

တိုင်းဆေးရုံအုပ်ကြီး(ငြိမ်း)

ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်နေ (ဦးဘထွန်း-ဒေါ်ထင်)တို့၏သားကြီး၊ (ဦးလှသန်း-ဒေါ်ခင်စန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊(၃၄)ရပ်ကွက်၊ သရဖီ(၄)လမ်း၊ အမှတ်(၃၁၂)နေ ဒေါ်ခင်ထွေးသန်း(ခ) ဒေါ်အမာ၏ခင်ပွန်း၊ ဦးတင်လတ်-ဒေါ်ခင်မေသန်း၊ဦးတင်ညို-ဒေါ်ခင်နန်းညွန့်(ဦး ပေါ်စိန်)-ဒေါ်ခင်မြင့်ကြူ(ဦးတင်စိုး)၊ဦးမင်းဇော်-ဒေါ်ခင်အေးကြူ(ဦးမောင်မောင်သန်း)-ဒေါ်ဝေလီသန်း၊ဒေါ်ရွှေရည်သန်းတို့၏အစ်ကိုသည် ၁၀-၃-၂၀၁၄(တနင်္လာ နေ့) နံနက် ၄း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ မိသားစု

(၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဒုတိယဗိုလ်မှူးကြီးလှမြင့် B.Sc(ENG:) (ငြိမ်း)

(လေ-၁၄၀၁)

အတွင်းရေးမှူး(M.A.I)(ငြိမ်း)

အကြံပေးပုဂ္ဂိုလ်(D.S.T.A)(ငြိမ်း)

ဆရာကွယ်လွန်ခဲ့သည်မှာ ၁၂-၃-၂၀၁၄ရက်တွင် (၅)နှစ်ပြည့်မြောက်ခဲ့သော်လည်း ကိုယ်ကျင့်သိက္ခာတရားကို စံပြု၍ နာယကဂုဏ်ခြောက်ပါးနှင့်အညီ တပည့်များနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် မေတ္တာစေတနာထားကာ အုပ်ချုပ်ညွှန်ကြားခဲ့သော ဆရာ့ကို နှမြောတသ လွမ်းဆွတ်သတိရလျက်ပါ။ မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့ ထာဝရဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခဲ့ခြင်းနှင့် မှော်ဘီမြို့နယ် မောင်းထောင်မြေဇင်းတောရကျောင်းတွင် နှစ်ကိုပ်ရှစ်ဆူ ဘုရားဆင်းတုတစ်ဆူ လှူဒါန်းခြင်းအတွက် ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုပါရန် "လူပင်သေသော်လည်း နာမည်မသေစေနဲ့"ဟု ဆိုဆုံးမခဲ့သော စကားကို နာယူမှတ်သားလျက် ယခုရောက်ရှိနေသော ဘုံဘဝမှသည် ဆင်းရဲဒုက္ခအပေါင်း ချုပ်ငြိမ်းရာ နိဗ္ဗာန်နန်းဆီသို့ အဆင့်ဆင့်တက်လှမ်းရောက်ရှိနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အမျှပေးဝေအပ်ပါသည်။ ရောက်ရှိရာဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။ (သက်ဆုံးတိုင် သတိရနေမည်သာ)

တာဝန်ထမ်းဆောင်ဆဲနှင့်အငြိမ်းစားတပည့်များ
တပ်မတော်(လေ)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်၊ 7D/4041၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်-၂/ ညသ၆/က၃-B၊ မြေအမျိုးအစား-မြေပိုင်မြေ(အိမ်ရာမြေရပြီး)ဧရိယာ (၀. ၁၁၁)ဧကရှိ မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း အဆိုပြုဝန်ခံသူ ဦးလှမြင့်၊ ဒေါ်တင်ဆွေအေးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေရန် ရှိပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နှင်းဦးဝေ LL.B,LL.M,M.Res,PhD (Thesis)
အထက်တန်းရှေ့နေ(စဉ်-၃၀၄၇၉)
အမှတ်-၂၊ ဆည်မြောင်းရိပ်သာလမ်း၊ ၈မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၅၂၇၀၀-၃၊ ၀၉၄၃၂၀၈၂၂၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြို့ပတ်လမ်း၊ အမှတ်(၂၃၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၂၃၁/က)၊ အကျယ်အဝန်းပေ(၂၀× ၆၀)၊ (၁၂၀၀စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ လက်ရှိပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမင်းမင်းထွန်း
အထက်တန်းရှေ့နေ(စဉ်-၂၄၁၆၅)
အမှတ်(၂၁၅)၊ (၃၉)လမ်း၊ မြေညီ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၂၅၃၈၄

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစောလင်းအောင် (၃၉)နှစ်

(မဇ္ဈိမသတင်းစာ၊ အိုအေစစ်ဂျာနယ်၊ Myanmar Media Library)
(မြန်မာနိုင်ငံသတင်းစာဆရာအသင်းဗဟိုအမှုဆောင်ကော်မတီဝင်)

မဂျူလိုင်မိုး(အယ်ဒီတာချုပ်၊ အိုအေစစ်ဂျာနယ်)၏ ခင်ပွန်း၊ မောင်လင်းလက်ျာ၊ မလင်းဒီသာတို့၏ ဖခင် ဦးစောလင်းအောင်သည် ၈-၃-၂၀၁၄ရက် နံနက် ၉နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

သျှီသူအောင်-နီလာထွန်း
သမီး-စုခေတ်မီအောင် မိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

ဦးတင်မြင့်စံ (၆၄)နှစ်

(သဘော်ာတင်ဝယ်ဖြန့်-ငြိမ်း)

အသင်းဝင်အမှတ်(၀၅၀၆)

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၅၁) ရပ်ကွက်နေ ဦးတင်မြင့်စံသည် ၁၀-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)

ကိုသိန်းဇော် (၄၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဉယျာဉ်မြို့တော်(အေ) ဘလောက်၊ အခန်းအမှတ်(၀၀၃)၊ မြေညီထပ်နေ မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဦးငွေအောင်၏သား ကိုသိန်းဇော်သည် ၁၀-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကြည်စုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

ဦးစောလင်းအောင်(အယ်ဒီတာ)

အသက်(၃၉)နှစ်

(မဇ္ဈိမသတင်းစာ၊အိုအေစစ်ဂျာနယ်)
(မြန်မာနိုင်ငံသတင်းစာဆရာအသင်း-ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)

ဦးအောင်မြင့်-ဒေါ်မေမန်းတို့၏ သားကြီး၊ သာကေတမြို့နယ်၊ ရန်ပြေ လမ်း(၂၀)အရှေ့၊ အမှတ်(၃၁)နေ ဦးတင်ထွန်း-ဒေါ်ခင်ဝင်းမာတို့၏ သားသမက်၊ ဒေါ်ဂျူလိုင်မိုး(ရာ/၂၀၁၃)(အိုအေစစ်ဂျာနယ်)၏ ခင်ပွန်းသည် ၈-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း-၂၊ မြေကွက်အမှတ်-၃၅၆၊ မြေကွက်တည်နေရာအမှတ်-၃၅၆၊ (၁၄/စီမံကိန်း-၂)၊ တောင်ဥက္ကလာပ [ဦးခွန်(မ်)လုံး] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခွန်(မ်)လုံးကွယ်လွန်သဖြင့် ဒေါ်ဂျာနန်[၁၂/သဃက(နိုင်)၀၅၄၅၆၃]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါက်တာတင်ထွဋ်(ဆမ-၂၈၆၁)

(ကျောက်ပန်းတောင်း)

တိုင်းဆေးရုံအုပ်ကြီး(ငြိမ်း)

အသက်(၇၃)နှစ်

ကျောက်ပန်းတောင်းမြို့၊မြို့မရပ်နေ (ဦးဘထွန်း-ဒေါ်ထင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ(၄)လမ်း၊ အမှတ်(၃၁၂)နေ ဒေါ်ခင်ဆွေသန်း(ခ) ဒေါ်အမာ၏ခင်ပွန်း၊ (ဦးတင်မောင်မောင်)-ဒေါ်ရွှေစင်မိုး၊ ဦးသန်းထွဋ်-ဒေါ်ခင်ဘုန်းမြင့်၊ ဦးအောင် ကိုဦး-ဒေါ်ခင်ဘုန်းတင့်၊ဦးဇေယျာလင်း- ဒေါ်ခင်ဘုန်းဆင့်၊ ဦးနေလင်းအောင်-ဒေါ်ဆီဇာတင်ထွဋ်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၀-၃-၂၀၁၄ (တနင်္လာနေ့) နံနက် ၄း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၃-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

ဦးဟန်အောင် (၇၁)နှစ်

(မန်နေဂျာ-ငြိမ်း၊
မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)

အသင်းဝင်အမှတ်(၀၅၆၃)

အင်းစိန်၊ ဒညင်းကုန်းအိမ်ရာနေ ဦးဟန်အောင်သည် ၂၈-၂-၂၀၁၄ ရက် တွင်ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/သဘော်ာကျင်း၊ မြေကွက်အမှတ်-၁၃၆၊ မြေကွက်တည်နေရာအမှတ်-၁၃၆၊ မြို့ပတ်လမ်း၊ သဘော်ာကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးတင်ရ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ရ(ဖခင်)နှင့်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးမြင့်ဦး[၁၂/ဒပန(နိုင်)၀၂၁၄၉၉]၊ ဦးမြင့်စိုး[၁၂/ဒပန(နိုင်)၀၂၁၆၄၉]၊ ဒေါ်တင်တင်ချို[၁၂/ဒပန(နိုင်)၀၂၁၈၃၇] တို့ထံမှ GP ၁၉၉၃၂/၁၃/၁၇-၁၀-၁၃ ဖြင့် ရရှိသူ ဦးကျော်ဝင်း[၁၂/ရကန(နိုင်)၀၅၈၆၉၆]မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမ ဖွာသွေမာဘီ(ခ)

ဆရာမဒေါ်လှမြိုင်

အသက်(၈၃)နှစ်

အမက(၁၄)၊မင်္ဂလာတောင်ညွန့်မြို့နယ်(ငြိမ်း)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၃)လမ်း၊အမှတ်(၂၅)၊မြေညီထပ်နေ [ဦးဘဦး (စခန်းမှူး၊ ငြိမ်း)-ဒေါ်စောမြ(ကျောင်းဆရာမ၊ ငြိမ်း)]၊ [ဦးဘလှ(မင်္ဂလာတောင်ညွန့်မြို့နယ် အား/ကာဦးစီးမှူး၊ ငြိမ်း)]၏ ချစ်လှစွာသော ဇနီး၊ ဦးနိုင်ဝင်း-ဒေါ်ဝင်းဝင်းသိန်း၊ ဦးခင်ဇော်-ဒေါ်ခင်သန္တာ၊ ဦးခင်မောင်စိုး-ဒေါ်ထားထားမော်၊ ဦးလှငွေ-(ဒေါ်နီနီချို)၊ ဦးအောင်ထွန်းဦး-ဒေါ်အေးအေးစန်း၊ ဦးမောင်ကြီး-ဒေါ်ခင်မာလွင်၊ ဦးတင်မောင်လတ်-ဒေါ်မေမေချော၊ ဦးဌေးနိုင်-ဒေါ်မေမြတ်မော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၆ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၈-၃-၂၀၁၄ (စနေနေ့) နံနက် ၅း၁၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေတွင် ဒါဖွာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး

ဦးလှမြင့် (၈၅)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊အောင်ဇေယျ လမ်း၊ အမှတ်(၈၂)နေ (ဦးစိန်သော်-ဒေါ်စောအိမ်)တို့၏သား၊(ဦးဘသော်- ဒေါ်စောကင်း) တို့၏ သားသမက်၊ ကိုနေဝင်း(ခေတ္တ-ဂျပန်)၊ဒေါ်စန်းစန်းရီ-ဦးမောင်မောင်အေး၊ ကိုခင်ဇော်(ခေတ္တ-ဂျပန်)တို့၏မွေးသဖခင်၊မယုယုသော်၊မောင်ဇော်သက်မျိုးတို့၏အဘိုးသည် ၁၀-၃-၂၀၁၄ (တနင်္လာနေ့) နံနက်၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၄(သောကြာနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

ဦးခင်ညို (၇၆)နှစ်

(ဌာနခွဲစာရေး-ငြိမ်း၊ မျိုးစေ့ဌာန)

အသင်းဝင်အမှတ်(၀၃၉၉)

အင်းစိန်မြို့နယ်နေ ဦးခင်ညိုသည် ၂-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါက်တာဒေါ်ခင်ကြွယ်

M.B.,B.S (Rgn)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၈)က၊ မဥ္ဇူလမ်းသွယ်(၂)၊ ပါရမီ၊ ရန်ကင်းမြို့နယ်နေ ဦးမောင်မောင်ဂျမ်း-ဒေါ်ဒေါ်ဘီတို့၏သမီး၊ [ဒေါက်တာဦးတင့်နိုင်(ဆရာဝန်ကြီး-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဒေါက်တာသက်နိုင်ဦး-ဒေါ်ဆုသီခိုင်၊ Dr.ခင်ဥမ္မာနိုင်-ဦးအောင်မျိုးလတ်၊ Dr. ညီညီနိုင်-Wan Arfah Natiah၊ ဦးနိုင်သူရ-ဒေါ်ချိုချိုစိန် တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး ၁၁ ယောက်တို့၏အဘွား ဒေါက်တာ ဒေါ်ခင်ကြွယ်သည် ၉-၃-၂၀၁၄ရက် ည ၉း၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၁၀-၃-၂၀၁၄ရက် ဇဟိုရ်အပြီးတွင် ရေဝေးကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖွာနာပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကျော်ဝင်း(ငြိမ်း)
ကြည်း-၁၀၇၆၀၊ဗိုလ်သင်တန်း(၃၄)သီဟ(၂၇)
အသက်(၈၆)နှစ်

ကျောက်ပန်းတောင်းမြို့နေ ဒေါ်မြမြသန်း၏ခင်ပွန်းသည် ၈-၃-၂၀၁၄ (စနေနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **သီဟတေဇညီအစ်ကိုများ**

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးမျိုးတင့်
ဓာတ်ရောင်ခြည် အထူးကုဆရာဝန်ကြီး (အငြိမ်းစား)
ရန်ကုန်ဆေးရုံကြီး
အသက်(၈၅)နှစ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းဌာန၊ အင်ဂျင်နီယာချုပ် ဒေါ်ချယ်ရီမျိုးတင့်၏ ဖခင် ဒေါက်တာဦးမျိုးတင့် ဓာတ်ရောင်ခြည်အထူးကုဆရာဝန်ကြီး (အငြိမ်းစား)သည် ၁၀-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရုံးချုပ်အခြေစိုက် အဝေးဆက်သွယ်ရေးဌာနဝန်ထမ်းများ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဦးမျိုးတင့်
အသက်(၈၅)နှစ်
ဓာတ်ရောင်ခြည်အထူးကုဆရာဝန်ကြီး(ငြိမ်း)

သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးတင့် (ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)၏ဖခင် ဒေါက်တာ ဦးမျိုးတင့်သည် ၁၀-၃-၂၀၁၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ ဌာနမှူး၊ ပါမောက္ခများနှင့်
သားဖွားမီးယပ် အထူးကုဆရာဝန်များ
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်

အထူးကျေးဇူးတင်ရှိခြင်း
ဦးသန်းထွန်း(မော်လမြိုင်)
အသက်(၈၄)နှစ်
(လက်ထောက်ကထိက၊ လျှပ်စစ်စွမ်းအား-ငြိမ်း)
(စက်မှုလက်မှုသိပ္ပံ၊ အင်းစိန်/ပြည်)
(ကန်တော့ခံဆရာကြီး)

၄-၃-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဦးသန်းထွန်း နာမကျန်းဖြစ်ခဲ့စဉ်နှင့် နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ပါသော အင်းစိန်စက်မှုလက်မှုသိပ္ပံ၊ လျှပ်စစ်စွမ်းအားဌာနမှ ကျောင်းသား/သူ ဟောင်းများ၊ ပြည်စက်မှုလက်မှုသိပ္ပံမှ ဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူ ဟောင်းများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးပင်ကျေးဇူး တင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
တန်ကီးချောင်း(ခ)ဦးရဲကျော်
အသက်(၈၀)

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် (နည်းပြချုပ်) ဦးရဲကျော်သည် ၁၀-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် အမှုဆောင်များ
မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး
ဒေါ်စန်းစန်းတင် (၇၇)နှစ်

ဦးခန့်ဇော်(ဒုအင်ဂျင်နီယာချုပ်-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန)-ဒေါ်ရီရီခိုင် (Total E& P Myanmar)တို့၏မိခင်ကြီး ဒေါ်စန်းစန်းတင် အသက်(၇၇)နှစ်သည် ၁၁-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး
ဒေါ်စန်းစန်းတင်
အသက်(၇၇)နှစ်

ဦးခန့်ဇော်(ဒုအင်ဂျင်နီယာချုပ်-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန)-ဒေါ်ရီရီခိုင် (Total E& P Myanmar)တို့၏မိခင်ကြီး ဒေါ်စန်းစန်းတင် အသက်(၇၇)နှစ်သည် ၁၁-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

SKK Family Construction Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာတင်ထွဋ် (၇၃)နှစ်

ဦးသန်းထွဋ်(Path-Finder Technical Services Company Limited)-ဒေါ်ခင်ဘုန်းမြင့်(ခ)မပြုံး(အထက-၁၊ ကမာရွတ်)၊ ဦးအောင်ကိုဦး(ဌာနစုမှူး၊ ရေနှင့် သန့်ရှင်းမှု အင်ဂျင်နီယာဌာန)-ဒေါ်ခင်ဘုန်းတင့်တို့၏ ဖခင် ဒေါက်တာတင်ထွဋ် သည် ၁၀-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိဖြူ၊ မိဇင်၊ မီထွန်း၊ ဆွေသန်း၊ ရွှေထား၊ မိတိုး၊ အိစံ၊ ကိုစိုင်း၊ မျိုးရွှေ၊ ထွန်းလွင်၊ လုံးချို၊ သိန်းနိုင်(ပေါက်ခေါင်းမှသူငယ်ချင်းများ)

ဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးညွှန့် (၅၃)နှစ်
(တွဲဖက်ပါမောက္ခ/ဌာနမှူး၊ ဘူမိဗေဒဌာန၊ ရွှေဘိုတက္ကသိုလ်)

ရွှေဘိုတက္ကသိုလ်၊ ဘူမိဗေဒဌာနမှ ဦးမျိုးညွှန့်သည် ၇-၃-၂၀၁၄ ရက် ညနေ ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘူမိဗေဒကျောင်းသား/သူဟောင်းများ

ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၃-၂၀၁၄ ရက် ကြေးမုံ သတင်းစာ စာမျက်နှာ(၂၃)ပါ ဗိုလ်မှူးမောင်မောင်ကြည်(ငြိမ်း-လေ) အသက်(၉၀) နာရေးကြော်ငြာတွင် ဒေါ်တင်တင်ယု Tolanda -ဦးသိန်း ညွှန့်အစား ဒေါ်တင်တင်ယု Yolanda - ဦးသန်းညွှန့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဒေါ်အုံးညွှန့် (၈၉)နှစ်
အလယ်တန်းပြဆရာမ(ငြိမ်း)
အထက(၁)မော်လမြိုင်၊
အထက(၃)မော်လမြိုင်၊အထက(၅)
မြောက်ဥက္ကလာပ၊ အထကသုဝဏ္ဏ

မော်လမြိုင်မြို့နေ (ဦးမောင်ငယ်-ဒေါ်ကြည်ဟိန်)တို့၏သမီး၊ (ဦးထင်-ဒေါ်ငံရင်)၊ (ဒေါ်အုန်းရင်-ဒေါ်မြရင်)၊ (ဒေါ်အုန်းသင်)၊ (ဦးဝါကျင်-ဒေါ်အက်ဖို) (ဦးဝိန်ချွန်း-ဒေါ်ညွှန့်ရီ)တို့၏ ညီမ၊ ဦးပေါ်စိန်-ဒေါ်စီစီကံစတို့၏ အစ်မ၊ ၁/၁ စုပေါင်းအိမ်ရာ၊ သံသုမာလမ်း၊ သုဝဏ္ဏနေ ဦးဝင်းမြင့် [ဌာနစုမှူး(ငြိမ်း) MPPE]-ဒေါ်နီနီစိန်တို့၏အဒေါ်၊ မအိ သဥ္ဇာခိုင်(ခေတ္တ-စင်ကာပူ)၏အဘွား သည် ၁၀-၃-၂၀၁၄ရက်တွင် ကွယ်လွန် သွားပါ၍ ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အင်ပူမြို့နယ်အသင်း(ရန်ကုန်)
သက်ကြီးကန်တော့ခံ
ဦးစိန်လှိုင် အသက်(၈၀)
(ဆပ်ပြာစက်ရုံအမှတ်-၁၊ ငြိမ်း)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ညောင်လေးပင်လမ်း၊ အမှတ်(၁၄၆၉)နေ (ဦးအေးမောင်-ဒေါ်စောကျင်)တို့၏ သား၊ (ဦးမောင်တင်-ဒေါ်သိန်း)တို့၏ သားသမက်၊ (ဒေါ်ခင်စန်း)၏ ခင်ပွန်း၊ ဦးတင်ထွန်း(ဆပ်ပြာစက်ရုံအမှတ်-၁၊ ငြိမ်း)၏ ဖခင်သည် ၁၁-၃-၂၀၁၄ ရက် နံနက် ဝဝး၀၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၁-၃-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင် သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် အသင်းဝင် များအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးအောင်မြင့် (၇၂)နှစ်
(Justin D' Silva)
အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)

မြိတ်မြို့၊ ကန်ခေါင်းရပ်၊ စကားဝါ လမ်းနေ (ဦးတင်ထွန်း-ဒေါ်မေရီ)တို့၏ သား၊ မြိတ်မြို့၊ သန်းဖိုရပ်နေဒေါ်အေး အေးဦး(ခ)ဒေါ်အင်ကြေ၏ချစ်လှစွာသော ခင်ပွန်း၊ ကိုမျိုးလွမ်း-မဥမ္မာအောင်၊ ကိုမိုးစိုးအောင် - မလင်းလင်းလတ်။ ကိုသက်စိုးအောင်-မဖြိုးဖြိုးသူ၊ မသူဇာ အောင်တို့၏ဖခင်၊ မဇူးဇူးလင်းအောင် မောင်ပိုင်သက်ထူး၊ မောင်ညီထက်နိုင်၊ မောင် ကောင်းဆက်လင်းတို့၏အဘိုး၊ ဦးတင်ထွန်းအောင်၏အစ်ကိုသည် ၁၁-၃-၂၀၁၄ (အင်္ဂါနေ့)နံနက် ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်း ပါမည်။ ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဦးအင်ဆန်း(မြိတ်)
အသက်(၆၆)နှစ်
ရာသက်ပန်အသင်းဝင်အမှတ်(၁၈၅၅)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာ မြိုင်အိမ်ရာ၊ တိုက်-၁၃(D-1)နေ ဒေါ်ခင်နွဲ့မူ၏ခင်ပွန်းသည် ၉-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

ဦးဘိုးမင်း (၅၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်း ချောင်းမြို့နေ(ဦးအလျှောင်-ဒေါ်ကျင်ရီ) တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အမှတ်(၁၄၆၈/ခ)၊၁၈/K ရပ်ကွက်၊ နတ်မောက်(၄)လမ်းနေ ဒေါ်အေးအေး ရီ၏ခင်ပွန်း၊ မောင်မျိုးမင်းသူ-မဖြူဖြူဝင်း၊ မောင်နိုင်ဝင်းလွင်၊ မစုနန္ဒာထိုက်တို့၏ မွေးသဖခင်၊ မကြယ်စင်လင်း၏အဘိုး ဦးဘိုးမင်းသည် ၁၀-၃-၂၀၁၄ (တနင်္လာ နေ့)ညနေ ၆း၃၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်နွဲ့(ပခုက္ကူ)
အသက်(၆၉)နှစ် (တောင်ငူ)

တောင်ငူမြို့၊တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်-၃၆၃တပ်ထိန်းတပ်ခွဲနေ (ဦးစိုးခိုင်-ဒေါ်လှရင်)တို့၏သမီးကြီး(ဦးလှမောင်)၏ဇနီး၊ ဦးကျော်ဇင်-ဒေါ်နီလာလှိုင် ဗိုလ်မှူးသိန်းလွင်ဦး-ဒေါ်မြမြအေး၊ ဦးညီညီလှမောင်၊ ဒေါ်မီမီလှမောင်၊ ဒေါ်သင်း သင်းဖြူတို့၏ မိခင်ကြီး၊ မောင်ကျော်ဇင်ထက်၊ မောင်ဇင်လင်းထွဋ်၊ မောင်အောင် ပြည့်စုံ၊မောင်ဖွဲ့လင်းထက်တို့၏ အဘွားသည် ၁၀-၃-၂၀၁၄(တနင်္လာနေ့)နံနက် ၅း၁၅နာရီတွင် တောင်ငူမြို့ သောသီခိုအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ ကေတုမတီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အိအိမိုး (၄၄)နှစ်
B.Sc(Chem;) AGTI(Civil)
အငယ်တန်းအင်/ယာ(၂)မြို့ပြ
မြို့နယ်အင်ဂျင်နီယာ(မြောင်းမြ)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၁၇၇)အေးသိဒ္ဓိ(၂)လမ်း၊ ရွာမအရှေ့ ရပ်ကွက်နေ ဦးရွှေဖုန်း-(MITS)-ဒေါ်ခင်ခင်အေး (ကုန်သွယ်ရေးဦးစီး-ငြိမ်း)တို့၏ သမီးလတ်၊ ကိုခိုင်ရွှေဦး-ဒေါ်သက်သက်အေး (ချိုပိုပို) (ခေတ္တ-စင်ကာပူ)တို့၏ညီမ၊ မောင်အောင်ဇေယျာဖုန်း(ဖိုးလပြည့်)-မတင်မျိုးခိုင်တို့၏အစ်မ၊ တူ၊ တူမလေး ယောက်တို့၏အဒေါ် မအိအိမိုး(မအိ)သည် ၁၁-၃-၂၀၁၄(အင်္ဂါနေ့) နံနက်၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၄(ကြာသပတေးနေ့) နံနက်၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှမိုး အသက်(၄၆)နှစ် B.Sc (Botany) (2/O)(CDC-18369) နှင့် ဦးနန္ဒကျော်(ခ)သားစိုး အသက်(၂၂)နှစ် (D/C)(CDC-73839) မြန်မာနိုင်ငံကုန် သွယ်ရေကြောင်းကောလိပ် အပတ်စဉ် (CD 37/CE 35)တို့သည် M.V.IVS KWAITO သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်စဉ် စပိန်နိုင်ငံ ALGECIRAS မြို့ ဆေးရုံပေါ်တွင် ဦးနန္ဒကျော်(ခ)သားစိုး(D/C)သည် ၃-၃-၂၀၁၄ ရက်တွင် လည်းကောင်း၊ ဦးလှမိုး(2/O)သည် ၄-၃-၂၀၁၄ ရက်တွင်လည်းကောင်း ကွယ် လွန်သွားခဲ့ကြသည့်အတွက် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါကြောင်း။

Captain ဦးသန်းအောင်နှင့် M.V.IVS KWAITO သင်္ဘောဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးလှမိုး (၄၆)နှစ်
B.Sc (Botany)
2nd Officer MV IVS KWATIO
(Miraco Marine Co., Ltd.)
CDC-18369

အင်းစိန်မြို့၊ အမှတ်(၁၀၈)၊ အောက်မင်္ဂလာဒုံလမ်းနေ (ဦးတင်အောင်)-ဒေါ်ခင်ခင်တင့်(အထက-၂၊ လသာ-ငြိမ်း)တို့၏ ချစ်လှစွာသောသားငယ်သည် ၄-၃-၂၀၁၄(အင်္ဂါနေ့) ၁၂ နာရီတွင် Alypaisa စပိန်ဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးဖုန်းဝင်း (၉၂)နှစ်

အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကို မြို့နေ ဒေါ်သန်းဝင်း၏ခင်ပွန်း၊ ရန်ကုန် မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ် သာ၊ တိုက်(၁၀)၊ အခန်း(၁၁)နေ (ဒု-အရာခံဗိုလ်အောင်စော) - ဒေါ်ချိုချို၊ ဦးထွန်းဦး-ဦးကျော်-ဒေါ်အေးကျော့စိန် (အလယ်တန်းပြ-ငြိမ်း)၊ ဒေါ်မြမြဝင်း (U.S.A) (ဦးစိုးသိန်း)၊ ဦးအောင်သန်း-ဒေါ်သန္တာခိုင်၊ ဒု-အရာခံဗိုလ်ကျော်ဇော -ဒေါ်စမ်းဝင်း၊ ဦးမိုးဝင်း-ဒေါ်ဘေဘီ (USA)၊ ဦးဇော်ဝင်းသန်း-ဒေါ်မာမာ အေး၊ ဦးအောင်သိန်းစိုး(USA)၊ ဒေါ်ခင် လေးနွယ်၊ ဦးအောင်သိန်းထွေး-ဒေါ်မြတ် မေမွန်သင်း(USA)၊ ဦးညီညီဇံ-ဒေါ်စံပယ်ခိုင် (USA)တို့၏ ချစ်လှစွာ သောဖခင်သည် ၂-၃-၂၀၁၄ (တနင်္ဂနွေ နေ့) မွန်းလွဲ ၂း၃၀နာရီတွင် အမေရိကန် နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ရှိ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၃-၂၀၁၄(ကြာသ ပတေးနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ် သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်း၊ရေတွင်း၊ရေကန် ဒါယိကာမကြီး
ဒေါ်စန်းစန်းတင် (၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၂)၊ အခန်း (၃၀၅)၊ ယောမင်းကြီးကွန်ဒို၊ ယောမင်း ကြီးလမ်း၊ ဒဂုံမြို့နယ်နေ ဦးချစ်ခိုင်၏ဇနီး၊ ဦးအောင်ခိုင်-ဒေါ်ပို့ပို့လွင်၊ ဦးမျိုးခိုင်၊ (ဦးမြင့်ခိုင်)၊ ဒေါ်ဖြူဖြူခိုင်၊ ဦးလှဝင်း-ဒေါ် မိုးမိုးခိုင်၊ ဦးခန့်ဇော်(ဒု-အင်ဂျင်နီယာ ချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန)-ဒေါ်ရီရီခိုင်[Total E&P) Myanmar]တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၁၁-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁၁-၃-၂၀၁၄ (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။ ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်း ကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၁၇-၃-၂၀၁၄(တနင်္လာ နေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်တင်မေ (၇၇)နှစ်
(လှည်းကူး)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူး မြို့နေ(ဦးဘရင်-ဒေါ်အေးမယ်) တို့၏ သမီး၊ အင်းစိန်မြို့နယ်နေ(ဦးသိန်းမောင်-ဒေါ်ဖွားကျင်)တို့၏သမီးချွေးမ၊ အင်း စိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ် (၁)လမ်း၊ အမှတ်(၆၅၃)နေ (ဦးတင်စိုး) ၏ ချစ်လှစွာသောဇနီး၊ ဦးတင်ဌေး (ပွိုင့်ကွန်ပျူတာ)-ဒေါ်အေးအေးစိုး (မစဘ-အင်းစိန်)၊ ဦးတင်သိန်းအောင် (ဆရာပု-ကျူရှင်)-ဒေါ်နွယ်နီစိုး(လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဌာန၊ နေပြည်တော်ကောင်စီ)၊ (ဦးတင် မောင်မြင့်)-ဒေါ်အယ်နီစိုး(အယ်နီ အလှ ပြုပြင်ရေး)၊ ဒေါ်ဇာလီစိုး(အယ်နီအလှ ပြုပြင်ရေး)၊ ဦးညီညီကျော်-ဒေါ်ချယ်ရီစိုး (ချယ်ရီအလှပြုပြင်ရေး)၊ (ဦးဇော် တင်စိုး)-ဒေါ်အေးအေးမွန်၊ ဒေါ်လဲ့လဲ့စိုး တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုး ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား သည် ၁၁-၃-၂၀၁၄(အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင်နေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၁၃-၃-၂၀၁၄(ကြာသပတေး နေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အေးအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ရေကန် ဒါယိကာမကြီး
ဒေါ်ခင်ခင်လုံး (၅၈)နှစ်
မိုးထက်စံ အမျိုးသမီးအပ်ချုပ်ဆိုင်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် မြို့နေ (ဦးဘသောင်း)-ဒေါ်ကြည်စိန် တို့၏သမီး၊ ရွှေဂုံတိုင်ရိပ်သာ၊ တိုက် အမှတ် (၂)၊အခန်းအမှတ်(၆)နေ ဦးအေး မောင်၏ဇနီး၊ ဦးသန့်ဇင်-မခင်သူသူငြိမ်း၊ (ဦးကျော်ဇင်ထွေး)တို့၏မိခင်၊ ဒေါ်ဖြူဖြူ ဝင်း၏ညီမ၊ မပြုံး၊ မစပယ်၊ မမာလာ တို့၏အစ်မ၊ မြေးသုံးယောက်တို့၏ အဘွားသည် ၁၁-၃-၂၀၁၄ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် တပ်မတော်ဆေးရုံ(၂/၅၀၀) အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တပ်မတော်စစ်ဆေးရုံ ၂/၅၀၀၊ အအေးတိုက်နှင့် နေအိမ်တို့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆင်ကြို့အရှေ့(မဟာဗုဒ္ဓါရာမ)
ရွှေပြည်သာကျောင်းတိုက်
ပဓာန နာယကဆရာတော် ဘဒ္ဒန္တကစ္စာယန
သိက္ခာတော်(၆၀)၊ သက်တော်(၈၀)

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ဆင်ကြို့အရှေ့(မဟာဗုဒ္ဓါ ရာမ)ရွှေပြည်သာကျောင်းတိုက် ပဓာန နာယက(လိုတရသရက္ခန် ရွှေဂူမြတ်စွာဘုရား) ဩဝါဒါစရိယ ဆရာတော် သိက္ခာတော်(၆၀)၊ သက်တော်(၈၀)ရှိ ဘဒ္ဒန္တ ကစ္စာယန ဆရာတော်ကြီးသည် (၁၃၇၅ခုနှစ်၊ တပို့တွဲလဆန်း ၈ရက်)၇-၂-၂၀၁၄(သောကြာနေ့) နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလပ်တော်ကို(၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ရက်)မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများနှင့်
စျာပနကျင်းပရေးကော်မတီ

ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ယောနယ်အသင်းရာသက်ပန်အသင်းဝင်
ဒေါ်သာရင် (၈၇)နှစ်
(ဂန့်ဂေါ၊ ကံသာ)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၁၄/ရပ်ကွက်၊ ဝဏ္ဏကျော်စွာ(၄) လမ်း၊ အမှတ်(၅/၂၄၁)နေ (ဦးစိုးရ-ဒေါ်ကျော့ရုံး) တို့၏ သမီး၊ (ဦးနီမော်)၏ ဇနီး၊ (ဦးစိုးဖေ-ဒေါ်မြဟန်)၊ (ဦးမွေးကျော်-ဒေါ်ကြွယ်စိမ့်)တို့၏ ညီမ၊ (ဦးအောင် ကြည်)-ဒေါ်ယဉ်ယဉ်လှ၊ ယောနယ်အသင်းဥက္ကဋ္ဌ ဦးအေးမောင်-(ဒေါ်ထွေးရင်)၊ (ဦးစံလွမ်း)-ဒေါ်အေးသိုင်း၊ ဦးလှအုပ်-ဒေါ်ဌေးစိန်၊ ဦးမောင်ဟန်-(ဒေါ်ဌေးမ)၊ (ဦးထွန်းဝင်း-ဒေါ်လှကြည်)တို့၏ အစ်မ၊ ဒေါ်ခင်ပို-ဦးသော်တာ၊ ဦးမောင်ရင်-ဒေါ်ခင်ဌေးရီ၊ ဦးဉာဏ်ဝင်း-ဒေါ်ခင်ခင်ကြွေ၊ ဦးခင်မောင်ကြီး-ဒေါ်ကြည်ဌေး၊ (ဦးခင်မောင်လေး)-ဒေါ်နီနီခင်၊ ဒေါ်မြင့်မြင့်အေး (အောင်မြင် Desktop Centre)-ဦးဇော်သန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်၊ မြစ်သုံးယောက် တို့၏ အဘွား ဒေါ်သာရင်သည် ၁၀-၃-၂၀၁၄(တနင်္လာနေ့) ည ၁၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦး S.N Verma (ခ)ကျောင်းဆရာ
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၂၅)၊ (၅၂)လမ်း၊ ပထမထပ်နေ ဒေါ်စူကလိရာဒေဝီ၏ ခင်ပွန်း၊ ဒေါ်ကော်စလိရာဒေဝီ၊ ဒေါ်ဆူမိသရာဒေဝီ၊ ဒေါ်ဂျာ မွန်သီးဒေဝီ၊ ဒေါ်ပွတ်စပါးဒေဝီ၊ ဒေါ်ဂျန်ဒူးဒေဝီ၊ ဦးဆူရေးကူမာရ်၊ ဒေါ်ပါရ်ဝသီး ဒေဝီ၊ (ဦးမဟေ့စ်ကူမာရ်)၊ ဒေါ်ရာဒါဒေဝီ၊ ဒေါ်မာယာဒေဝီတို့၏ ဖခင် ဦး S.N Verma (ခ)ကျောင်းဆရာ သည် ၁၁-၃-၂၀၁၄(အင်္ဂါနေ့) ညနေ ၆း၁၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော့မောင် (၉၂)နှစ်
(နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်-၇၈(ခ)၊ အနော်မာ(၂)လမ်း၊ (၁၃)ရပ်ကွက်နေ (ဦးကင်ချောင်း-ဒေါ်မြစိန်) တို့၏ သားကြီး၊ (ဦးမောင် ကြီး-ဒေါ်ငွေကြည်)တို့၏ သားသမက်၊ ဒေါ်အေးကျင်၏ ခင်ပွန်း၊ (ဦးညွှန့်မင်း)-ဒေါ်တင်သန်းဝင်း၊ ဦးအုန်းမြင့်-ဒေါ် တင်လှဝင်းတို့၏ ဖခင်၊ ဒေါက်တာထွန်း ထွန်းဦး-ဒေါ်စိုးမိုးဝင်း၊ ဦးသီဟ (ဩသဓဆေးတိုက်)-ဒေါ်ခင်နီလာမင်း၊ ဒေါက်တာရဲဝင်း(ဖားကန့်မြို့နယ်ပြည်သူ့ ဆေးရုံအုပ်ကြီး)-ဒေါ်သက်သက်အေး၊ ဦးဖြိုးဝေအုန်း၊ ဒေါ်ကြည်သာအုန်းတို့၏ အဘိုး၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီး သည် ၁၀-၃-၂၀၁၄(တနင်္လာနေ့) နံနက် ဝဝး၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီ တွင် ရေဝေးအေးအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း အသိပေး အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှကြည်
အသက်(၆၇)နှစ်
ဌာနစုမှူး MPPE (ငြိမ်း)
စိန့်မိုက်ကယ်ကျောင်းသားဟောင်း
ပုသိမ်ညွှန့်

ရန်ကုန်မြို့နေ(ဦးဖိုးဖုံ)-ဒေါ်အေးကြိုင် တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင် ညွန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မြို့ပတ်(၉)လမ်း၊ အမှတ်(၇၁)နေ ဒေါ်ခင်အေးကြည် (ခ)ဒေါ်ရှယ်လီ၏ ခင်ပွန်း၊ (ဦးထွန်းဖေ)-ဒေါ်ဝင်းမြင့်တို့၏ ညီ၊ ဒေါ်ညွှန့်ညွှန့်၊ (ဒေါ်ခင်စန်း)တို့၏ အစ်ကို၊ မသီရိလှိုင်- ကိုဇေယျာသိန်း သန်းဦး၊ ကိုကျော်သူရ-မမွှေးမွှေး၊ မထိုက်နှင်းအိ-ကိုရန်နိုင် အောင်တို့၏ ဖခင်၊ မရွှန်းလဲ့ဝေကျော်၊ မအိမ့်ကြည်ဖြူ မောင်ဘုန်းသစ်ထူးတို့၏ အဘိုးသည် ၁၀-၃-၂၀၁၄ရက် မွန်းလွဲ ၁၂း၄၄နာရီ တွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအေးအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက်၈း၃၀နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ဝင်းကြည် (၇၈)နှစ်

ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင် လမ်းမကြီး၊ တိုက်(၂)၊ အခန်း(၂၀၅)၊ ရွှေလိပ်ပြာအိမ်ရာနေ (ဦးညို-ဒေါ်ခင် ညို)တို့၏သမီး၊ (ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့် သန်း)၊ (ဦးတင်ငွေ)-ဒေါ်ဝင်းတင်(မြန်မာ့ အသေးစားချေးငွေလုပ်ငန်း၊ ရုံးချုပ်-ငြိမ်း) တို့၏ အစ်မကြီး၊ (ဦးဆွေဦးမြင့်)၊ ကိုခင် မောင်ကျော်-မမူမူမြင့်(မွေးမြူရေးဌာန)၊ (ကိုသန်းဝင်းစိုး)-မနွယ်နွယ်ဌေး၊ ကိုဘုန်း ဆွေ-မသီတာဆွေ၊ ကိုကျော်မင်းစိုး (မြန်မာ့မီးရထား)၊ ကိုသန်းထွန်းဦး၊ ကိုမျိုးထွန်းဦး(ပြုံးချိုသစ်အရောင်တင် လုပ်ငန်း)-မအေးအေးထွန်း၊ ကိုအောင် မင်းဦး(အောင်မင်းသစ်အရောင်တင် လုပ်ငန်း)-မဇင်မေဦး၊ မဥမ္မာတင်၊ ကိုသန်းနိုင်ဆွေ(ASM သစ်အရောင် တင်လုပ်ငန်း)-မချောစုတင်(ရန်ကုန်တိုင်း ဒေသကြီးစာရင်းစစ်ချုပ်ရုံး)တို့၏ အဒေါ်၊ မြေး ၁၁ ယောက်တို့၏ အဘွား ဒေါ်ဝင်း ကြည်သည် ၁၁-၃-၂၀၁၄ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်နိုင်ဌေး (၄၃)နှစ်
(အကောက်ခွန်မှူး)
(အကောက်ခွန်ဦးစီးဌာန)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၅)လမ်း၊ အမှတ်(၁၂၂၃)နေ (ဦးအောင်ဆွေ)-ဒေါ်ခင်သိန်းတို့၏ ချစ်လှစွာသောသား၊ ဦးဉာဏ်မော်လှိုင် - ဒေါ်နွယ်နွယ်ဆွေ၊ ဦးသုခလှိုင်-ဒေါ်အိအိဆွေ၊ ဒေါ်နီနီဆွေ၊ ဒေါ်ရီရီဆွေတို့၏ ညီ/မောင်၊ ဦးကျော် မင်း-ဒေါ်ခင်ဝင်းဆွေ၊ ထက်လင်းအောင် တို့၏ အစ်ကို၊ တူ/တူမ ငါးယောက် တို့၏ ဦးလေးသည် ၁၁-၃-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၀း၀၅နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက် ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၄(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများ လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြု သတင်း စာမျက်နှာ - ၇

ဘိုင်ယန်မြူးနစ် ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာကစားသမားငါးဦးထွက်ပေါ်

မောင်မောင်ဇော်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)အနေဖြင့် အရည်အချင်းရှိသော လူငယ်ကစားသမားများအား နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံကောင်းများ ပိုမိုရရှိစေရန်နှင့် အနာဂတ် မြန်မာလူငယ်လက်ရွေးစင်အသင်းများအတွက် အားထားရသည့် လူငယ်ကစားသမားကောင်းများပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ၂၀၁၄ ဘိုင်ယန်မြူးနစ် လူငယ်ဖိတ်ခေါ်ဖလားပြိုင်ပွဲ (FC Bayern Munich Youth Cup 2014) သို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၃ သို့ ○

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုချီးရားတန်းကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုချီးရားတန်းကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၁

"ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုချီးရားတန်း(အနောက်)ကျေးရွာတို့တွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်က ဖြစ်ပွားခဲ့သော ကိစ္စရပ်နှင့် ဇန်နဝါရီ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်တို့နှင့် စပ်လျဉ်း၍ စုံစမ်းရေးကော်မရှင်အနေဖြင့် အခင်းဖြစ်ပွားရာဒေသရှိ ဒေသခံများနှင့် အစိုးရတာဝန်ရှိသူတို့နှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် နယ်မြေအတွင်း အခင်းဖြစ်စဉ်များအပေါ် တိုက်ရိုက်လေ့လာမှုများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိဆောင်ရွက်ခဲ့ကြောင်း၊ လေ့လာမှုအတွင်း ကော်မရှင်မှ စုစုပေါင်း ၁၇၅ ဦးကို စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့စုံစမ်းမေးမြန်းရာတွင်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

ပြည်တွင်း ပြည်ပခရီးသည်များ သွားလာရေး အဆင်ပြေချောမွေ့စေရန် လေဆိပ်အငှားယာဉ်ပြေးဆွဲ

သတင်းနှင့်ဓာတ်ပုံ - မင်းခန့်စိုး

ရန်ကုန် မတ် ၁၁

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးသည် ပြည်တွင်းပြည်ပခရီးသည်များ နိုင်ငံခြားသားခရီးသည်များဖြင့် စည်ကားလျက်ရှိသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လေကြောင်းလိုင်းသစ်များ တိုးချဲ့ပြေးဆွဲလျက်ရှိပြီး ပြည်တွင်းခရီးစဉ်များကိုလည်း ရန်ကုန်နှင့် မန္တလေးကိုအခြေပြု၍ မတ် ၁၅ ရက်မှစတင်ကာ ပျံသန်းပြေးဆွဲပေးမည်ဖြစ်သဖြင့် ခရီးသည်များ ဝင်/ထွက်သွားလာမှု ပိုမိုများပြားလာဦးမည်ဖြစ်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဆိုက်ရောက်လာသည့်အခါ လေယာဉ်ပေါ်မှ ဆင်းသက်လာသည့် ခရီးသည်များ လိုရာခရီးသို့ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် လေဆိပ်ဝင်းထဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (လေကြောင်းပို့ဆောင်ရေးဦးစီးဌာနခွဲ)နှင့် ရန်ကုန်တိုင်းဒေသကြီးမထသ(ဗဟို)တို့၏ ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် ရွှေလွန်းပျံခရီးသည်ပို့ဆောင်ရေးအသင်းမှ မှန်ကန်သက်သာသောဈေးနှုန်းများဖြင့် အငှားမော်တော်ယာဉ်များ ပြေးဆွဲပေးလျက်ရှိသည်။ **(ဝဲပုံ)**

ရွှေလွန်းပျံ ခရီးသည်ပို့ဆောင်ရေးအသင်းကို ၁၉၉၈ ခုနှစ်တွင် အငှားမော်တော်ယာဉ်မောင်းများစုစည်းတည်ထောင်ခဲ့ရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် အများပိုင်အသင်းအဖြစ် တရားဝင်မှတ်ပုံတင်ခွင့် ရရှိခဲ့သည်။ အသင်းသား ၇၆ ဦး၊ မော်တော်ယာဉ် ၇၆ စီး၊ အရန် လေးစီးတို့ဖြင့် ခရီးသည်များအား သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ရွှေလွန်းပျံမော်တော်ယာဉ်အသင်းတည်ထောင်ရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ "ကျွန်တော်တို့အသင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ကားတွေကိုငှားစီးတဲ့ ခရီးသည်တွေ အန္တရာယ်ကင်းကင်းနဲ့ လိုရာခရီးကို ပို့ဆောင်ပေးမယ်၊ ခရီးသည်တွေက တောင်းဆိုရင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် (၁၈) ရက်သာ လိုတော့သည်

လူပျောက်ကြော်ငြာ

သာစည်မြို့နယ်၊ ညောင်ရမ်းဈေးကန်ရပ်နေ ဒေါ်မိုးမိုးလွင်(၄၇)နှစ်သည် ဖေဖော်ဝါရီ ၂၄ရက်က နေအိမ်မှ ထွက်သွားပါသည်။ ဆံပင်နက်၊ နှာတံပေါ်၊ နားရွက်ကြီး၊ အသားလတ်၊ ခန္ဓာကိုယ်သင့်အားတွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

ဦးမြင့်အောင်
ညောင်ရမ်းဈေးကန်ရပ်၊ ဖုန်း-၂၅၆၁၇၃၂၄၄

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၄၃)နေ ဦးစိန်းဝင်း-ဒေါ်တင်မြင့်တို့၏သမီး မကေသီ(ခ)မခင်သူဇာ [၁၂/စခန(နိုင်)၀၄၉၀၄၃] သည်မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲမိဘပိုင်ရွှေငွေစသည့်ပစ္စည်းများ အလွဲသုံးစားပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးစိန်းဝင်း(ဖခင်)[၁၂/စခန(နိုင်)၀၅၃၄၄၇]

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ဦးသိန်းထွန်း[၁၂/ဗဟန(နိုင်)၀၄၈၂၃၃]မှ ဦးစိုးနိုင်[၃/ကကရ(နိုင်)၁၂၀၄၀၇]ယခင် လိပ်စာ တိုက် ၁၊ အခန်း ၂၊ EPC အိမ်ရာ ၇ ရပ်ကွက်လှိုင်သာယာ (ယခုလိပ်စာ ၁၂၆၊ ဦးဘိုးလှိုင်လမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ (GP) အား ယနေ့ ၆-၃-၁၄ မှ စ၍ ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်မြင့်သိန်း၊ အထက်တန်းရှေ့နေ (စဉ်-၆၄၃၇)
၉၅၈၊ ဗိုလ်အောင်ကျော်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာ

အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ ရွှေဂွန်းကျေးရွာ၊ မြို့မရပ်ကွက်၊ အမှတ်-၆၂၅နေ ဦးဖိုးလုံး(ခ)ဦးသန်းစိုး[၃/လဘန(နိုင်)၀၀၈၇၈၄]-ဒေါ်ကျင်လွမ်း[၃/လဘန(နိုင်)၀၀၈၇၈၃]တို့၏ သား မောင်သိန်းကိုဦး[၃/လဘန(နိုင်)၀၈၂၆၆၅]ကို ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မေးမြန်းစုံစမ်းခြင်းသီးခံပါ။
ဦးဖိုးလုံး(ခ)ဦးသန်းစိုး-ဒေါ်ကျင်လွမ်း

အမွေစားအမွေခံသမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကွယ်လွန်သူ ဦးကြည်မောင်၏ သမီးဖြစ်သူ မမေသွယ်ဦး[၁၂/သကတ(နိုင်)၁၃၄၀၆၆]သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြောဆိုဆက်ဆံခဲ့သည့်အပြင် ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်တွင် ဒေါသတကြီး ကိုယ်ထိလက်ရောက် ပြုမူခဲ့သောကြောင့် မိခင်အနေဖြင့် ဆက်လက်၍သည်းမခံနိုင်တော့ပါသဖြင့် ၂၀၁၄ခုနှစ်၊ မတ်လ ၁ရက်မှစပြီး အမွေစား အမွေခံသမီးအဖြစ်မှ အပြီးအပိုင်ရာသက်ပန် စွန့်လွှတ်လိုက်သည်။

နောက်နောင် မိခင်ဖြစ်သူ ဒေါ်ခင်ခင်မွေးအားလာရောက်နှောင့်ယှက်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ခင်ခင်မွေး[၁၂/သကတ(နိုင်)၀၃၇၃၅၈]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၂၁၀)၊ မြေကွက် တည်နေရာအမှတ်(၂၁၀)၊ သုမိတ္တာ(၇)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဒေါ်ခင်ကြည် ISN 076672) (ဦးသောင်းမြင့် PGU 090690) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ မိခင် ဒေါ်ခင်ကြည်၊ ဖခင်ဦးသိန်း၊ သားဖြစ်သူ ဦးဝင်းသန်း (လူပျိုကြီး)တို့ကွယ်လွန်သဖြင့် ဒေါ်ခင်မေရီ[၁၂/ဥကမ(နိုင်)၀၃၄၀၂၀]၊ ဒေါ်ခင်မာရီ[၁၂/ဥကမ(နိုင်)၀၃၃၈၇၄]၊ ဒေါ်ခင်ပြုံးဝင်း[၁၀/သထန(နိုင်)၀၂၀၃၆၃]တို့က သားသမီးများတော်စပ်ကြောင်း သေစာရင်းကျမ်းကျိန်လွှာ တင်ပြ၍ မိခင် ဒေါ်ခင်ကြည် အစုနှင့်ပူးတွဲ အမည်ပေါက် ဦးသောင်းမြင့်တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၁၉/၂၀၁၄ ဖြင့် ရရှိသူ ဦးနေအောင်[၁၂/စခန(နိုင်)၀၁၅၇၄၀]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉ကေ၂၊ မြေကွက်အမှတ်V-၂၉၊ မြေကွက်တည်နေရာအမှတ်-၂၀၊ တာဝတိံသာလမ်း၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ (၁)ဦးဖိုးလှိုင်[၁၂/သဃက(နိုင်)၀၁၂၄၂၈]၊ (၂)ဦးတင်ဝင်း[၁၂/ကတတ(နိုင်)၀၁၃၀၃၁]အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်ဝင်း ကွယ်လွန်သဖြင့်(၁)ဒေါ်အေးအေးဝင်း[၁၂/ကတတ(နိုင်) ၀၁၂၆၆၀]၊ (၂)မောင်တင်မင်းထွဋ်[၁၂/ဗတထ(နိုင်)၀၃၈၅၇၆]၊ (၃)မအေးတင်ဇာနွယ်[၁၂/ဗတထ(နိုင်)၀၄၀၁၅၅]၊ (၄)မတင်အိန္ဒြာနွယ်(အသက်မပြည့်သေးပါ၍ အုပ်ထိန်းသူမိခင်-ဒေါ်အေးအေးဝင်း)တို့က ဇနီးနှင့်သားသမီးများတော်စပ်ကြောင်းသေစာရင်းကတိသစ္စာပြုလွှာတင်ပြ၍ပူးတွဲအမည်ပေါက် ဦးဖိုးလှိုင်[၁၂/သဃက (နိုင်)၀၁၂၄၂၈]နှင့်အတူအမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့နယ်၊ရှမ်းတဲကျေးရွာနေ (ဘ)ဦးအောင်ဝင်းသန်း(မိ)ဒေါ်နီလာဝင်းတို့၏သားဖြစ်သူ မောင်စည်သူအောင်ဝင်း [၉/မထလ(နိုင်)၂၆၃၈၈၉]သည် မိဘဆိုဆုံးမစကားနားမထောင်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များ လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးအောင်ဝင်းသန်း၊ ဒေါ်နီလာဝင်း
ရှမ်းတဲကျေးရွာ၊ မိတ္ထီလာမြို့နယ်

ခင်ပွန်းအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

မနော်လေးလေးနိုင်[၁၂/သကတ(နိုင်)၀၀၀၁၆၄]၏ ခင်ပွန်းဖြစ်သူ ကိုမြထွန်း[၁၂/သကတ(နိုင်)၀၉၇၅၇၉]သည် ဇနီးဖြစ်သူအပေါ်၌ ကိုယ်ထိလက်ရောက်ရိုက်နှက်ခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်မှုများ ပြုလုပ်ခြင်း စသည်တို့ကြောင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်လင်းထွန်း	**ဒေါ်သွယ်သွယ်အေး**
(LL.B)(စဉ်-၂၄၉၅၅)	**(LL.B)(L.L.M)(စဉ်-၂၉၇၂၉)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၄၈)ဘဏ်မြောက်

ဝေါဘဏ်ခွဲ ကို

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့ တွင်

၁၂.၃.၂၀၁၄ (ဗုဒ္ဓဟူးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

<u>ဆက်သွယ်ရန်လိပ်စာ</u>

ဝေါဘဏ်ခွဲ

အမှတ်(၁၅)၊ ခင်းလမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊

ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး။

ဖုန်း – (၀၅၂) ၇၅၇၆၂/၆၃/၆၄/၆၆/၆၇

ဖက်စ် – (၀၅၂) ၇၅၇၆၈၊ ၇၅၇၆၉

www.kbzbank.com

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)
အနှစ်(၄၀)မြောက် အထိမ်းအမှတ်မဂ္ဂဇင်း
စာမူဖိတ်ခေါ်ခြင်း

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ အနှစ်(၄၀)မြောက် အထိမ်းအမှတ်အဖြစ် "ရွှေကြို့စာပေပျိုးခင်း"မဂ္ဂဇင်းကို ၂၀၁၄ ခုနှစ်အတွင်း ထုတ်ဝေမည်ဖြစ်ပါသည်။

မဂ္ဂဇင်းတွင် ကြို့ပင်ကောက်မြို့နယ်နှင့်သက်ဆိုင်သော အကြောင်းအရာများကို ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ သတင်းမှတ်စု၊ ဟာသ၊ကာတွန်း၊ ပန်းချီ၊ ဓာတ်ပုံစသည်တို့ဖြင့် ဝေဆာစွာ တန်ဆာဆင်မည်ဖြစ်ပါသည်။ မြို့နယ်သူ/သားများ၊ မြို့နယ်နှင့်ဆက်သွယ်သက်ဆိုင်နေသော ဝါရင့်သက်ကြီးပညာရှင်များ၊ လူလတ်ပိုင်းများနှင့် မျိုးဆက်သစ်လူငယ်များထံမှ စာမူများကို ၃၀-၄-၂၀၁၄ရက်နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့ကြပါရန် မေတ္တာရပ်ခံဖိတ်ခေါ်အပ်ပါသည်။

ရန်ကုန်မြို့တွင် ဦးတင်မြင့်ဖုန်း-၀၁-၆၄၀၂၅၉၊ ၀၉-၅၁၇၈၀၆၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၇၃၀၇၆၂၂၇နှင့် ကြို့ပင်ကောက်မြို့၌ ဒေါ်မြမြသိန်း ဖုန်း ၀၅၃-၅၀၃၆၅၊ ၀၉-၄၂၃၆၈၆၊ ဒေါက်တာဝင်းမြင့်ဖုန်း ၀၅၃-၅၀၁၀၁၊ ၀၉-၄၃၀၂၃၇၄၇တို့ထံ ဆက်သွယ်ပို့ပေးရန်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို အသင်းအလုပ်အမှုဆောင်များ ရန်ကုန်မြို့နှင့် ကြို့ပင်ကောက်မြို့တို့ထံဆက်သွယ်စုံစမ်းနိုင်ပါသည်။ **အလုပ်အမှုဆောင်အဖွဲ့**

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
သမီးလေး"ဆုမြတ်သဥ္ဇာဆွေ"
အထက(၂)လသာအတွက် မွေးနေ့ဆုတောင်း

'ဆုမြတ်သဥ္ဇာဆွေ'၏ ၁၂-၃-၂၀၁၄ရက်တွင် ကျရောက်သည့် (၁၂)နှစ်မြောက် မွေးနေ့ရက်မြတ်မင်္ဂလာမှစ၍ ချမ်းသာကြွယ်ဝ၊ ပညာပြီးပြည့်စုံပြီး၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် မိဘကို သိတတ်သော သမီးကောင်းရတနာလေးဖြစ်ပါစေ။

ပါးပါး - ဦးမင်းဆွေမြင့်
မေမေ - ဒေါ်ဆွေဆွေမြင့်
မမ - မင်းဝါဝါသဲဆွေ
(Greenwich University,UK)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၁၂-၃-၂၀၁၄ရက်တွင် ကျရောက်သော **မခင်မျိုးသန့်(ခ)မျိုးမျိုး**၏ မွေးနေ့ရက်မြတ်မှစ၍ နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး ချစ်သော ပါးပါး၊ မားမား၊ မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ။

ချစ်သောမိသားစု

ဝယ်လိုသည်
ဒဂုံမြို့သစ်ရှိမြေကွက်
ဝယ်လိုသည်။

Full Auto
09420035882, 73199257

(SD481) 26-03-2014 မှ 30-03-2014

မြန်မာနိုင်ငံဓာတ်ပုံအသင်း
၂၀၁၄ခုနှစ်၊ (၅၀)ကြိမ်မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့်
၂၀၁၄ခုနှစ်၊ (၅၉)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကြီးနှင့်
၂၀၁၄ခုနှစ်၊ အမှုဆောင်သစ် ရွေးချယ်ပွဲဖိတ်ကြားခြင်း

ဆုချီးမြှင့်ပွဲ - ၃၀-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီ
နေရာ - မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက်
အစည်းအဝေးကျင်းပမည့်ရက် - ၃၀-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့) စည်းဝေးကျင်းပချိန်၁၂နာရီ
နေရာ - မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက် အမှတ်(၂၇/၂၉)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

အသင်းသား/သူများသည် အသင်း၏ တိုးတက်ရာတိုးတက်ကြောင်း ဆွေးနွေးအကြံပြုချက်များကို ၁၇-၃-၂၀၁၄ရက် ညနေ ၄နာရီအရောက်နှင့် အမှုဆောင်အဖြစ် ဆန္ဒပြုလွှာများကို ၁၄-၃-၂၀၁၄ရက် ညနေ၄နာရီနောက်ဆုံးထား၍ အသင်းတိုက်သို့ပေးပို့ရပါမည်။ အသင်းသားများအနေဖြင့် နှစ်စဉ်ကြေးဆောင်ပြီးသော အသင်းဝင်ကတ်ပါမှသာမဲပေးခွင့်ပြုပါမည်။

(အမှုဆောင်အဖွဲ့)

ဦးရဲမင်းပိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ FG၊ မြေကွက်အမှတ်(၆၅၆)၊ မြေကွက်တည်နေရာအမှတ်(၆၅၆)၊ ကဝိပုညလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ (ဒေါ်စန်းစန်း၊ ဒေါ်စန်းတင့်) အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်စန်းစန်းကွယ်လွန်သဖြင့် ဦးတင်ဦး [၁၂/တမန(နိုင်)၀၇၀၈၇၉]က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ ပူးတွဲပိုင်ရှင် ဒေါ်စန်းတင့် [၁၂/တမန(နိုင်)၀၃၅၃၂၈]နှင့်အတူ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် (၇၄၀)၊ မြေကွက်တည်နေရာအမှတ်(၇၄၀)၊ (၁၄)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဦးလှဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှဝင်းနှင့်ဇနီး ဒေါ်မြမြသန်းတို့ကွယ်လွန်သဖြင့် ဦးရဲထွန်းဝင်း [၁၂/ကတတ(နိုင်)၀၀၀၀၃၃]နှင့် ဒေါ်တင်နွယ်ဝင်း [၁၂/ကတတ(နိုင်)၀၀၃၉၉၉]တို့မှ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော သားသမီးများဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေနံ့သာစံပြ၊ မြေကွက်အမှတ်(၆၇၈)၊ ဧရိယာ (၀. ၁၁၉)ဧက၊ မြေကွက်တည်နေရာ အမှတ်(၆၇၈)၊ ကံ့ကော်လမ်းနှင့် ၂၂ လမ်းထောင့် (ဒေါ်ခင်မျိုးဝင်း) (LL/RGN-043433) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တရားရှုံး ဒေါ်ခင်မျိုးဝင်း ကိုယ်စား မင်္ဂလာဒုံမြို့နယ် တရားရုံးအနိုင်ဒီကရီ မင်္ဂလာဒုံမြို့နယ် တရားရုံး တရားမဇာရီမှုစီရင်ချက် ဘီလစ်ခန့်စာတို့ကို တင်ပြ၍ ဒေါ်နုနုလှိုင်(ဘီလစ်) [၁၂/ဥကမ (နိုင်)၀၀၄၉၃၄]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၉၄၇/ခ)၊ လမ်း(၂၀)၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၉၄၇/ခ)၊ ဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ဦးအောင်မြ[၁၂/ဥကတ(နိုင်) ၀၇၇၁၃၇] အမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်ထံမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး SP-၂၇၃၃၉/၂၀၁၃ရရှိသူဒေါ်စိမ်းမို့မို့[၁၂/ရပသ(နိုင်)၀၁၇၄၆၃]ထံမှ အဆိုပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေကပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ(စဉ်-၇၁၂၄)
ဒေါ်ဘီဘီသိန်း(ခ) ဒေါ်ဘေဘီ(စဉ်-၈၇၉၁) **ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**
တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေ**
အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(၈ဃ/၃၅၄၆)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/B၊ မြေကွက်အမှတ်(၁၇၄)၊ ဧရိယာ (၀. ၅၈၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၇၄)၊ အောင်သပြေလမ်း၊ ပုလဲ(၂)ရပ်ကွက် [တပ်ကြပ်တင်ဦး (ISN-၂၂၉၉၇၃)]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် တရားရှုံး တပ်ကြပ်တင်ဦးကိုယ်စား မင်္ဂလာဒုံမြို့နယ် တရားရုံးအနိုင်ဒီကရီ၊ မင်္ဂလာဒုံမြို့နယ် တရားရုံး၊ တရားမဇာရီမှုစီရင်ချက်၊ ဘီလစ်ခန့်စာတို့ကို တင်ပြ၍ တရားရှုံး၊ဒေါ်နုနုလှိုင်(ဘီလစ်) [၁၂/ ဥကမ(နိုင်)၀၀၄၉၃၄]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေနံ့သာစံပြ၊ မြေကွက်အမှတ်(၁၆၂)၊ ဧရိယာ ပေ(၈၀×၆၅)၊ မြေကွက်တည်နေရာအမှတ်(၁၆၂)၊ စကားဝါလမ်းထောင့်(ဗမကသန့်ဇင် CE-၀၅၂၃၀၇)အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် တရားရှုံး ဗမကသန့်ဇင်ကိုယ်စား ဒေါ်နုနုလှိုင်(ဘီးလစ်)[၁၂/ဥကမ(နိုင်)၀၀၄၉၃၄]က မင်္ဂလာ ဒုံမြို့နယ်တရားရုံး အနိုင်ဒီကရီ မင်္ဂလာဒုံမြို့နယ် တရားရုံးတရားမဇာရီမှု စီရင်ချက် ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

ဒေါ်အေးအေးဝင်း နှင့် ဦးလပြည့်ဟိန်း
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၈လမ်း၊ ၈၀×၈၁လမ်းကြား၊ (၅)လွှာ၊ ကန်ထရိုက်တိုက်(ဘယ်ဘက်ခြမ်း)နေ ဦးလပြည့်ဟိန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုဒေါ်အေးအေးဝင်းက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယား ကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ မတ်လ ၁၉ရက်၊ (၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်၊ ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။

သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ရက်နေ့၌ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(စုစုဝင်း)**

တွဲဖက်ခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စိုက်မွေး(၁)၊ မြေကွက်အမှတ် ၃၃၊ မြေကွက်တည်နေရာအမှတ်(၃၃)၊ ခင်ညိုလမ်း၊ စိုက်မွေး(၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (ဦးကျော်ငွေး) [၁၂/လကန(နိုင်)၀၅၉၃၉၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ငွေး ကွယ်လွန်သဖြင့်ဒေါ်ယဉ်ငွေ [၁၂/လကန(နိုင်)၀၅၉၃၈၃]က တစ်ဦးတည်းသောတရားဝင်ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်ယဉ်ငွေထံမှ GP အမှတ် ၅၉၅၊ ၇-၁-၁၄ ရသူ ဦးမင်းဇော်နိုင်ထွန်း [၁၂/သဃက(နိုင်)၀၂၅၅၇၈]က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

